# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၁၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁/၂၀၂၂) သို့ တက်ရောက်အမှာစကားပြောကြား

## ဒေသအတွင်း စပါးအထွက်နှုန်းတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်၍ ပြင်ပမှ ဝယ်ယူစားသုံးမှုများ လျှော့ချနိုင်ခြင်းဖြင့် ဒေသအတွင်း ငွေကြေးလည်ပတ်သုံးစွဲမှုများ ကောင်းမွန်ပြီး တိုးတက်မှုကို ဖြစ်ပေါ်စေမည်

နေပြည်တော် ဇန်နဝါရီ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁/၂၀၂၂) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁*

**ယနေ့** *ဖတ်စရာ*


သတင်းတု သတင်းမှားများကို သိရှိနိုင်သည့် နည်းလမ်းများ — ဆောင်းပါး စာ - ၈

နေတတ်ခြင်း — ဆောင်းပါး စာ - ၁၀

မိုင်းဆတ်မြို့၌ အချိန်အခါမဟုတ် မိုးသက်လေပြင်းတိုက်ခတ် ဌာနဆိုင်ရာရုံးနှင့် နေအိမ်အချို့ ထိခိုက်ပျက်စီး — ပြည်တွင်းသတင်း စာ - ၃၃

မြန်မာ့အလင်း

# ဆူကြုံနိမ့်မြင့် မကွာခြား တစ်သားတည်း စံစားကြရေး

ဒုတိယကမ္ဘာစစ်ကာလအတွင်း မြန်မာနိုင်ငံသည် စစ်မြေပြင်ဖြစ်ခဲ့ရာ စစ်အပြီးတွင် ပြာပုံမျှသာ ကျန်ရစ်ခဲ့ရသည်။ စစ်မဖြစ်မီက ကိုလိုနီနယ်ချဲ့တို့၏ စီးပွားရေးလုပ်ငန်းများမှာ မြေလှန်စနစ်ဖြင့် မီးရှို့ဖျက်ဆီးသွားခြင်းကြောင့် လည်းကောင်း၊ ဗုံးကြဲတိုက်ခိုက်မှုများကြောင့် လည်းကောင်း လုံးဝပျက်စီးသွားခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းက စစ်ကြီးပြီးသည့်နောက် ကမ္ဘာပေါ်မှာရှိသည့် နိုင်ငံများထဲမှ မိအေးနှစ်ခါနာဖြစ်သည့် မြန်မာနိုင်ငံလို နိုင်ငံမရှိသေးဟု ဆိုခဲ့သည်။

စစ်ဒဏ်ကြောင့် အခြေခံအဆောက်အအုံများနှင့် စီးပွားရေးအရင်းအမြစ်များ ပျက်စီးခဲ့ရသည့် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက်တွင်လည်း ပြန်လည်ထူထောင်ရေးကို ကောင်းစွာလုပ်ကိုင်ခွင့်မရခဲ့ဘဲ ပြည်တွင်းသောင်းကျန်းမှု သမိုင်းကြောင်းကိုပါ ထပ်မံဖြတ်သန်းခဲ့ရပြန်သည်။ ထိုအခါ မငြိမ်းချမ်း၍ မဖွံ့ဖြိုး၊ မဖွံ့ဖြိုး၍ မငြိမ်းချမ်းသည့် ကရွတ်ကင်းလျှောက် သံသရာတွင်း သက်ဆင်းခဲ့ရသည်။ တစ်ဖက်တွင်လည်း ကိုလိုနီနယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝမှာကတည်းက ဖွံ့ဖြိုးတိုးတက်မှုမရှိ ခေတ်နောက်ကျကျန်ခဲ့သည့် တောင်တန်းဒေသများတွင် နယ်ချဲ့တို့ သွေးခွဲခဲ့သည့် သံသရာတို့က တစ်စတစ်စနှင့် အမြစ်တွယ်လာခဲ့ပြီဖြစ်သည်။ တိုးတက်သော လူငယ်များ၏ ဦးဆောင်စည်းရုံးမှုဖြင့် တောင်တန်းဒေသနေ တိုင်းရင်းသားများက မြေပြန့်ဒေသ ပြည်မနှင့်အတူ လွတ်လပ်ရေးရယူရန် တစ်ခဲနက်ဆန္ဒပြုခဲ့ကြခြင်းကြောင့်သာ မြန်မာနိုင်ငံသည် လွတ်လပ်သော ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအဖြစ် မွေးဖွားလာခဲ့ရခြင်းဖြစ်သည်။

လွတ်လပ်ရေးရပြီးကာလ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အလျှိုအလျှိုပေါ်ပေါက်လာကြရာတွင် အကြောင်းပြချက်တစ်ရပ်မှာ ဖွံ့ဖြိုးမှုချင်းကွာခြားမှု၊ ဆူကြုံနိမ့်မြင့် ကွာခြားမှုများအပေါ် မကျေနပ်ကြခြင်းဖြစ်သည်။ စင်စစ်အားဖြင့် ဒုတိယကမ္ဘာစစ်အတွင်း စစ်တလင်း နှစ်ကြိမ်ဖြစ်ခဲ့ခြင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ တစ်နိုင်ငံလုံးတွင် ပေါ်ပေါက်လာခြင်း၊ ဆိုရှယ်လစ်စီးပွားရေးစနစ်ကျင့်သုံးမှု မအောင်မြင်ခြင်း စသည်တို့မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်ကာလ၏ သမိုင်းပင်ဖြစ်ပြီး နိုင်ငံမဖွံ့ဖြိုးခြင်းနှင့် မငြိမ်းချမ်းခြင်းတို့၏ အကြောင်းအကျိုးဆက်နေသော အချက်များပင်ဖြစ်သည်။

"အဲဒီ ဆူကြုံအနိမ့်မြင့် ကွာခြားမှုများတဲ့အတွက်ကြောင့် ပဋိပက္ခတွေ ကျွန်တော်တို့ ဖြစ်နေကြတယ်။ ပစ္စည်းမဲ့ဒေါသတွေ၊ ကွန်မြူနစ်စကား၊ နိုင်ငံရေးစကားပြောရရင် ပစ္စည်းမဲ့ဒေါသတွေဖြစ်တယ်။ ငါတို့မှာ မရှိဘူး၊ မင်းတို့မှာ ရှိတယ်။ ငါတို့မှာ မလုပ်ရဘူး၊ မင်းတို့မှာ လုပ်ရတယ်။ ငါတို့မှာ မစားရဘူး၊ မင်းတို့မှာ စားရတယ်။ ငါတို့မှာ မဝတ်ရဘူး၊ မင်းတို့မှာ ဝတ်ရတယ်။ ငါတို့မှာ ပညာမသင်ရဘူး၊ မင်းတို့မှာ သင်ရတယ်။ ဒါကွာခြားချက်တွေ ဖြစ်လာတဲ့အတွက်ကြောင့်ဖြစ်တယ်။ ဒီကွာခြားချက်ကို အနိမ့်ဆုံးဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်ပေးရမယ်" ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁/၂၀၂၂) သို့ တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ မငြိမ်းချမ်းခြင်းနှင့် မဖွံ့ဖြိုးခြင်းသံသရာမှ ရုန်းထွက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ကြိုးပမ်းသွားကြဖို့ပင်ဖြစ်သည်။

မိသားစုတစ်စုအတွင်းဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖြစ်စေ ဆင်းရဲမွဲတေခြင်းက ပြဿနာများစွာတို့၏ ရေသောက်မြစ်ဖြစ်သည်။ ဆင်းရဲမွဲတေခြင်းကို တိုက်ဖျက်နိုင်ရန်မှာ ဖွံ့ဖြိုးတိုးတက်အောင် အလုပ်လုပ်ကြဖို့ လိုအပ်သည်။ အလုပ်လုပ်ကြရာတွင်လည်း ဦးတည်ချက်များ ဆန့်ကျင်၍ ကိုယ်ထင်ရာကိုယ်လုပ်ကြ၍မရဘဲ မှန်ကန်သည့် ဦးတည်ချက်ဖြင့် တစ်စိတ်တည်း တစ်ဝမ်းတည်း ညီညွတ်စွာကြိုးပမ်းကြရမှာဖြစ်သည်။ ယင်းမှထွက်ပေါ်လာသည့် အကျိုးကျေးဇူးများကို ရယူခံစားကြရာတွင်လည်း ဆူကြုံနိမ့်မြင့် မကွာခြားစေရန်အတွက် "လိုသည့်နေရာကိုဖို့ရန် ပိုသည့်နေရာမှပို့" ကြရမည်သာဖြစ်သည်။ မိသားစုဟူသည် အေးအတူ ပူအမျှပင်ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မြင့်မားလာသည်နှင့်အမျှ တောင်တန်းမြေပြန့်၊ ပြည်နယ်ပြည်မ မကွဲမပြား တစ်သားတည်းဖြစ်တည်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကြည်ဇင်ထွန်း | ညွှန်ကြားရေးမှူးချုပ် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) | ဦးအေးကြွယ် | ညွှန်ကြားရေးမှူးချုပ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန |

## ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ် (သိပ္ပံအထူးပြုဘာသာရပ်) သင်တန်းများဖွင့်လှစ်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**

**၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ် (သိပ္ပံအထူးပြုဘာသာရပ်) သင်တန်းများဖွင့်လှစ်ခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ် (သိပ္ပံအထူးပြုဘာသာရပ်) သင်တန်းများ၏ လက်တွေ့နှင့် သင်ကြားပို့ချသင်တန်းများကို (၂၂-၁-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## (၁၂)ကြိမ်မြောက် မဲခေါင်စာပေဆုပြိုင်ပွဲအတွက် စာအုပ်များဖိတ်ခေါ်

**ရန်ကုန် ဇန်နဝါရီ ၂၀**

(၁၂) ကြိမ်မြောက် မဲခေါင်စာပေဆုနှင်းသဘင်ကို လာအိုနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည်ဖြစ်ရာ မဲခေါင်စာပေဆုပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်လိုသော စာအုပ်များကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ဖိတ်ခေါ်လျက်ရှိသည်။

ပြိုင်ပွဲဝင်စာမူရှင်သည် ဝတ္ထုတိုပေါင်းချုပ်နှင့် ကဗျာပေါင်းချုပ် ဘာသာရပ်နှစ်မျိုးအနက် တစ်မျိုးမျိုး၌သာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၂၀၂၀-၂၀၂၁ နှစ်များအတွင်း အင်္ဂလိပ် -မြန်မာ နှစ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်ဖြစ်ရမည်။

ထို့ပြင် ဝတ္ထုတိုပေါင်းချုပ်ဆုအတွက် ပြိုင်ပွဲဝင်စာအုပ်သည် ဦးတည်ရည်ရွယ်ချက်ကောင်းမွန်ပြီး စာဖတ်သူတို့အတွက် စိတ်ခွတ်ခွန်အားမြင့်မားစေအောင် ရသမြောက်စွာ ရေးဖွဲ့ထားသော စာပေအမျိုးအစားဖြစ်ရမည်။ ကဗျာပေါင်းချုပ်ဆုအတွက် မြန်မာ့ရိုးရာအစဉ်အလာကဗျာစပ်ထုံးစပ်နည်းနှင့် ညီညွတ်သော ရသမြောက်ကဗျာများဖြစ်ရမည်ဖြစ်ပြီး အနည်းဆုံး ကဗျာပုဒ်ရေ ၆၀ ပါဝင်ရမည်။

ပြိုင်ပွဲဝင်လျှောက်လွှာပုံစံများကို အသင်းရုံးတွင် ရယူဖြည့်စွက်ပြီး သတ်မှတ်ဝင်ကြေးနှင့်အတူ ဖေဖော်ဝါရီ ၄ ရက် နောက်ဆုံးထား၍ ပေးပို့တင်သွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲဆိုင်ရာ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံစာရေးဆရာအသင်းရုံး အမှတ် (၁၇၃/၁၇၅) (၇)လွှာ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်းနံပါတ်-၀၁၂၅၂၄၁၇ နှင့် ၀၉၄၅၀၀၉၀၄၈၆ တို့သို့ စုံစမ်းနိုင်သည်။

(၁၁)ကြိမ်မြောက် မဲခေါင်စာပေဆုရရှိသူများကို ကမ္ဘောဒီးယားနိုင်ငံတွင် အခမ်းအနားဖြင့် ဆုချီးမြှင့်ပေးအပ်ရန်ဖြစ်သော်လည်း ကိုဗစ်ရောဂါအခြေအနေကြောင့် ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ (၁၂)ကြိမ်မြောက် မဲခေါင်စာပေဆုနှင်းသဘင်၌ ပူးတွဲချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၀**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## နေရပ်စွန့်ခွာဒေသခံများ၏ ရင်သွေးငယ်များ စိတ်အာဟာရဖွံ့ဖြိုးစေရန် ကဗျာရွတ်၊ ပန်းချီဆွဲနည်းပြသ

**သီပေါ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပေါ်ကြိုဘုရားကြီး တိုက်ပွဲရှောင်စခန်း၌ ရောက်ရှိခိုလှုံနေကြသော နေရပ်စွန့်ခွာ တိုက်ပွဲရှောင်ဒေသခံပြည်သူများအား မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဆောင်သော ကြက်ခြေနီမောင်မယ်များသည် မိုင်းအန္တရာယ်အကြောင်း သိကောင်းစရာ ဟောပြောခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များကို အသိပညာပေး ဟောပြော ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တိုက်ပွဲရှောင် ပြည်သူများ၏ ရင်သွေးငယ်လေးများ စိတ်အာဟာရ ဖြစ်စေရေးအတွက် ကလေးကဗျာများ စုပေါင်းရွတ်ဆိုခြင်း၊ သီချင်းသီဆိုခြင်းနှင့် ရုပ်ပုံကာတွန်းများကို ဆေးရောင်စုံသွင်းခြယ်ခြင်းစသည့် စိတ်ပျော်ရွှင်ချမ်းမြေ့စေရန် အနုပညာများကို သင်ကြားပြသပေးပြီး အာဟာရမုန့်များဝေငှကြောင်း သိရသည်။

**စိုင်း(သီပေါ)**

❑ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဦးရွှေကြိမ်း၊ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး တို့ တက်ရောက်ကြသည်။

**အောင်မြင်သည့် ခရီးစဉ်တစ်ခုဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့ တာဝန်ယူခဲ့သည်မှာ ၁၁ လ ကြာမြင့်ခဲ့ပြီဖြစ်ပြီး မကြာမီအချိန်အတွင်း ၁ နှစ်ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် အလုပ်သဘောချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့ပြီး အာဆီယံရေးရာ ကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ အဓိကအားဖြင့် ၂၀၂၁ ခုနှစ် ဧပြီလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံထိပ်သီး အစည်းအဝေး ဘုံသဘောတူညီချက် ၅ ချက်နှင့် ပတ်သက်၍ ဦးတည်ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ပထမဆုံးအချက်ဖြစ်သည့် အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်နေသူများအနေဖြင့် အကြမ်းဖက်မှုရပ်ဆိုင်းပြီး တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်နှင့် အကြမ်းဖက်အဖွဲ့များ၏ ကွဲပြားခြားနားမှုများ၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးရရှိရန်အတွက် အမြဲမပြတ်ဆောင်ရွက်နေမှုများနှင့် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရေး ဖိတ်ခေါ်ဆွေးနွေးခဲ့ကြောင်း၊ အလားတူ အာဆီယံ လူသားချင်းစာနာထောက်ထားမှုနှင့် သက်ဆိုင်သည့် ထောက်ပံ့ပစ္စည်းများ ကူညီထောက်ပံ့နိုင်ရေးဆိုင်ရာ ကိစ္စများကိုလည်း ဆွေးနွေးနိုင်ခဲ့ပြီး မိမိတို့အနေဖြင့် လက်ခံပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း၊ အဆိုပါ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၏ အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ်သည် အောင်မြင်သည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းတင်ပြစဉ်။

**တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်နေ**

နိုင်ငံတော်၏ ယေဘုယျ အခြေအနေနှင့် ပတ်သက်ပြီး ပထမဦးစွာ နိုင်ငံရေးနှင့် ပတ်သက်၍ မိမိတို့ စတင်တာဝန်ယူချိန်တွင် ဆူပူမှုများ မရှိသလောက် နည်းပါးခဲ့သော်လည်း ဖေဖော်ဝါရီ ၃ ရက် နောက်ပိုင်းတွင် ပြင်းထန်လာခဲ့ပြီး တစ်နိုင်ငံလုံးအနေဖြင့် ၆၀ ရာခိုင်နှုန်းခန့်ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကာ နောက်ပိုင်းတွင်ပြန်လည်ကျဆင်းလာခဲ့ကြောင်း၊ ဆန္ဒပြမှုများအား ထောက်ခံသူများ ရှိသကဲ့သို့ ကန့်ကွက်သူများလည်း ရှိခဲ့ကြောင်း၊ သာမန်ဆန္ဒပြမှုများမှတစ်ဆင့် ဆူပူမှု၊ အကြမ်းဖက်မှု၊ ဖောက်ခွဲဖျက်ဆီးမှုနှင့် သတ်ဖြတ်မှုများအထိ ဆောင်ရွက်လာခဲ့ကြကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင်ဆက်လက် လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စစ်အုပ်ချုပ်ရေးအမိန့်များ သတ်မှတ်ရာတွင်လည်း အလွန်ဆိုးရွားသည့် နယ်မြေများကိုသာ သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် အချိန်ဖြစ်ကြောင်း။

**အားသာချက်ကိုအသုံးချရမည်**

မိမိတို့နိုင်ငံတွင် ကိုဗစ် - ၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ နိုင်ငံအတွင်း စီးပွားရေးနှင့် ပတ်သက်၍ များစွာထိခိုက်ခဲ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ စီမံခန့်ခွဲမှုအမှားများကြောင့် ၂၀၁၈ ခုနှစ်မှစတင်၍ ကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံ၏ ငွေကြေးတည်ငြိမ်မှုရှိစေရန်အတွက် တရားနည်းလမ်းမကျသည့် အခြားနည်းလမ်းများဖြင့် ထိန်းချုပ်ဆောင်ရွက်ခဲ့ခြင်းနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအား အားပေးဆောင်ရွက်မှုမရှိခဲ့ခြင်းများကြောင့် ကုန်သွယ်မှုလိုငွေများ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့် ရှိခဲ့ကြောင်း၊ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားချိန်တွင် နိုင်ငံများအားလုံး စီးပွားရေး ထိခိုက်ခဲ့ကြပြီး သယ်ယူပို့ဆောင်ရေး စရိတ်ကြီးမြင့်ခြင်း၊ ဝန်ဆောင်ခနှင့် ကုန်ထုတ်လုပ်မှုစရိတ်များ ကြီးမြင့်ခြင်းကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်လာကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ယူချိန်တွင် နိုင်ငံ၏ စီးပွားရေးပြန်လည်ကောင်းမွန်စေရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုမြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကမှာပြည်သူများအားလုံး ထမင်းမငတ်ရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သဖြင့် အဆိုပါ အားသာချက်ကိုအသုံးချရမည်ဖြစ်ကြောင်း၊ ယခုအခါ စားသောက်ကုန်များ အထိုက်အလျောက် ထုတ်လုပ်နိုင်ခဲ့၍ ပြည်ပပို့ကုန်များကို တိုးမြှင့်တင်ပို့နိုင်ပြီဖြစ်ကြောင်း။

**တတ်မြောက်အောင် သင်ကြားပေး**

လူမှုရေးနှင့်ပတ်သက်၍ စာသင်ကျောင်းများအား ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပိတ်ထားခဲ့ရပြီး ယခုအခါ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ကျောင်းတက်မှုနှုန်းများမှာ စတင်ဖွင့်လှစ်နိုင်ခဲ့သည့် အချိန်ထက် ကျောင်းတက်ရာခိုင်နှုန်းများ မြင့်တက်လာကြောင်း၊ သို့သော် ကျောင်းသား၊ ကျောင်းသူများ ရာနှုန်းပြည့် ကျောင်းတက်ရောက်နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေးဝန်ထမ်းများ CDM ပြုလုပ်မှုနှင့်ပတ်သက်၍လည်း ပညာရေးဝန်ထမ်းအများစုသည် အမျိုးသမီးများဖြစ်ပြီး အရှက်တရားနှင့် အကြောက်တရားများကို အသုံးချ၍ ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အရှက်ခွဲခံရခြင်းနှင့် အခြားသော အကြောင်း အမျိုးမျိုးကြောင့် CDM ပြုလုပ်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ၏ အနာဂတ်အတွက် ကျောင်းသား၊ ကျောင်းသူများအားလုံး စာမေးပွဲအောင်ရုံသာမက အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း၊ ထို့ကြောင့် တတ်နိုင်သမျှ ပညာရေးနှင့်ပတ်သက်၍ ရာနှုန်းပြည့် တိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တက္ကသိုလ်များကိုလည်း ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး ကျောင်းတက်ရာခိုင်နှုန်းများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း။

**အားကစားပွဲများ ကျင်းပနိုင်ရေး ခွင့်ပြုပေးထား**

ကျန်းမာရေးနှင့်ပတ်သက်၍ ဆရာဝန်များ CDM ပြုလုပ်ကြပြီး ဆူပူအကြမ်းဖက်သည့် အဖွဲ့များတွင် သွားရောက်နေကြသူများနှင့် ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများတွင် ဝင်ရောက်အလုပ်လုပ်ကိုင်ခြင်း၊ ကိုယ်ပိုင်ဆေးခန်းများ ဖွင့်လှစ်ခြင်းနှင့် ပြည်ပသို့ သွားရောက်ခြင်းများရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေမှုများရှိကြောင်း၊ အားကစားနှင့်ပတ်သက်၍လည်း ကိုဗစ်ရောဂါဖြစ်ပွားမှုကြောင့် အားကစား ဆောင်ရွက်မှုများကို ရပ်တန့်ထားခဲ့ရပြီး ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားကစားပွဲများ ကျင်းပနိုင်ရေး ပြန်လည်ခွင့်ပြုပေးထားကာ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်လျက်ရှိကြောင်း။

**ဒေသတည်ငြိမ်ရေးအတွက် ဆောင်ရွက်**

လုံခြုံရေးနှင့်ပတ်သက်၍ လက်နက်ကိုင်ပဋိပက္ခနှင့်ပတ်သက်ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်မရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် နောက်ပိုင်းမှ ပေါ်ပေါက်လာသည့် အကြမ်းဖက်အဖွဲ့ အစည်းများရှိကြောင်း၊ မိမိတို့အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများအမြဲမပြတ်ဆောင်ရွက်လျက်ရှိပြီး လက်မှတ်ရေးထိုးထားခြင်း မရှိသောအဖွဲ့များနှင့်လည်း အလွတ်သဘောဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ အဆိုပါအဖွဲ့များထဲတွင် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အဖွဲ့ထဲတွင် ပါဝင်သည့် KIA နှင့် KNPP အဖွဲ့တို့သည် CDM ပြုလုပ်ခဲ့သည့်အဖွဲ့များကို ထောက်ပံ့ပေးပြီး ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် လက်နက်ခဲယမ်းများ ထောက်ပံ့ပေးခြင်း၊ ၎င်းတို့ကိုယ်တိုင် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်၍ လမ်းကြောင်းများ၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း လုပ်ရပ်များတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ယခုအခါ ကယားပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ပြီး မိမိတို့အနေဖြင့် ဒေသတည်ငြိမ်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ချင်းပြည်နယ် ထန်တလန်မြို့တွင်လည်း ချင်းပြည်နယ် NLD အဖွဲ့နှင့် CNF အဖွဲ့များပူးပေါင်း၍ အကြမ်းဖက်မှုများနှင့် မီးရှို့ဖျက်ဆီးခဲ့မှုများကြောင့် အပြစ်မဲ့ပြည်သူများ၏ အိမ်များ မီးလောင်ကျွမ်းပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင်လည်း အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ကြောင်း၊

*စာမျက်နှာ ၄ သို့*

**“ မိမိတို့နိုင်ငံတွင် ကိုဗစ် - ၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ နိုင်ငံအတွင်း စီးပွားရေးနှင့်ပတ်သက်၍ များစွာထိခိုက်ခဲ့ရ၊ မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ စီမံခန့်ခွဲမှုအမှားများကြောင့် ၂၀၁၈ ခုနှစ်မှစတင်၍ ကျဆင်းမှုများဖြစ်ပေါ်ခဲ့၊ နိုင်ငံ၏ ငွေကြေးတည်ငြိမ်မှုရှိစေရန်အတွက် တရားနည်းလမ်းမကျသည့် အခြားနည်းလမ်းများဖြင့် ထိန်းချုပ်ဆောင်ရွက်ခဲ့ခြင်းနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအား အားပေးဆောင်ရွက်မှုမရှိခဲ့ခြင်းများကြောင့် ကုန်သွယ်မှုလိုငွေများ နှစ်စဉ်အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့်ရှိခဲ့၊ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားချိန်တွင် နိုင်ငံများအားလုံး စီးပွားရေးထိခိုက်ခဲ့ကြပြီး သယ်ယူပို့ဆောင်ရေး စရိတ်ကြီးမြင့်ခြင်း၊ ဝန်ဆောင်ခနှင့် ကုန်ထုတ်လုပ်မှုစရိတ်များ ကြီးမြင့်ခြင်းကြောင့် ကုန်ဈေးနှုန်းများမြင့်တက်လာ၊ ထို့ကြောင့် မိမိတို့တာဝန်ယူချိန်တွင် နိုင်ငံ၏ စီးပွားရေးပြန်လည်ကောင်းမွန်စေရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို မြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိ၊ အဓိကမှာ ပြည်သူများအားလုံး ထမင်းမငတ်ရန်ဖြစ်၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သဖြင့် အဆိုပါ အားသာချက်ကို အသုံးချရမည်၊ ယခုအခါ စားသောက်ကုန်များ အထိုက်အလျောက် ထုတ်လုပ်နိုင်ခဲ့၍ ပြည်ပပို့ကုန်များကို တိုးမြှင့်တင်ပို့နိုင်ပြီဖြစ် ”**

# အမျိုးသားပညာရေးဥပဒေနှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေများနှင့် ပတ်သက်၍လည်း ခေတ်ကာလနှင့် လိုက်လျောညီထွေစွာ ပြန်လည်စဉ်းစားလုပ်ဆောင်သင့်သည်များ လုပ်ဆောင်ရမည်

- လုံခြုံရေးနှင့်ပတ်သက်၍ လက်နက်ကိုင်ပဋိပက္ခနှင့် ပတ်သက်ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၊ လက်မှတ်မရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် နောက်ပိုင်းမှ ပေါ်ပေါက်လာသည့် အကြမ်းဖက် အဖွဲ့အစည်းများရှိ
- မိမိတို့အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများအမြဲမပြတ်ဆောင်ရွက်လျက်ရှိပြီး လက်မှတ်ရေးထိုးထားခြင်းမရှိသောအဖွဲ့များနှင့်လည်း အလွတ်သဘော ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိ

*စာမျက်နှာ ၃ မှ*

မိမိတို့အနေဖြင့် CDM ပြုလုပ်ပြီး အကြမ်းဖက်မှုများ ဆောင်ရွက်နေသူများအား ဖမ်းဆီးရမိခဲ့ပြီး အချို့ကိုလည်း သတင်းထုတ်ပြန်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအောက်ပိုင်း အကြမ်းဖက်မှုများ ဆောင်ရွက်ရေးအတွက် ဦးဆောင်ပြီး ဆောင်ရွက်နေသည့် NLD ပါတီမှ ဖြိုးဇေယျာသော် အား ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ အကြမ်းဖက်မှုများ ဆောင်ရွက်နေသူများကို ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ပစ်ခတ်သတ်ဖြတ်မှုများ နည်းပါးလာပြီဖြစ်ကြောင်း၊ အပြစ်မဲ့ ပြည်သူများနှင့် ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်ရေး ဝန်ထမ်းများအား အကြောင်းမဲ့သတ်ဖြတ်ခြင်းသည် နိုင်ငံတော်အစိုးရအား ဆန့်ကျင်ခြင်း မဟုတ်ဘဲ တိုင်းပြည်ပျက်စီးစေရန်အတွက် ပြုလုပ်နေသော မိုက်မဲသည့် အပြုအမူများပင်ဖြစ်ကြောင်း။

## ခိုင်မာအောင်ဆောင်ရွက်နေရန်လို

လာမည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် စိန်ရတု ပြည်ထောင်စုနေ့သည် နိုင်ငံတော်အတွက် ထူးခြားလေးနက်သည့် နေ့တစ်နေ့ဖြစ်သဖြင့် ပြည်ထောင်စုနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အလားတူ ၂၀၂၃ ခုနှစ်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့သည် စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်ကြောင်း၊ မိမိအနေဖြင့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် ၇၅ နှစ်ကြာပြီဖြစ်သည့် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု ခိုင်မာနေရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို မကြာခဏ ခြိမ်းခြောက်ခံနေရပြီး နိုင်ငံ၏ စုစည်းညီညွတ်သည့်အားဖြင့် ခိုင်မာအောင် ဆောင်ရွက်နေရန်လိုကြောင်း၊ လွတ်လပ်ရေးမှ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ခံစားနိုင်အောင် ဆောင်ရွက်ရန်လိုအပ်သဖြင့် မိမိအနေဖြင့် ယခုနှစ်တွင် နိုင်ငံ၏အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးကိုဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ခဲ့ပြီး ခြေလှမ်းသစ် စတင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်နောက်ပိုင်း ရရှိခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ်တွင် အခြေခံပြီး ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## အလေးထားအကောင်အထည်ဖော်

NLD အစိုးရလက်ထက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် ပါဝင်သည့် ပုဒ်မ ၅၉(စ) ကို ပြင်ဆင်ရန်အတွက် မိမိထံသို့ မကြာခဏ လာရောက် ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ၂၀၁၁ -၂၀၁၅ ကာလတွင် ဆောင်ရွက်ခဲ့သကဲ့သို့ ၂၀၁၅ -၂၀၂၀ ကာလတွင်လည်း ခေတ်ကာလနှင့် ကိုက်ညီအောင် ပြင်ဆင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) သည် ၁၉၉၀ ပြည့်နှစ်ခန့်မှ စတင်၍ အခြေတည်ခဲ့ခြင်းဖြစ်သဖြင့် လတ်တလော အခြေအနေနှင့် ကိုက်ညီမှု မရှိနိုင်သည်များရှိသဖြင့် ပြင်ဆင်ရန်ရှိသည်များကို နားလည်သဘောပေါက်ကြောင်း၊ သို့သော် ဒို့တာဝန်အရေးသုံးပါးကို ထိပါးစေမည့်အချက်များအား လုံးဝထိခိုက်၍မရကြောင်း၊ မိမိတို့သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို သွားနေခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုဟူသော စကားသည် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ရွေးချယ်ခဲ့ခြင်းဖြစ်သဖြင့် မိမိတို့အနေဖြင့် အလေးထားအကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုကို အခြေခံ၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံးနှင့်ပတ်သက်၍ ဖက်ဒရယ်နိုင်ငံကြီးများ၌ ဒီမိုကရေစီနှင့်ဖက်ဒရယ်တွင် တူညီသည့် အခွင့်အရေးကိုသာ ပေးထားကြောင်း၊ တိုင်းရင်းသား အားလုံးတူညီသည့် အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်တည်း ဦးစားပေး၍မရနိုင်ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေး လုပ်ငန်းများဆောင်ရွက်ရာတွင် NCA နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အပေါ်တွင် အခြေခံ၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးကို ထိခိုက်မှု မရှိပါက လက်ခံဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

## ပညာရေးမြှင့်တင်မှု လုပ်ပေးရမယ်

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ မျှတမှုရှိရန်နှင့် ပတ်သက်ပြီး ပြောကြားရာတွင် "ငြိမ်းချမ်းရေးကိစ္စနဲ့ ဆက်စပ်ပြီးတော့ ဖြစ်နေတဲ့ ကိစ္စတွေမှာ ပြည်နယ်နဲ့ တိုင်း ဖွံ့ဖြိုးတိုးတက်မှု မမျှတာတွေရှိတယ်။ တခြားမပြောနဲ့ ရန်ကုန်နဲ့ မန္တလေးတောင် ဖွံ့ဖြိုးတိုးတက်မှုမတူဘူး။ ရန်ကုန်နဲ့ မော်လမြိုင်မတူဘူး၊ ရန်ကုန်နဲ့ ပုသိမ်မတူဘူး။ မတူညီချက်တွေ။ ကွာခြားချက်တွေရှိတယ်။ ရန်ကုန်ကတော့ ရန်ကုန်မြို့ပေါ်နဲ့ အစွန်အဖျားမှာရှိတဲ့၊ ဥပမာ ကွမ်းခြံကုန်းတို့၊ တွံတေးတို့၊ ကော့မှူးတို့၊ ဒလတို့၊ မှော်ဘီတို့၊ တိုက်ကြီးတို့၊ အစွန်ဒေသတွေပေါ့။ ဖွံ့ဖြိုးတိုးတက်မှုတွေကမြို့ပေါ် နဲ့မတူဘူး။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးမတူပါဘူး၊ ကွာခြားမှုရှိပါတယ်။ ကျွန်တော်တို့ လိုအပ်တာဘာလဲဆိုရင်၊ တစ်နိုင်ငံလုံးမှာရှိတဲ့၊ ဒေသအားလုံးဟာ ဆူကြုံအနိမ့်အမြင့်ကွာခြားမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးဖို့လိုတယ်။ အဲဒီဆူကြုံအနိမ့်အမြင့် ကွာခြားမှုများတဲ့အတွက်ကြောင့် ပဋိပက္ခတွေ ကျွန်တော်တို့ ဖြစ်နေကြတယ်။ ပစ္စည်းမဲ့ဒေါသတွေ။ ကွန်မြူနစ်စကား၊ နိုင်ငံရေးစကားပြောရရင် ပစ္စည်းမဲ့ဒေါသတွေ ဖြစ်တယ်။ ငါတို့မှာမရှိဘူး။ မင်းတို့မှာ ရှိတယ်။ ငါတို့မှာ မလုပ်ရဘူး။ မင်းတို့မှာ လုပ်ရတယ်။ ငါတို့မှာ မစားရဘူး။ မင်းတို့မှာ စားရတယ်။ ငါတို့မှာ မဝတ်ရဘူး။ မင်းတို့မှာ ဝတ်ရတယ်။ ငါတို့မှာ ပညာမသင်ရဘူး။ မင်းတို့မှာ သင်ရတယ်။ ဒါကွာခြားချက်တွေ ဖြစ်လာတဲ့အတွက်ကြောင့်ဖြစ်တယ်။ ဒီကွာခြားချက်ကို အနိမ့်ဆုံးဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်ပေးရမယ်။ ဟိုတစ်နေ့က ကျွန်တော် ပညာရေးမှာ ပြောပြတယ်။ ထားဝယ်မှာလည်း ကျွန်တော် ပြောတယ်။ မြိတ်မှာလည်း ကျွန်တော်ပြောတယ်။ ကျွန်းစုမှာလည်း ကျွန်တော်ပြောတယ်။ ပညာရေး ကွာခြားမှုတွေ သိပ်များနေပါတယ်။ အဲဒီတော့ ပညာရေး ကွာခြားမှုမများအောင် ကျွန်တော်တို့ရအောင် လုပ်ရလိမ့်မယ်။ ဒါကြောင့် KG+9 ကို ပြည်နယ်နှင့် တိုင်း အားလုံးကို ရအောင်လုပ်ပေးရမယ်။ ပညာရေးမြှင့်တင်မှု လုပ်ပေးရမယ်။ ပြည်နယ်နှင့် တိုင်းတွေမှာလုပ်နေတဲ့ စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းတွေကို ပိုပြီးတော့ ငွေပိုပေးရမယ်။ ဥပမာအားဖြင့် ချင်းတို့၊ ကယားတို့ ပိုပေးဖို့လိုတယ်။ ကျွန်တော် ပြောပြတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဒီဟာကို စိတ်ဝင်စားတယ်။ မျက်ခြည်မပြတ် ကြည့်နေတယ်။ ဘယ်လို အခြေအနေပေးရင် ဘယ်လိုလုပ်မလဲဆိုတာကို စောင့်ကြည့်နေတယ်။ ဆိုလိုတာကတော့ ဒေသတွင်းနဲ့ ဒေသအလိုက် ကွာခြားမှုတွေ မကြီးမားအောင် ကျွန်တော်တို့ သွားရမယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဒါတွေကွာခြားချက်တွေ။ ဒေသတွင်း၊ ဒေသအလိုက် ကွာခြားချက်မများအောင် ပြန်လုပ်ရမယ့်ဟာ ရှိပါတယ်။ ဒီလိုသွားနိုင်ဖို့ဆိုရင် အဓိကအားဖြင့် ပညာတတ်တွေ အများကြီးလိုပါတယ်။ စီးပွားရေးလုပ်မလား။ ပညာမတတ်ရင် ဘာမှ လုပ်လို့မရပါဘူး။ ကျန်းမာရေး ကောင်းအောင် လုပ်မလား။ စားရေးသောက်ရေး နေရေးထိုင်ရေး မြင့်ဖို့အတွက်ဆိုလည်း ပညာမတတ်ဘဲ၊ ဝင်ငွေမရှိဘဲ လုပ်လို့မရဘူး။ မှောင်ခိုချ နေလို့မရဘူး။ မူးယစ်ဆေးဝါး လုပ်နေလို့မရဘူး။ Illegal Trade မှာ၊ ဒီ Production မှာ သွားလုပ်လို့မရဘူး။ တရားဥပဒေနှင့်အညီ၊ သမာအာဇီဝလုပ်ငန်းတွေနဲ့ပဲ ကြီးပွားချမ်းသာအောင်လုပ်ပေးရမယ်။ အဲ့ဒါဆိုရင်တော့ အတတ်ပညာ၊ အသိပညာမရှိလို့မရဘူး။ ပညာရေးမြှင့်တင်မှုမလွဲမသွေ လုပ်ပေးရမယ်။ ကျေးလက်အရောက် ပညာရေး မြှင့်တင်မှုတွေကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ တိုင်းပြည်အတွက် အရေးကြီးပါတယ်။ အနာဂတ်အတွက် အရေးကြီးပါတယ် " ဟု ပြောကြားသည်။

## တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ပညာရေးမြှင့်တင်မှုများ ဆောင်ရွက်ပေးရာတွင် ကျောင်းသား၊ ကျောင်းသူများအားလုံး စဉ်ဆက်မပြတ် တန်းစဉ်ကူးပြောင်းနိုင်ရေးအတွက် အတန်းပညာများ အမှန်တကယ် တတ်မြောက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများပြည့်စုံရန်နှင့် ဆရာ၊ ဆရာမများအားလုံး ဘာသာရပ်အလိုက် ပညာရပ်များအား တတ်ကျွမ်းရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ဆရာ၊ ဆရာမများ၏ လိုအပ်ချက်များကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုပြီး စားသောက်ရေး၊ နေထိုင်ရေးနှင့် ဘဝရပ်တည်နိုင်ရေးအတွက် အာမခံချက်များရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အုပ်ချုပ်မှုနှင့်ပတ်သက်၍လည်း တာဝန်ထမ်းဆောင်မှုနှင့် ပညာအရည်အချင်းနှင့် အဆင့်အလိုက် ထောက်ပံ့ဆောင်ရွက် ပေးသွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးမြှင့်တင်မှုများ ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားရန်အချက်များ များစွာရှိကြောင်း၊ အလားတူ ကျန်းမာရေး ဝန်ထမ်းများ မွေးထုတ်မှုနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် ဆရာဝန်များ အခက်အခဲရှိကြောင်း၊ ဆရာဝန်များ မွေးထုတ်မှုနှင့်ပတ်သက်၍ လာမည့်ပညာသင်နှစ်များတွင် ပညာသင်ကြားရေး၌ နိုင်ငံတော်တာဝန်ထမ်းဆောင်မည့်သူမဟုတ်ဘဲ မိမိကိုယ်ပိုင်ဆေးကုသခြင်း လုပ်ငန်းဆောင်ရွက်မည်ဆိုပါက ပညာသင်ကြားရေးတွင် ငွေကြေးကောက်ခံမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၅ သို့*

**" မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို မကြာခဏခြိမ်းခြောက်ခံနေရပြီး နိုင်ငံ၏ စုစည်းညီညွတ်သည့်အားဖြင့် ခိုင်မာအောင် ဆောင်ရွက်နေရန်၊ လွတ်လပ်ရေးမှ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ခံစားနိုင်အောင် ဆောင်ရွက်ရန်လိုအပ်သဖြင့် မိမိအနေဖြင့် ယခုနှစ်တွင် နိုင်ငံ၏ အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးကိုဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ခဲ့ပြီး ခြေလှမ်းသစ် စတင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့၊ ၂၀၁၁ ခုနှစ် နောက်ပိုင်းရရှိခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ်တွင် အခြေခံပြီး ဆွေးနွေးဆောင်ရွက်သွားမည် "**

*စာမျက်နှာ ၄ မှ*

ထိုသို့ဆောင်ရွက်သွားမှသာ နိုင်ငံတော်ရှိ ဆေးရုံများအတွက် လိုအပ်သည့် ဆေးဝန်ထမ်းများ လုံလောက်စွာ ဖြည့်တင်းနိုင်မည်ဖြစ်ကြောင်း၊ အမျိုးသားပညာရေးဥပဒေနှင့် အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေများနှင့် ပတ်သက်၍လည်း ခေတ်ကာလနှင့် လိုက်လျောညီထွေစွာ ပြန်လည်စဉ်းစားလုပ်ဆောင်သင့်သည်များ လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

### ရာနှုန်းပြည့်နီးပါး အောင်မြင်မှုရရှိ

မိုးစပါးစိုက်ပျိုးမှုနှင့် ပတ်သက်၍လည်း ယခုနှစ်အတွင်း စိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းပြီး ရာနှုန်းပြည့်နီးပါး အောင်မြင်မှုရရှိကြောင်း၊ သို့သော် အထွက်နှုန်း ပျမ်းမျှရာခိုင်နှုန်း တင်း ၇၀ ကျော်ခန့်သာရှိသဖြင့် ရည်မှန်းချက်ဖြစ်သည့် တင်း ၁၀၀ ထွက်ရှိနိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စပါးအထွက်နှုန်းအား ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပနိုင်ငံများသို့တင်ပို့ ရောင်းချနိုင်သောကြောင့် နိုင်ငံခြားဝင်ငွေများ ရရှိမည်ဖြစ်သကဲ့သို့ တောင်သူများအနေဖြင့်လည်း ငွေကြေးပိုမိုရရှိပြီး ပြည်တွင်းငွေကြေးလည်ပတ်မှုကို ပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း၊ အလားတူ အခြားစိုက်ပျိုးရေး သီးနှံများနှင့် မွေးမြူရေးထုတ်ကုန်များကိုလည်း ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန် လိုအပ်သဖြင့် ကောင်စီအဖွဲ့ဝင်များအနေဖြင့်လည်း မိမိတို့ရောက်ရှိရာ ဒေသများတွင် တိုက်တွန်းပြောကြားကြစေလိုကြောင်း။

### ပြင်ပမှ ဝယ်ယူစားသုံးမှုများလျှော့ချ

ဒေသဝမ်းစာဖူလုံရေးနှင့် ပတ်သက်၍ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝမ်းစာဖူလုံမှုမရှိသဖြင့် ဒေသအလိုက် ဝယ်ယူစားသုံးရမှုများရှိကြောင်း၊ ထို့ကြောင့် ဒေသအတွင်း စပါးအထွက်နှုန်းတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်၍ ပြင်ပမှ ဝယ်ယူ စားသုံးမှုများလျှော့ချနိုင်ခြင်းဖြင့် ဒေသအတွင်း ငွေကြေးလည်ပတ်သုံးစွဲမှုများ ကောင်းမွန်ပြီး ဒေသတွင်းတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ထို့အတူ စားသုံးဆီများ ပြည်ပမှ တင်သွင်းမှုလျှော့ချနိုင်ရေးအတွက် မကွေးတိုင်းအား ပထမဆီအိုး၊ တနင်္သာရီတိုင်းဒေသကြီးသည် ဒုတိယဆီအိုးဖြစ်သကဲ့သို့ ရှမ်းပြည်နယ်သည်လည်း ပဲပုပ်၊ နေကြာ၊ နှမ်းနှင့် ပန်းနှမ်းများ စိုက်ပျိုးနိုင်သဖြင့် ဆီထွက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ရှမ်းပြည်နယ်ကိုလည်း တတိယဆီအိုးအဖြစ် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးကိုလည်း မိမိတို့နိုင်ငံ၏ စပါးကျီအဖြစ် သတ်မှတ်ထားကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းများစိုက်ပျိုးရာတွင် ရယူထားသည့် အချို့မြေများပေါ်တွင် စိုက်ပျိုးမှုများ ဆောင်ရွက်ထားခြင်းမရှိသည်ကို တွေ့ရှိရသဖြင့် စည်းကမ်းနှင့်အညီ ဆက်လက်၍ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ပြည်ပမှတင်ပို့မှုများကို လျှော့ချ

နိုင်ငံခြားကုန်သွယ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်လျက်ရှိကြကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်သည့် နိုင်ငံတိုင်းတွင် ပြည်တွင်းတိုင်းရင်းသားများ ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်ကြရကြောင်း၊ မိမိတို့နိုင်ငံသည် ၁၉၈၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းနိုင်ရေးအတွက် တပ်မတော်က နိုင်ငံတော်တာဝန်အား စတင်တာဝန်ယူချိန်တွင် ဈေးကွက်စီးပွားရေးစနစ်ကို စတင်ဖော်ဆောင်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ၁၉၉၀ ပြည့်နှစ်တွင် စတင်လက်ခံခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင် မိမိတို့နိုင်ငံ၌ စင်ကာပူနိုင်ငံက ရင်းနှီးမြှုပ်နှံမှုအများဆုံး၊ တရုတ်နိုင်ငံက ဒုတိယအများဆုံးနှင့် ထိုင်းနိုင်ငံက တတိယအများဆုံးဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံရေးအကျပ်အတည်းများကြောင့် ရင်းနှီးမြှုပ်နှံမှုများ တုံ့ဆိုင်းခြင်းနှင့် ခေတ္တရပ်ဆိုင်းသွားခြင်းများရှိကြောင်း၊ နိုင်ငံခြားကုန်သွယ်မှုတွင် ယခင်နှစ်များက နှစ်စဉ်လိုငွေ ၁ ဘီလီယံခန့်ရှိခဲ့ပြီး ယခု ၂၀၂၀-၂၀၂၁ ခုနှစ်မှစ၍ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၅၃၂ ဒသမ ၃၆ သန်းရှိခဲ့ကြောင်း၊ ဆီသုံးစွဲမှုများကိုပါ လျှော့ချနိုင်မည်ဆိုပါက ကုန်သွယ်မှုပိုငွေများ ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း ၊အလားတူ ပြည်တွင်းကုန်ထုတ်လုပ်မှု မြှင့်တင်ရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုပြီး ပြည်ပမှတင်ပို့မှုများကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

### ခရိုင်အဆင့်များကို ထပ်မံတိုးချဲ့ဖွဲ့စည်း

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ရပ်ကွက်၊ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ နိုင်ငံတော်အဆင့်ဟူ၍ အဆင့်ဆင့်ရှိကြောင်း၊ အုပ်ချုပ်မှုလုပ်ငန်းများ ယခုထက် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်အဆင့်များကို ထပ်မံတိုးချဲ့ဖွဲ့စည်းရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

တိုးတက်ရေးကို ကြိုးစားနေရတာပါပဲ။ အကုန်လုံးကတော့ မိဘဆိုတာ သားသမီးကို ဆင်စီးပြီး မြင်းရံတာ မြင်ချင်သလိုပါပဲ။ အစိုးရဆိုတာလည်း ပြည်သူပြည်သားတွေချမ်းသာဖို့ အတွက်။ အာဏာရှင်တွေကလွဲရင်ပေါ့။ အာဏာရှင်တွေက ဒီလိုမျိုးစိတ်ရှိချင်မှလည်း ရှိလိမ့်မယ်။ သာမန်အားဖြင့် နိုင်ငံတစ်ခုကို ဦးဆောင်နေတဲ့ အစိုးရတို့၊ အဖွဲ့အစည်းတွေဆိုတာကတော့ ကိုယ်စားပြုပြီးသားတွေ၊ ကိုယ့်တိုင်းပြည်ချမ်းသာကြွယ်ဝဖို့အတွက် လိုလားတာဖြစ်ပါတယ်။ အကုန်လုံးကြိုးစားနေတာ။ မကြိုးစားရင်၊ မလုပ်ရင် ဘာမှမဖြစ်ပါဘူး။ လုပ်မှရမှာ။ အလကားနေပြီးတော့ သဘာဝကပေးတဲ့ဟာလေးနဲ့ ကျေနပ်နေလို့မဖြစ်ဘူး။ ငြိမ်နေလို့လည်း မရဘူး။ တချို့လည်း မိရိုးဖလာချမ်းသာလို့ ဆိုပြီးတော့ ချမ်းသာကြတာတွေရှိတယ်။ တိုင်းပြည်ရဲ့ ထုတ်ကုန်ပစ္စည်းအရ ချမ်းသာတာ။ ဥပမာအားဖြင့် ပင်လယ်ကွေ့ နိုင်ငံတွေဆိုလို့ရှိရင် အရင်တုန်းက ဆင်းရဲတယ်။ ရေနံတို့၊ ဓာတ်ငွေ့တို့ ထွက်လာတဲ့အခါမှာ ကမ္ဘာမှာ အချမ်းသာဆုံး တိုင်းပြည်တွေ ဖြစ်လာကြတယ်။ ပေးတဲ့သဘာဝကိုက ဖြစ်လာတာ။ ဒီလိုမှမဟုတ်ဘဲနဲ့ သာမန်အားဖြင့်ရှိတဲ့ နိုင်ငံတွေအားလုံးကတော့ ကြိုးစားအားထုတ်မှုနဲ့ အလုပ်လုပ်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုပဲ လူဆိုတာလည်း အလုပ်လုပ်မှ ကြိုးစားမှပဲ တိုးတက်မှုဆိုတာ ဖြစ်လာလိမ့်မယ်။ ဘာမှမလုပ်ရင်တော့ ကျန်ခဲ့မှာပဲဖြစ်တယ်။ ကျွန်တော်တို့တိုင်းပြည် ဘာမှမလုပ်ရင် ကျွန်တော်တို့တိုင်းပြည် ကျန်ခဲ့လိမ့်မယ်။

တစ်ခါ အလုပ်အကိုင် အခွင့်အလမ်းနဲ့ ပတ်သက်လို့ရှိရင်လည်း နိုင်ငံမှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ လုပ်ရတဲ့ နယ်ပယ်တွေ အများကြီးရှိတယ်။ ဒီမှာလုပ်ကြဖို့ ကျွန်တော်လမ်းကြောင်းတွေဖွင့်ပေးထားတယ်။ ဒီအပေါ်မှာလည်း စနစ်တကျနဲ့ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတွေ ကျွန်တော်တို့ ကြိမ်ဖန်များစွာပေါ့လေ တိုက်တွန်းတယ်၊ နှိုးဆော်တယ်၊ ပညာပေးတယ်။ အစိုးရဌာနများကလည်း ဦးဆောင်ပြီး လုပ်ပေးတယ်။ သို့သော်လည်းပဲ တကယ်လုပ်ရမှာက ဘယ်သူလဲဆိုရင် တာဝန်ရှိတဲ့ ကာယကံရှင်တွေကပဲ လုပ်ကြရမှာဖြစ်တယ်။ သူတို့လုပ်ကြရမှာ။ သူတို့ မလုပ်ရင်တော့ ဒီအကျိုးအမြတ်ကို ခံစားရမှာမဟုတ်ဘူး။ ဒီအသီးအပွင့်ကို ခံစားရမှာ မဟုတ်ဘူး။ စောစောက ကျွန်တော်ပြောတယ်။ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေ ခံစားချင်တယ်ဆိုရင်လည်း အလုပ်လုပ်မှပဲ ခံစားရမယ်။ အလုပ်မလုပ်ဘဲနဲ့တော့ မခံစားရနိုင်ဘူး။ ပညာမသင်ဘဲနဲ့ ပညာတတ်တွေ ဖြစ်နိုင်စရာအကြောင်းမရှိဘူး။ ပညာသင်မှပဲ ပညာတတ်တွေ ဖြစ်နိုင်တယ်။ ပညာတတ်တွေဖြစ်လာမှပဲ အလုပ်အကိုင် အခွင့်အလမ်းတွေကပိုပြီးတော့မှ တိုးတက်ဖန်တီးနိုင်ခွင့်တွေ ပိုရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ သတိထားပြီး လုပ်ဖို့လိုပါတယ်။ ကိုယ်မကြိုးစားရင် ကိုယ့်ကိုသူများက ကျော်တက်သွားမှာပဲ။ အချင်းချင်းကြည့်လိုက်ပါဗျာ မကြိုးစားတဲ့သူတွေ ကျန်ခဲ့တာပဲ။ ကြိုးစားတဲ့သူတွေ ကျော်သွား

❋ **တိုင်းရင်းသားအားလုံးနှင့်ပတ်သက်၍ ဖက်ဒရယ်နိုင်ငံကြီးများ၌ ဒီမိုကရေစီနှင့် ဖက်ဒရယ်တွင် တူညီသည့် အခွင့်အရေးကိုသာပေးထား**

❋ **တိုင်းရင်းသားအားလုံး တူညီသည့်အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်တည်း ဦးစားပေး၍မရနိုင်ကြောင်း**

❋ **ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် NCA နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် အခြေခံ၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ထိခိုက်မှုမရှိပါက လက်ခံဆွေးနွေးသွားမည်**

### ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစား

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် " **နိုင်ငံတွေမှာလည်း ဖွံ့ဖြိုးဆဲနိုင်ငံ၊ ဖွံ့ဖြိုးပြီးနိုင်ငံ၊ နောက် ဖွံ့ဖြိုးမှု အမြန်ဆုံးနိုင်ငံ OECD နိုင်ငံ၊ အဲဒါတွေရှိတယ်ဆိုပြီးတော့ ကုလသမဂ္ဂကနေ ပြောထားတာတွေရှိတယ်။ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး နိုင်ငံများ စာရင်း (Least Developed Countries) ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် ၄၆ နိုင်ငံ ရှိပါတယ်။ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလက ထုတ်ပြန်တဲ့ကိန်းဂဏန်းအရ။ ဖွံ့ဖြိုးဆဲနိုင်ငံကတော့ ၁၅၂ နိုင်ငံရှိပါတယ်။ နောက်တစ်ခါ စက်မှုထိပ်သီးနိုင်ငံ G-7။ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ယူနိုက်တက်ကင်းဒန်း၊ ယူနိုက်တက်စတိတ်၊ နောက် အီးယူနိုင်ငံတွေ ပါပါတယ်။ နောက် OECD နိုင်ငံတွေ၊ အားလုံး ၃၈ နိုင်ငံရှိပါတယ်။ နိုင်ငံတိုင်းမှာ Class ခွဲလိုက်ရင် အဲဒီလိုသွားတွေ့တယ်။ ဆိုလိုတာက နိုင်ငံတွေက ကြိုးစားနေရတာပါပဲ။ ကိုယ့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက်။ အထူးသဖြင့် နိုင်ငံကိုဦးဆောင်တဲ့ အဖွဲ့အစည်းတွေကနေပြီးတော့ ကိုယ့်နိုင်ငံ ဖွံ့ဖြိုး**

ရပ်နေလို့မရဘူး။ အကုန်လုံးက သွားနေကြတယ်။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းက Movement အားလုံးနဲ့၊ Activities အားလုံးနဲ့ သွားနေကြတယ်။ လုပ်ဆောင်ချက်အားလုံးနဲ့ သွားနေကြတယ်။ ကိုယ့်တိုးတက်မှုကို ကိုယ်ဖန်တီးပြီးတော့ ကြိုးစားလုပ်နေကြတယ်။ အဲဒီအချိန်မှာ မလုပ်တဲ့တိုင်းပြည်ကတော့ ကျန်ခဲ့မယ်။ လူလည်း ဒီလိုပဲ။ မကြိုးစားဘူးဆိုရင် ကျန်ခဲ့မှာပဲ။ အလုပ်မလုပ်ရင်လည်း ကျန်ခဲ့မှာပဲ။ ဆိုပါတော့ ပညာသင်ဖို့အတွက် ကျောင်းမနေဘူးဆိုရင် သူကျန်ခဲ့မှာပဲ။ အလုပ်လုပ်သင့်တဲ့ လုပ်နိုင်တဲ့အချိန်မှာ အလုပ်ကောင်းကောင်း မလုပ်နိုင်ဘူး၊ အလုပ်ကောင်းကောင်း မလုပ်ဘူးဆိုလည်း သူကျန်ခဲ့မှာပဲ။ အလုပ်မလုပ်ဘဲ နေလို့မရဘူး။ ပညာမသင်ဘဲ နေလို့မရဘူး။ ပညာသင်တဲ့အရွယ်မှာ ပညာသင်ဖို့ လိုကိုလိုတယ်။ အလုပ်လုပ်တဲ့အရွယ်မှာ အလုပ်လုပ်ဖို့လည်း လိုတယ်။ စောင့်ရှောက်ရမယ့်အရွယ်မှာ နိုင်ငံတော်က စောင့်ရှောက်ဖို့လည်း လိုအပ်တယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ကတော့ ကျောင်းတွေ ဖွင့်ပေးတယ်။ ပညာသင်ဖို့ဖွင့်ပေးထားတယ်။ ဆေးရုံတွေ ဖွင့်ပေးထားတယ်။ ကျန်းမာရေးနဲ့ပတ်သက်တာ အကုန်လုံး ဆောင်ရွက်နိုင်ဖို့ ဖွင့်ပေးထားတယ်။

တာပဲ။ သူငယ်ချင်းအချင်းချင်းပဲ။ ကြိုးစားအားထုတ်တဲ့သူက ကျော်တက်သွားတယ်။ မကြိုးစားတဲ့သူက ကျန်ခဲ့တာပဲ။ ဒါလူ့သဘောသဘာဝ ကြည့်လို့ရှိရင် တိုင်းပြည်လည်း ဒီလိုပဲဖြစ်မှာပါပဲ။ ဒေသလည်း ဒီလိုပဲ ဖြစ်မှာပါပဲ။ စောစောကပြောတဲ့ ဒေသအလိုက် ဆင်းရဲကွာခြားမှု၊ ဆူကြုံနိမ့်မြင့်ကွာခြားမှု နိမ့်ပါးချင်တယ် ဆိုလို့ရှိရင် နိမ့်ပါးတဲ့တိုင်းပြည်ကလည်း ကြိုးစားအားထုတ်မှုနဲ့ လုပ်ရမယ်။ ကိုယ်လည်း ကြိုးစားရမယ်။ နိုင်ငံတော်ကလည်း ဖြည့်ဆည်းပေးရမယ်။ ဒေသတွင်းကွာခြားမှုရှိလည်း၊ ဒေသတွင်းမှာလည်း ဒီလိုမဖြစ်အောင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းတွေကလည်း စီမံခန့်ခွဲပေးရမယ်။ ဒေသမှာရှိတဲ့ ကိုယ်ကိုယ်တိုင်လည်း ကြိုးစားရမယ်။ မလုပ်ဘဲနဲ့တော့ ဘယ်ရမလဲ။ ဒါကြောင့် ဒီသဘာဝကို ကျွန်တော်တို့ နားလည်ပြီးတော့မှ တိုးတက်အောင် ဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံ ဘာလို့ မတိုးတက်စရာအကြောင်း ရှိမလဲဗျာ။ ဘာလို့ မတိုးတက်ရမလဲ၊ တိုးတက်တာပေါ့။ ငြိမ်းချမ်းရေးလိုချင်လို့ရှိရင် ငြိမ်းချမ်းတာပေါ့။ စောစောကပြောတဲ့ အသီးအပွင့် ခံစားချင်လို့ရှိရင်၊ ငြိမ်းချမ်းရေးကြောင့် ဖြစ်တယ်ဆိုလို့ရှိရင် အဲငြိမ်းချမ်းရေးကို ကျွန်တော်တို့ရအောင် လုပ်မယ်။

*စာမျက်နှာ ၆ သို့*

# လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွက်လာစေရေး

ပညာရေးသည် လောကဓံကို ကြုံတွေ့ကြရသည့်အခါ အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားနိုင်စေရန် လိုအပ်သော စိတ်နှင့် ရုပ်လက္ခဏာများ တည်ဆောက်ပေးခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ပညာတတ်လျှင် ကျန်းမာအောင်နေတတ်လာလိမ့်မည်။ ပညာတတ်လျှင် ချမ်းသာအောင် နေတတ်လာလိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပညာတတ်များ ပေါ်ကြွယ်ဝရေး၊ ပညာကိုအခြေခံသည့် အသိပညာ၊ အတတ်ပညာရှိသည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွက်လာစေရေး ဆက်လက်ဆောင်ရွက်ကြပါမည်။ မိမိတို့ပြည်သူပြည်သားများ၏ စွမ်းပကားဖြင့် နိုင်ငံတော် တိုးတက်အောင် ဆက်လက်စွမ်းဆောင်ကြပါစို့ဟု တိုက်တွန်းလိုပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၄-၁-၂၀၂၂ ရက်နေ့တွင် ပေးပို့သည့် (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၅ မှ*

ငြိမ်းချမ်းရေးမှာလည်း ဘာကြောင့် ငြိမ်းချမ်းရေး မရလဲဆိုရင်လည်း တိုင်းရင်းသားရေးတို့၊ ဒီမိုကရေစီတို့၊ ဖက်ဒရယ်တို့ အကြောင်းပြနေတာ။ ဟုတ်ပြီ။ အဲ့ဒီမှာတကယ့် Fair ဖြစ်တဲ့ဟာကို စဉ်းစား။ စဉ်းစားပြီးလုပ်မယ် ကျွန်တော်တို့။ နားလည်တဲ့သူတွေကလည်း နားမလည်တဲ့သူတွေကို လက်တွဲခေါ်ပေးမယ်။ နားမလည်တဲ့သူတွေကို နားလည်တဲ့သူတွေကနေပြီးတော့ မြှောက်ထိုးပင့်ကော် လုပ်နေရင်တော့ ပိုဆိုးသွားမှာပေါ့။ နားမလည်တဲ့သူကို နားလည်တဲ့သူကနေ လက်တွဲခေါ်ပြီးတော့မှ တိုင်းပြည်ရဲ့အကျိုးကို ကြည့်ပြီးလုပ်မယ်ဆိုရင် ကျွန်တော်တို့ ဘာလို့ငြိမ်းချမ်းရေး မရစရာအကြောင်းရှိလဲ။ သူတို့မြှောက်ထိုးပင့်ကော် လုပ်နေလို့ရှိရင်တော့ ဘယ်လိုမှငြိမ်းချမ်းစရာ အကြောင်းမရှိဘူး။ ဒါကြောင့် ကျွန်တော်တို့ ဒီအကျိုးခံစားချင်ရင်တော့။ အဲဒီအကျိုးကို ခံစားဖို့အတွက်တော့ အားလုံး ဝါယမစိုက်ထုတ်ပြီး လုပ်ဖို့လိုတယ်ဆိုတာလေး လူ့ရဲ့သဘောသဘာဝကြည့်ပြီးတော့ မြင်လို့ရပါတယ်။ ဒါကြောင့် ကောင်စီဝင်များအနေနဲ့ ဒါကိုလည်း ထည့်သွင်းစဉ်းစားပြီးတော့မှ လုပ်ကိုင်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။" ဟု ပြောကြားသည်။

### ဥပဒေနှင့်အညီ အခွင့်အရေးရရှိရန် ကြပ်မတ်

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုးတို့က ယခင်အစိုးရလက်ထက်တွင် ဥပဒေနှင့် ညီညွတ်မှုမရှိဘဲ သဘောတူ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီမှုနှင့် နိုင်ငံတကာ စာချုပ်များကို ပြန်လည်သုံးသပ်ပယ်ဖျက်ရေး၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ပြီး ၎င်းတို့၏ အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပေးရေး၊ ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုငယ်များ၏ လူမှုဘဝများ လုံခြုံမှုရှိစေရေးနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများမတည်ဆောက်ရွက်ပေးရေး၊ အုပ်ချုပ်ရေးတွင် အဓိကကျသည့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် နိုင်ငံရေးအရောင်အသွေး ကင်းရှင်းပြီး အများကြည်ညိုလေးစားသည့် ပုဂ္ဂိုလ်ကိုရွေးချယ်တာဝန်ပေးအပ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပိုမိုလျင်မြန်လာစေရန် ဆောင်ရွက်သင့်သည့် အစီအမံများ၊ ဘဏ်များ၌ ငွေထုတ်ယူရာတွင် ယခုထက်ပိုမို အဆင်ပြေချောမွေ့စေရေး၊ အကျဉ်းထောင်များရှိ အကျဉ်းသားများ ဥပဒေနှင့်အညီ အခွင့်အရေးရရှိရန် ကြပ်မတ်ဆောင်ရွက်ရေး။

> "ခရိုင်များ တိုးချဲ့ဖွဲ့စည်းရာတွင် ခရိုင်ဒေသ၏ အားထားရမှု အခြေအနေ၊ သွားလာရေးလွယ်ကူမှုနှင့် အုပ်ချုပ်ရေးအတွက် အရေးပါမှုများကို ထည့်သွင်းစဉ်းစား၊ ထို့ပြင် ခရိုင်ဒေသ၏ စီးပွားရေးအရ ဖွံ့ဖြိုးမှု၊ ထင်ပေါ်မှုနှင့် အခြားအရေးပါမှုများကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရ"

### ရှင်းလင်းတင်ပြ

သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ဥပဒေနှင့်အညီ သစ်ထုတ်လုပ်ပြီးသည့် နေရာများ၌ ကျန်ရှိနေသည့် သစ်မြစ်ဆုံ၊ သစ်ငုတ်များကို ထုတ်ယူ၍ အကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ မြစ်ဆုံဒေသတွင် ရွှေတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ရေသယံဇာတများ ထိခိုက်နေမှုကို ကြပ်မတ်ဆောင်ရွက်ပေးရေး၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရေး၊ တက္ကသိုလ်များရှိ စာကြည့်တိုက်များတွင် လိုအပ်သည့် ဘာသာရပ်ဆိုင်ရာ စာအုပ်၊ စာပေများ ဖြည့်ဆည်းပေးရေး၊ လှိုင်ကော်မြို့နှင့် ဒီမော့ဆိုမြို့နယ်တို့တွင် ပြည်သူများ၏ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိရေးအတွက် လိုအပ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ရေး၊ ကျိုက်မရောဘိလပ်မြေစက်ရုံ ပြန်လည်လည်ပတ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းက နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခရိုင်များ တိုးချဲ့ဖွဲ့စည်းရေးအတွက် လျာထားဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ကြိုတင်ပြင်ဆင်ဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

### တိုင်းရင်းသားအားလုံး၏အရေးကို စဉ်းစား

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ တွေ့ဆုံပွဲများကို သင့်တော်သည့်အချိန်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများ၏ အခွင့်အရေးကိစ္စများ စဉ်းစားဆောင်ရွက်ရာတွင် လူမျိုးစု အနည်းငယ်အတွက်သာ စဉ်းစားဆောင်ရွက်ခြင်းမပြုဘဲ တိုင်းရင်းသားအားလုံး၏အရေးကို စဉ်းစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသား အခွင့်အရေးများနှင့် စပ်လျဉ်း၍ နစ်နာမှုများရှိပါက တိုင်ကြားနိုင်ပြီး လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် ပါတီနိုင်ငံရေး ကင်းစင်သူများဖြစ်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍတွင် ပါတီနိုင်ငံရေး အရောင်အသွေး ပါဝင်လာပါက လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲရှိကြောင်း။

### ယဉ်ကျေးမှုပြတိုက်များကို တိုးချဲ့

အကျဉ်းသားများ ဥပဒေနှင့်အညီ အခွင့်အရေးရရှိရန် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သစ်ထုတ်ပြီးသည့် ဒေသများတွင် သစ်မြစ်ဆုံများ ထုတ်ယူရေးကိစ္စတွင် ဥပဒေနှင့်အညီ ရိုးရိုးသားသား ဆောင်ရွက်ကြရန်လိုကြောင်း၊ မြစ်ဆုံဒေသတွင် ရွှေတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ရေသယံဇာတများ ထိခိုက်နေမှုကို ကြပ်မတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကယားပြည်နယ်အပါအဝင် အခြားဒေသများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တင်ပြကြစေလိုကြောင်း၊ သို့မှသာအချိန်မီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသများရှိ ယဉ်ကျေးမှုပြတိုက်များကို တိုးချဲ့၍ အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များရှိ စာကြည့်တိုက်များတွင် လိုအပ်သည့် စာအုပ်စာစောင်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရန်ပုံငွေတိုးမြှင့် ချထားပေးလျက်ရှိကြောင်း။

### ပြည်တွင်းစီးပွားရေးကို အားပေး

ခရိုင်များ တိုးချဲ့ဖွဲ့စည်းရာတွင် ခရိုင်ဒေသ၏ အားထားရမှု အခြေအနေ၊ သွားလာရေးလွယ်ကူမှုနှင့် အုပ်ချုပ်ရေးအတွက် အရေးပါမှုများကို ထည့်သွင်းစဉ်းစားပါကြောင်း၊ ထို့ပြင်ခရိုင်ဒေသ၏ စီးပွားရေးအရ ဖွံ့ဖြိုးမှု၊ ထင်ပေါ်မှုနှင့် အခြားအရေးပါမှုများကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရကြောင်း၊ ကျိုက်မရောမြို့ ဘိလပ်မြေစက်ရုံ ပြန်လည်လည်ပတ်နိုင်ရေးနှင့် စပ်လျဉ်း၍ မိမိတို့နိုင်ငံတွင် ကျိုက်မရော ဘိလပ်မြေစက်ရုံ အပါအဝင် စက်ရုံပေါင်း ၂၀ ရှိကြောင်း၊ စက်ရုံ ၁၀ ရုံမှာ လည်ပတ်လျက်ရှိပြီး အခြားစက်ရုံများမှာ ရပ်ထားရပါကြောင်း၊ မလည်ပတ်နိုင်သည့် စက်ရုံအချို့မှာ လျှပ်စစ်၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးစသည့် လိုအပ်ချက်များ မရရှိသည့်အတွက်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများကို လျှပ်စစ်၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး ရရှိရေးအတွက် မှာကြားထားပြီးဖြစ်ကြောင်း၊ မိမိအနေဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးလျက်ရှိကြောင်း၊ မိမိတို့တာဝန်ယူသည့် အချိန်တွင် ပြည်ထောင်စုနေ့သည် စိန်ရတုနှင့် တိုက်ဆိုင်သည့်အတွက် သမိုင်းမှတ်တမ်းကျန်ရှိစေရန် ခမ်းခမ်းနားနား ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

### အလုပ်ကို အလေးထားလုပ်ဆောင်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံနှင့် ပြည်သူလူထု၏ အခြေခံ လိုအပ်ချက်များဖြစ်သည့် လူနေမှုဘဝ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ တိုးတက်ရမည်ဖြစ်ကြောင်း၊ တိုးတက်ရေးအတွက် လေးစားမှုနှင့် အလေးထားမှုသည် အရေးကြီးကြောင်း၊ လေးစားမှုနှင့် အလေးထားမှုသည် မိမိတို့ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် မရှိမဖြစ်ထားရှိရမည့် စိတ်ဓာတ်ဖြစ်ကြောင်း၊ အထူးသဖြင့် အချိန်ကို လေးစားပြီး အလုပ်ကို အလေးထား လုပ်ဆောင်ကြရန်လိုကြောင်း၊ မိမိတို့ လူမှုနယ်ပယ်တွင် အချိန်နှင့်အလုပ်ကို လေးစားမှု၊ အလေးထားမှု အားနည်းနေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့ ကောင်စီဝင်များအနေဖြင့် ပြည်သူလူထုကို စည်းရုံးဆောင်ရွက်ကြရာတွင် လေးစားမှုနှင့် အလေးထားမှုကို ရှင်းလင်းဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စာရင်းအင်းလုပ်ငန်းများ ခေတ်စနစ်များနှင့်အညီ လုပ်ကိုင်နိုင်ရန် စာရင်းအင်းဥပဒေနှင့် နည်းဥပဒေများ အသစ်ရေးဆွဲပြဋ္ဌာန်းရခြင်းဖြစ်

နေပြည်တော် ဇန်နဝါရီ ၂၀

**ပြည်ထောင်စုနယ်မြေ နေပြည်တော် စာရင်းအင်းဥပဒေ၊ နည်းဥပဒေများ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)**



ဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အသိပညာမြှင့်တင်ရေးဆွေးနွေး**

ရှေးဦးစွာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သော စာရင်းအင်းဥပဒေနှင့် ၂၀၂၁ ခုနှစ် မေလတွင် ထုတ်ပြန်ခဲ့သော စာရင်းအင်းနည်းဥပဒေများ သက်ဝင်လာစေရန်၊ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်သော သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အကြား စာရင်းအင်းဥပဒေ၊ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန်နှင့် စာရင်းအင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ စာရင်းအင်းဥပဒေ၊ နည်းဥပဒေများ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၅၂ ခုနှစ်က ထုတ်ပြန်ခဲ့သည့် စာရင်းအင်းအက်ဥပဒေသည် နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ခဲ့ပြီး ခေတ်စနစ်နှင့် လျော်ညီမှုမရှိသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် စာရင်းအင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ပြောင်းလဲလာသည့် ခေတ်စနစ်များနှင့်အညီ လုပ်ကိုင်နိုင်ရန်အတွက် စာရင်းအင်းဥပဒေနှင့် နည်းဥပဒေများကို အသစ်ရေးဆွဲပြဋ္ဌာန်းရခြင်း ဖြစ်ပါကြောင်း၊ စာရင်းအင်းဥပဒေအရ စာရင်းအင်းအချက်အလက်များ ခိုင်မာအားကောင်းရန်၊ ပြည့်စုံမှန်ကန်မှုရှိစေရန်၊ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်သည့်ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်အတွက် ပြည်ထောင်စုအဆင့်တွင် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

အမျိုးသားစာရင်းအင်းစနစ် အရည်အသွေးပြည့်ဝရေးအတွက် ပေါင်းစပ်ညှိနှိုင်းမှုစနစ်များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ သန်းခေါင်စာရင်းနှင့် စစ်တမ်းများကောက်ယူရာတွင် နည်းပညာအကူအညီများ၊ အကြံဉာဏ်များပေးအပ်ခြင်း၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာကို အကောင်အထည်ဖော်ခြင်း၊ မြန်မာနိုင်ငံ၏ တရားဝင်စာရင်းအင်းများထုတ်ပြန်ခြင်း၊ အားပေးမြှင့်တင်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားစာရင်းအင်းစနစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဗဟိုစာရင်းအင်းအဖွဲ့နှင့်အတူ စာရင်းအင်းအချက်အလက်ပံ့ပိုးပေးနေသည့် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍတို့ အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အရည်အသွေးပြည့်ဝရေး ဆောင်ရွက်**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင်လည်း နေပြည်တော် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီကို ပြည်ထောင်စုနယ်မြေတွင်ရှိသည့် ဌာနများနှင့်ဖွဲ့စည်းပြီး စာရင်းအင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာရင်းအင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်တို့အတွက် အသိပညာမြှင့်တင်ခြင်းလုပ်ငန်းများသည် အရေးကြီးပါကြောင်း၊ အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်းဖြင့် အမျိုးသားစာရင်းအင်းစနစ်အတွင်း ပါဝင်ပတ်သက်သူများအားလုံးနှင့် ဌာနဆိုင်ရာများအားလုံးသည် စာရင်းအင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြရာတွင် အခက်အခဲမရှိ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**မေးမြန်းဆွေးနွေး**

ထို့နောက် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်က စာရင်းအင်းဥပဒေနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီတို့ video conferencing စနစ်ဖြင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီတို့ ယနေ့နံနက်ပိုင်းတွင် video conferencing စနစ်ဖြင့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။(ယာပုံ)




ဆွေးနွေးရာတွင် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုအရှိန်မြှင့် ပူးပေါင်းဆောင်ရွက်ရေး အပါအဝင် ကျင့်ဝတ်နှင့်ညီသော သတင်းမီဒီယာသမားများကို အကာအကွယ်ပေးရေးနှင့် နှစ်နိုင်ငံ သတင်းမီဒီယာသမားများအချင်းချင်း သတင်းဖလှယ်မှုများ ပိုမိုအားကောင်းလာစေရေးတို့ကို ဦးတည်ဆွေးနွေးခဲ့ကြသည်။ ထိုင်းနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများရှိ မီဒီယာကောင်စီများနှင့် ပူးပေါင်း၍ သတင်းလွတ်လပ်ခွင့် ပိုမိုအားကောင်းလာစေရေးကို ဦးစားပေးဆောင်ရွက်သွားမည့် အကြောင်းများကို ထည့်သွင်းဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံအတွင်းရှိ သတင်းသမားများအတွက် အရည်အသွေးမြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပေးနေခြင်း၊ သတင်းတု သတင်းမှားများ ပပျောက်စေရေးအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ကြိုးစားဆောင်ရွက်နေသည့် အခြေအနေများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ Mr. Chavar-ong Limpattamapanee က အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌအား လေးစားစွာ ဂုဏ်ပြုကြိုဆိုပါကြောင်းနှင့် ထိုင်းနိုင်ငံ မီဒီယာကောင်စီဘက်ကလည်း လိုအပ်သည့် ကိစ္စများကို ကူညီပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် သတင်းမီဒီယာကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံ သတင်းမီဒီယာကောင်စီ (National Press Council of Thailand)မှ ဥက္ကဋ္ဌဖြစ်သူ Mr. Chavarong Limpattama-panee အပါအဝင် ကောင်စီဝင်ကိုးဦး တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ (Myanmar Press Council)မှ ဥက္ကဋ္ဌ ဦးအုန်းမောင်နှင့်အတူ အတွင်းရေးမှူး ဦးအောင်ပြည့်စုံ၊ ကောင်စီဝင်များဖြစ်ကြသော ဦးအေးချမ်း၊ ဒေါက်တာဇော်သန်းနှင့် ဒေါ်မြင့်မြင့်သိန်းတို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

၂။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာ၍ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ခ‌ောတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် အမှတ်(၁) တပ်မတော်ဆေးရုံကြီး ကုတင်(၁၀၀၀)တွင် (၂၀-၁-၂၀၂၂) ရက်နေ့က ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးကို ဓာတ်ခွဲနမူနာ (၂၈) ခုတွင် တွေ့ရှိရပါသည်။

၃။ အဆိုပါ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ မြန်မာနိုင်ငံသား (၂၈) ဦးမှာ Relief Flight များဖြင့် ဝင်ရောက်လာသူများဖြစ်ပြီး မလေးရှားနိုင်ငံမှ (၁၁) ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ (၆) ဦး၊ ထိုင်းနိုင်ငံမှ (၃) ဦး၊ စင်ကာပူနိုင်ငံမှ (၄) ဦး၊ အိန္ဒိယနိုင်ငံမှ (၂) ဦး၊ ယူအေအီးနိုင်ငံမှ (၁) ဦးနှင့် ရုရှားနိုင်ငံမှ (၁) ဦးတို့ ဖြစ်ကြပါသည်။

၄။ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူများအား သီးသန့်ထားရှိကာ ကုသစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့် လေကြောင်းခရီးစဉ်တွင် အတူလိုက်ပါလာသည့် ခရီးသည်များအားလည်း အသွားအလာကန့်သတ်ခြင်း (Strict Quarantine) နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# သတင်းတု သတင်းမှားများကို သိရှိနိုင်သည့် နည်းလမ်းများ

UAC

၂၁ ရာစုနှစ်တွင် ဒစ်ဂျစ်တယ်နည်းပညာများ အလွန်အမင်း တဟုန်ထိုး တိုးတက်ပြောင်းလဲလာသည်နှင့်အညီ လူနေမှုပုံစံမှာလည်း သိသိသာသာပြောင်းလဲသွားကြသည်။ လူအများသည် နံနက်မိုးလင်းသည်မှ အိပ်ရာဝင် မျက်လုံးမှိတ်သည်အထိ လူမှုကွန်ရက်ဆိုသည့် ဖေ့စ်ဘွတ်ကြည့်ခြင်းဖြင့် အချိန်ကုန်နေကြသည်။ ဖေ့စ်ဘွတ်တွင် သတင်းဖတ်ခြင်းနှင့် သတင်းဖလှယ်ခြင်းအပြင် တစ်နေ့တာအဖြစ်အပျက်၊ စိတ်ခံစားမှု၊ သာရေးနာရေး၊ မိသားစုအရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်ဖြင့် တစ်နေ့တာ ဖြစ်ပျက်နေသည့် ဖြစ်စဉ်များကို အလွယ်တကူ ပွင့်ပွင့်လင်းလင်းမျှဝေ (ရှယ်) နေကြသည်။

အများစုရေးသားနေကြသော၊ မျှဝေနေကြသော အကြောင်းအရာများမှာ အမှန်တကယ်ဖြစ်ပျက်နေသည့် အစစ်အမှန်များနှင့် ဝေးကွာနေတတ်ကြသည်။ အကြောင်းရင်းမှာ လူအများစုသည် မိမိရေးသားသော မိမိရှယ်သောပို့စ်များကို Like များများရရန်၊ Follower များများရရန်၊ ပေါ်ပြူလာဖြစ်ရန်၊ လူထင်ကြီးခံရရန်သာ အာရုံစိုက်ကြသည်။ Like နှင့် Follower များများရရှိသည့် စိတ်ပျော်ရွှင်မှုတွင် အခိုက်အတန့် သာယာနေတတ်ကြသည်။

လူမှုကွန်ရက်ကို ခုံမင်စွဲလမ်းတတ်သော လူသားများ၏ စိတ်ပညာကို အခြေခံပြီး မသမာသူများ၊ လိမ်လည်လှည့်ဖြားသူများနှင့် ကျင့်ဝတ်သိက္ခာမရှိသော နိုင်ငံရေးသမားများက အုပ်စုဖွဲ့ပြီးသော်လည်းကောင်း (သို့မဟုတ်) နာမည်ကျော်ဆယ်လီများ၊ အနုပညာရှင်များ၊ ဘလော့ဂါများကို အသုံးချပြီးသော်လည်းကောင်း၊ သတင်းတု သတင်းမှားများကို အစစ်အမှန်သဖွယ် ရေးသားပြောဆိုနေကြသည်၊ အဆက်မပြတ် ရှယ်ကြသည်။

မြန်မာနိုင်ငံတွင် လူမှုကွန်ရက်ပလက်ဖောင်းများထဲမှ လူအားလုံးနီးပါးကြည့်သော ဖေ့စ်ဘွတ်စာမျက်နှာကို အသုံးချပြီး NNCP အကြမ်းဖက်သမားများ (NUG, NLD, CRPH, PDF) သည် ပြည်သူလူထုက အစိုးရကိုမုန်းတီးစေနိုင်သော၊ တိုင်းရင်းသားလူမျိုးစုကြားထဲ သွေးဝမ်းကွဲစေနိုင်သော သတင်းတုသတင်းမှားများကို အမှန်သဖွယ် အင်တိုက်အားတိုက် ရေးသားဖြန့်ဝေနေကြသည်။ ဥပမာအားဖြင့်ပြောရလျှင် သူတို့ရေးသားဖြန့်ဝေနေကြသော သတင်းတုများဖြစ်သည့် “မကြာမီအချိန်အတွင်း NNCP သည် ယခုလက်ရှိအစိုးရကို ဖြုတ်ချတော့မည်၊ မြန်မာပြည်ကို ဝင်သိမ်းတော့မည်၊ မြန်မာစစ်သားများ အလုံးလိုက်အရင်းလိုက် အသတ်ခံနေရသည်” စသည့် သတင်းတုများဖြင့် လေလှိုင်းမှ ဖြန့်ဝေနေသလို သတင်းမှားများဖြစ်သည့် “ပြည်သူများ အသတ်ခံရတိုင်း၊ ပြည်သူပိုင်ဆိုင်သော အဆောက်အအုံ၊ ဆေးရုံ၊ ကျောင်း၊ လမ်း၊ တံတားနှင့် ပြည်သူပိုင်ပစ္စည်း ဖျက်ဆီးခံရတိုင်း စစ်တပ်ဘက်မှ ပြုလုပ်ခြင်းဖြစ်သည်”ဟု ဆိုပြီး အများပြည်သူက မြန်မာ့တပ်မတော်နှင့် အစိုးရကို အမုန်းတရားပွားများအောင် ရည်ရွယ်ချက်ရှိရှိ ဖန်တီးရေးသားဖြန့်ဝေနေကြသည်။

> **“လူမှုကွန်ရက်ကို ခုံမင်စွဲလမ်းတတ်သော လူသားများ၏ စိတ်ပညာကို အခြေခံပြီး မသမာသူများ၊ လိမ်လည်လှည့်ဖြားသူများနှင့် ကျင့်ဝတ်သိက္ခာမရှိသော နိုင်ငံရေးသမားများက အုပ်စုဖွဲ့ပြီးသော်လည်းကောင်း (သို့မဟုတ်) နာမည်ကျော်ဆယ်လီများ၊ အနုပညာရှင်များ၊ ဘလော့ဂါများကို အသုံးချပြီးသော်လည်းကောင်း၊ သတင်းတု သတင်းမှားများကို အစစ်အမှန်သဖွယ် ရေးသားပြောဆိုနေကြသည်၊ အဆက်မပြတ် ရှယ်ကြသည်”**

သတင်းတု သတင်းမှားများကို ဖန်တီးဖြန့်ချိရာတွင် Myanmar Now , Khit Thit , DVB , Mizzima , Irrawaddy , Thit Htoo Lwin အစရှိသည် ငွေကြေးဖြင့် အဝယ်ခံထားရသည့် လက်ကိုင်တုတ်မီဒီယာတို့က နိုင်ငံတော်အေးချမ်းသာယာရေးကို ပျက်ပြားစေရန်နှင့် နိုင်ငံတော်နှင့် ပြည်သူများ အကျိုးယုတ်စေရန် သတင်းတု၊ သတင်းမှားများကို နာရီနှင့်အမျှ လုပ်ဆောင်နေကြသည်။

ဤသတင်းတု သတင်းမှားများကြောင့် ပျက်စီးယိုယွင်းသွားသော နိုင်ငံ၏စည်းလုံးညီညွတ်မှုနှင့် တိုင်းရင်းသားပြည်သူများအကြား စိတ်ဝမ်းကွဲမှုကို ပြန်လည်ပြုပြင်တည်ဆောက်ရန်မှာ နှစ်ပေါင်းများစွာ ကြာပေလိမ့်မည်။ ထိုသတင်းတု သတင်းမှားများကြောင့် ပြည်သူများမှာလည်း ကျီးလန့်စာစားသလိုဖြစ်နေရသည်။

မိမိနှင့် စီးပွားရေးလုပ်မည့်သူ (သို့) မိတ်ဆွေအပေါင်းအသင်းများနှင့် ပေါင်းသင်းဆက်ဆံသင့်၊ မသင့် ထိုသူများ၏ နောက်ခံရာဇဝင်ကို လိုက်လံစုံစမ်းနေရသည့်အပြင် NNCP အကြမ်းဖက်လက်နက်ကိုင်ဖြစ်လေမလား (သို့) NNCP များကို ငွေလှူဒါန်းထားသူ၊ အားပေးထောက်ခံသူဖြစ်လေမလားဆိုပြီး သံသယစိတ်ဖြင့် စောင့်ကြည့်ပေါင်းသင်းနေရသည်မှာ အလွန်ပင်စိတ်ပင်ပန်းဝမ်းနည်းစရာကောင်းလှသည်။

သတင်းတု သတင်းမှားများသည် စီးပွားရေးလုပ်ငန်းများကို ဒဏ်ရာရထိခိုက်စေသည့်အပြင် လူပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာများကို ဖျက်ဆီးစေသည်သာမက သတင်းတု သတင်းမှားများကို ယုံစားမိသူများမှာလည်း စိတ်ဒဏ်ရာရရှိပြီး ကယောင်ချောက်ချားကြောက်ရွံ့နေတတ်ကြသည်။

ထို့ကြောင့် သတင်းတု သတင်းမှားများကို ထိထိမိမိ ကာကွယ်တားဆီးရပါမည်။ ပထမဦးဆုံးအနေဖြင့် သတင်းတု သတင်းမှားများကို ထိထိရောက်ရောက်ကာကွယ်မှုမှာ “အသိပညာပေးခြင်း” ဖြစ်သည်။ အသိပညာပေးရာတွင် သတင်းတု သတင်းမှားများကို မည်သို့မည်ပုံ သံသယရှိရှိဖြင့် လေ့လာသိရှိရန် နည်းလမ်းပေါင်းစုံမှ အသိပညာပေးရပါမည်။ သတင်းတု သတင်းမှားများကို ယုံမှားသံသယမဖြစ်စေရန်နှင့် မသမာသူများ၏ ထောင်ချောက်မကျမိစေရန် သတင်းတုမှန်း သိရှိနိုင်မည့် နည်းလမ်း (၈) မျိုးရှိပါသည်။

**၁။ ရှည်လျားထွေပြားသော ခေါင်းစဉ်စာသား**

ယေဘုယျအားဖြင့် သတင်းတု သတင်းမှား၏ ခေါင်းစဉ်များမှာ ပုံမှန်ထက် ပိုမိုရှည်လျားတတ်ကြသည်။ ခေါင်းစဉ်ရှည်လျားခြင်းက လူအများ၏ အာရုံစိုက်ဖတ်ရှုမှုကို ပိုမိုရရှိတတ်ကြသည်။

ဖေ့စ်ဘွတ်ကိုယ်တိုင်ကလည်း လူကြည့်များသောပို့စ်များနှင့် အချိန်ကြာကြာ ဝင်ဖတ်သောပို့စ်များကို ဦးစားပေးဖော်ပြကြသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် လူအများမှ ဖေ့စ်ဘွတ်ပေါ်တွင် စွဲလမ်းနှစ်သက်ခုံမင်မှု ပိုမိုရှိကြသည်။ ယင်းမှ ကြော်ငြာငွေ မြောက်မြားစွာ ရရှိနေကြသည်။ လူသားတို့၏ စိတ်ပညာကို အခြေခံပြီး ဖေ့စ်ဘွတ်စနစ်ကြီးကို တွက်ချက်ဖန်တီး တည်ဆောက်ထားသည်။

ဥပမာဆိုရသော် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့ ည ၉ နာရီတွင် ခေတ်သစ်မီဒီယာက ဖေ့စ်ဘွတ်တွင် အထူးသတင်းတစ်ရပ်ဟုဆိုပြီး တင်ထားသည့် “ကလေးမြို့နယ်ရှိ နတ်ချောင်းကျေးရွာကို စစ်တပ်မှ လေကြောင်းဖြင့် ဗုံးကျဲဖျက်ဆီးပြီးနောက် စစ်သားများမှာ တစ်ရွာလုံးကို မီးရှို့ဖျက်ဆီးခဲ့ကြသည်” မှာ ခေါင်းစဉ်ရှည်ရှည်ဖြင့် ရေးသားထားသော သတင်းတု သတင်းမှားတစ်ခု၏ နမူနာပင်ဖြစ်သည်။

**၂။ စာကိုယ်တွင် ခေါင်းစဉ်စာသားမှလွဲပြီး အကြောင်းအရာကို ထောက်ပံ့သည့် အချက်အလက်များ မပါဝင်ခြင်း**

သတင်းတစ်ပုဒ်၏ ခေါင်းစဉ်နှင့် စာကိုယ်ကို နှိုင်းယှဉ်ဖတ်ရှုကြည့်ခြင်းဖြင့် သတင်းတု သတင်းမှားများကို ချက်ချင်းရိပ်မိနိုင်သည်။ သတင်းတု သတင်းမှားများတွင် စာကိုယ်၌ ခေါင်းစဉ်၏ စာသားမှလွဲ၍ ခေါင်းစဉ်အကြောင်းအရာကို ခိုင်လုံစေသည့် မည်သည့်အချက်အလက်မှ မပါဝင်ချေ။

ဥပမာဆိုရသော် သတင်းခေါင်းစဉ်၌ “ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်တွင် အရပ်သား ၅ ဦးအား စစ်တပ်မှ သတ်ပစ်သည်” ဟုဖော်ပြပြီး စာကိုယ်ကို လိုက်လံဖတ်ရှုပါက အထက်ပါခေါင်းစဉ်မှ လွဲပြီး မည်သို့မည်ပုံ သတ်ပစ်သည်နှင့် မည်သို့လာရောက်ပြီး သတ်ပစ်သည် စသည်ဖြင့် သတင်းခေါင်းစဉ်၏ အကြောင်းအရာခိုင်လုံမှုရှိရန် ထောက်ပံ့ပေးသည့် အခြားမည်သည့် အကြောင်းအရာမှ အသေးစိတ်ရေးသားဖော်ပြထားခြင်းမရှိချေ။ ထိုသို့သော သတင်းများသည် သတင်းတု သတင်းမှားများသာ ဖြစ်သည်။

**၃။ စိစစ်အတည်ပြုခြင်း**

သတင်းတစ်ပုဒ်ကို မမျှဝေခင် (မရှယ်ခင်) အသိရှိရမည်မှာ မိမိရှယ်မည့် သတင်းမှန်မမှန်၊ အဖြစ်မှန် ဟုတ်မဟုတ် စိစစ်အတည်ပြုပြီးမှသာ အခြားသူများအား ရှယ်သင့်သည်။ သတင်းတု သတင်းမှားများကို သိလျက်နှင့် အခြားသူများအား ရှယ်နေခြင်းသည် အများသူငါ စိတ်သောကကိုယ်ဒုက္ခရောက်အောင် ရည်ရွယ်ချက်ရှိရှိဖြင့် ပြစ်မှုကျူးလွန်ခြင်းဖြစ်သည်။ ထိုသို့ မဖြစ်စေရန် မသေချာမခိုင်လုံသော သတင်းများကို စိစစ်ရွေးချယ်ပြီးမှ အခြားသူများသို့ ရှယ်ခြင်းဖြင့် စိတ်နှလုံးလှသော လူသားဖြစ်စေသလို တည်ငြိမ်အေးချမ်းသာယာသော ပတ်ဝန်းကျင်တစ်ခု တိုင်းပြည်တစ်ခုကို တည်ဆောက်ရန် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ကူညီရာ ရောက်ပေမည်။

**၄။ မိမိကိုယ်တိုင် ပြန်လည်သုံးသပ်ခြင်း**

သတင်းတစ်ပုဒ်ကို Like – Share – Comment မလုပ်ခင် မိမိကိုယ်ကို ပြန်လည်သုံးသပ်ပါ။ မိမိပြုလုပ်တော့မည့်အရာသည် အခြားသူတစ်ပါးအတွက် ပညာဗဟုသုတ မည်မျှရသွားမည်နည်း။ အကျိုးမည်မျှရှိသွားမည်နည်း။ အကျိုးမည်မျှယုတ်သွားမည်နည်း။

ကုသိုလ်ယူသည်မှာ လှူဒါန်းမှ မဟုတ်ပါ။ မိမိရှယ်သည့်သတင်း ဆောင်းပါးများကို ဖတ်ခြင်းဖြင့် အခြားသူတစ်ပါး အကျိုးရှိသွားမည်ဆိုပါက ကုသိုလ်ပြုခြင်းဖြစ်ပါသည်။ အကျိုးယုတ်သွားပါက ငရဲပင်ဖြစ်ပေသည်။

> **သတင်းတု သတင်းမှားများကြောင့် ပျက်စီးယိုယွင်းသွားသော နိုင်ငံ၏ စည်းလုံးညီညွတ်မှုနှင့် တိုင်းရင်းသား ပြည်သူများအကြား စိတ်ဝမ်းကွဲမှုကို ပြန်လည်ပြုပြင်တည်ဆောက်ရန်မှာ နှစ်ပေါင်းများစွာ ကြာပေလိမ့်မည်။ ထိုသတင်းတု သတင်းမှားများကြောင့် ပြည်သူများမှာလည်း ကျီးလန့်စာစားသလို ဖြစ်နေရသည်။**
>
> **ထို့ကြောင့် သတင်းတု သတင်းမှားများကို ထိထိမိမိ ကာကွယ်တားဆီးရပါမည်။ ပထမဦးဆုံးအနေဖြင့် သတင်းတု သတင်းမှားများကို ထိထိရောက်ရောက်ကာကွယ်မှုမှာ “အသိပညာပေးခြင်း” ဖြစ်သည်။ အသိပညာပေးရာတွင် သတင်းတု သတင်းမှားများကို မည်သို့မည်ပုံ သံသယရှိရှိဖြင့် လေ့လာသိရှိရန် နည်းလမ်းပေါင်းစုံမှ အသိပညာပေးရပါမည်။**

*စာမျက်နှာ ၉ သို့*

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့်နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၀**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ဦးစိုင်းအိုက်ပေါင်းတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။



ယင်းနောက် ၂၀၂၀ ပြည့်နှစ်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့မှ ညှိနှိုင်းပြင်ဆင်ဆောင်ရွက်ခဲ့သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ဦးစိုင်းအိုက်ပေါင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

မိမိ၏ အမုန်းစိတ် ဒေါသစိတ်ကြောင့်သော်လည်းကောင်း၊ မဆင်မခြင်ဉာဏ်တိမ်မှုကြောင့်သော်လည်းကောင်း၊ Follower များစေရန်သော်လည်းကောင်း၊ မိမိ၏ စိတ်ပျော်ရွှင်ရန်သော်လည်းကောင်း၊ မိမိမုန်းတီးသူများအား အခြားသူများကပါ လိုက်လံမုန်းတီးရန်သော်လည်းကောင်း၊ အခြားသူများ စိတ်ဒေါသပိုမိုထွက်စေရန် သော်လည်းကောင်း စသည်ဖြင့် မမှန်ကန်သော မခိုင်လုံသောသတင်းများကို ရှယ်ခြင်းသည် လူသားထုကြား အမုန်းတရားပွားများလာအောင် လှုံ့ဆော်ပေးရာရောက်သလို မိမိကြောင့် အခြားသူများ ပိုမိုစိတ်ဝမ်းကွဲခြင်း၊ ဒေါသထွက်ခြင်း၊ ဆူပူလှုံ့ဆော်မှုကို အားပေးခြင်းဖြစ်စေသည့်အပြင် သူတစ်ပါးဘဝဆုံးပါးသည်အထိ အယူအဆအမှားများကိုပြုလုပ်ရန် တွန်းအားပေးရာရောက်ပေသည်။ မိမိကြောင့် အခြားသူများ မိသားစုကွဲ ၊ ဒုက္ခရောက် ၊ သေကျေပျက်စီး၊ ဘဝဆုံးပါးသည်အထိ အပျက်တရားမျိုးစုံ မပြုလုပ်မိစေရန် ဂရုစိုက်ရမည်မှာ မိမိ၏ လူမှုရေးတာဝန်ဝတ္တရားပင်ဖြစ်သည်။

**၅။ သံသယရှိပါ**

အွန်လိုင်းမှ တွေ့မြင်ရသည့် အရာအားလုံးသည် အမှန်မဟုတ်ပါ။ အွန်လိုင်းမှ ခင်မင်ရင်းနှီးလာသော သူငယ်ချင်းအားလုံးမှာလဲ လူကောင်းများမဟုတ်ပါ။ ဒစ်ဂျစ်တယ်အွန်လိုင်းခေတ် တစ်ဟုန်ထိုး တိုးတက်လာသည်နှင့်အညီ အွန်လိုင်းတွင် ရာဇဝတ်မှုမျိုးစုံကို မိနစ်နှင့်အမျှ အလွယ်တကူကျူးလွန်နေကြသည်။ ရိုးသားလွန်းသည့် ကျွန်တော်တို့မြန်မာလူမျိုးများ၏ အယုံကြည်လွယ်လွန်းသော စိတ်ဓာတ်ကို အခွင့်ကောင်းယူပြီး ပြည်တွင်းပြည်ပမှ လူယုတ်မာများသည် နည်းမျိုးစုံဖြင့် လှည့်စားပုံသွင်းနေကြသည်။

ရည်ရွယ်ချက်ရှိရှိဖြင့် အမုန်းတရားများ ပွားများစေရန် လှုံ့ဆော်နေသော သတင်းတု သတင်းမှားများကို ဖန်တီးဖြန့်ဝေနေကြသော Myanmar Now, Khit Thit, DVB, Mizzima, Irrawaddy, Thit Htoo Lwin အစရှိသည့် သတင်းစာမျက်နှာများမှ သတင်းများကို သံသယရှိရှိဖြင့် ဖတ်ရှုရန် အထူးလိုအပ်သည်။ နိုင်ငံအေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖျက်ဆီးနေသော ၊ အဖျက်သဘောဆောင်သည့် သတင်းတု သတင်းမှားများသည် မြန်မာပြည်သူ ပြည်သားများအကြား အဆိပ်အတောက်ကြီးပင် ဖြစ်ပါသည်။

**၆။ ယုံကြည်စိတ်ချရသော သတင်းမီဒီယာကိုသာ ဖတ်ရှုရန်**

CNN, AFP အစရှိသည့် နာမည်ကြီးနိုင်ငံတကာ သတင်းမီဒီယာပင်လျှင် မြန်မာနိုင်ငံနှင့် ပတ်သက်သော သတင်းများကို ရံဖန်ရံခါ မှားယွင်းစွာ ဖော်ပြမိခဲ့ကြသည်။ သတင်းမီဒီယာတစ်ခု လည်ပတ်ရန် ငွေမြောက်မြားစွာ လိုအပ်သည်။ ရှုပ်ထွေးလှသော နိုင်ငံရေးကို ကစားနေကြသော နိုင်ငံကြီးများ၊ သတင်းအေဂျင်စီများ၊ NGO များ၊ သူဌေးကြီးများသည် သတင်းမီဒီယာများကို ငွေကြေးထောက်ပံ့ပြီး သူတို့ ပုံဖော်လိုသည့်အတိုင်း ရေးသားခိုင်းကြသည်။

BBC, VOA, RFA အစရှိသည့် သတင်းမီဒီယာများသည် မြန်မာပြည်၏ ပြည်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်သည့်အနေဖြင့် အစိုးရနှင့် ပြည်သူများအကြား စိတ်ဝမ်းကွဲစေမည့် သတင်းများကို ရည်ရွယ်ချက်ရှိရှိ ရေးသားကြသလို သတင်းတု သတင်းမှားများကိုသိလျက် အစစ်သဖွယ် တစ်ခါတစ်ရံ ရေးသားဖော်ပြကြသည်။ အလွန်ရှုပ်ထွေးလှသော ကမ္ဘာ့နိုင်ငံရေးတွင် ကျွန်တော်တို့ မြန်မာနိုင်ငံသာမက အခြားဆင်းရဲနွမ်းပါးသော နိုင်ငံများမှာလည်း ဤသို့အလားတူ ပြည်တွင်းရေး စွက်ဖက်ခံရမှုများနှင့် မတရားနှိပ်ကွပ်ခံရမှုများကို ကြုံတွေ့ခံစားနေကြရသည်။

**၇။ သတင်းဖြန့်ဝေသူ နှင့် ရှယ်သူများ၏ သမိုင်းကို စစ်ဆေးရန်**

မိမိဖတ်ရှုသော သတင်းရေးသားသူ၏ သတင်းမီဒီယာတွင် သတင်း Website ရှိမရှိ၊ Website နှင့် FB တွင် ရုံးဌာနလိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ ဖေ့စ်ဘွတ်အကောင့် စစ်မစစ် စသည့် အချက်အလက်များအားလုံးကို စစ်ဆေးရပါမည်။ သတင်းတု သတင်းမှားများကို ဖြန့်ချိနေသော သတင်းမီဒီယာအတုများတွင် ရုံးလိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်မပါရှိကြပါ။ အဘယ်ကြောင့်ဆိုသော် သတင်းတု သတင်းမှားများ ဖြန့်ချိမှုဖြင့် ဥပဒေအရ အရေးယူခံရနိုင်မည်ဖြစ်သောကြောင့် ဆက်သွယ်၍ မရနိုင်ရန် ပြုလုပ်ထားကြသည်။

အခြားလူတန်းစားတစ်ခု ရှိသေးသည်။ အွန်လိုင်းတွင် အကောင့်အစစ်ဖြင့် သတင်းတု သတင်းမှားများကို ဖြန့်ချိနေသူများဖြစ်သည်။ ပြည်ပတွင် နိုင်ငံရေးခိုလှုံနေထိုင်ခွင့်ရရှိရန်နှင့် သူတို့၏ သားစဉ်မြေးဆက်ကောင်းစားရန် မိမိနိုင်ငံနှင့် လူမျိုးကို အသုံးချပြီး ရည်ရွယ်ချက်ရှိရှိ နိုင်ငံရေးသွေးထိုးလှုံ့ဆော်သည့် ရေးသားမှုများနှင့် ပြောဆိုမှုများကို အားသွန်ခွန်စိုက် လုပ်ဆောင်နေကြသည်။

ပြည်ပနိုင်ငံတွင် မြန်မာနိုင်ငံရေးလှုပ်ရှားမှု အထောက်အထားကို ပြသနိုင်ပြီး နိုင်ငံရေးခိုလှုံခွင့် ရရှိအောင်လုပ်ကာ ထိုနိုင်ငံ၏ နိုင်ငံသားခံယူခွင့် ရယူနိုင်ရန်ဖြစ်သည်။ ဤမြေမှာနေခဲ့ပြီး၊ ဤရေကို သောက်ခဲ့ပြီး မိမိကိုယ်ကျိုးစီးပွားအတွက် အမိနိုင်ငံနှင့် လူမျိုးအပေါ် သစ္စာဖောက်ယုတ်မာကြသည့် လူတန်းစားတစ်ရပ်ဖြစ်သည်။

ဤသည်ကို မသိနားမလည်၊ ရိုးသားကြသော မြန်မာပြည်သူ ပြည်သားများသည် နိုင်ငံရပ်ခြားသို့ ရောက်ရှိသွားသော နာမည်ကြီးဆယ်လီများ၊ ဆယ်လီဖြစ်ချင်သူများ၊ အနုပညာရှင်များကို အထင်ကြီးပြီး သူတို့ပြောသည့်အတိုင်း သံယောင်လိုက်ကြသည်၊ တောခိုကြသည်၊ မိမိနိုင်ငံကို ဖျက်ဆီးသည့် သောင်းကျန်းမှုမျိုးစုံ ပြုလုပ်ကြသည်၊ မိုက်ရူးရဲပြီး အသက်စွန့်ကြသည်။

အမှန်တကယ် ထိုပြည်ပနိုင်ငံတွင် နေထိုင်ပြီး လေလှိုင်းထဲကသာ အသံကျယ်နေသူများကို ကြည့်ပါက ပြည်ပနိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့်ရရှိပြီး ကောင်းစားနေကြသည်၊ အလှူငွေမျိုးစုံဖြင့် ပွဲလမ်းသဘင်မျိုးစုံလုပ်နေကြသည်။ လှည့်ဖြားခံရသည့် ပြည်သူများသာ အထိနာပြီးရင်း နာနေကြရသည်။ ထွက်ပြေးတိမ်းရှောင်နေသူများ၊ ထောင်ကျနေသူများ၊ အသက်စွန့်သွားခဲ့ကြသူများ စသည်ဖြင့် လှည့်စားမှုမျိုးစုံကို ခါးစည်းခံနေကြရသည်။

**၈။ သတင်းတစ်ပုဒ်၏ နောက်ခံအရင်းအမြစ်**

သတင်းတစ်ပုဒ်တွင်ပါဝင်သော အကြောင်းအရာတစ်ခုချင်းစီတွင် အထောက်အထား ခိုင်ခိုင်လုံလုံ ရှိရပါမည်။ ဤသူက ဤသို့ပြောသည်ဟုဆိုပါက ဤသူကို သတင်းရေးသားသည့်အခါ ဤသူမည်သည်ဖြစ်သည်၊ မည်သို့ကြောင့်ပြောသည် စသည်ဖြင့် အထောက်အထားအပြည့်အဝ ဖော်ပြရပါမည်။ ထိုမှသာ အရင်းအမြစ် တိတိကျကျရှိသော ခိုင်လုံယုံကြည်ရသည့် သတင်းမှန်တစ်ပုဒ်ဖြစ်လာပါမည်။ ဤသည်ကိုမဖော်ပြခြင်း၊ တစ်ဝက်တစ်ပျက်ဖော်ပြခြင်း မဖြစ်ရပါ။ ထိုနည်းတူ အွန်လိုင်းတွင် ပုံတစ်ပုံကို ဖော်ပြပါက ထိုပုံ၏ ပေါ်ပေါက်လာရာဇစ်မြစ်ကို ဖော်ပြရပါမည်။ ထို့အပြင် မည်သူတစ်ဦးတစ်ယောက်၏ ပုံတူကိုမျှ ကူးယူခြင်းမဖြစ်စေရ။ ထိုသို့မဖြစ်ခံရစေရန် Google image check ဖြင့် အွန်လိုင်းမှ ပုံတစ်ပုံကို အလွယ်တကူ စစ်ဆေးလို့ရကြောင်း သိထားရန်လိုသည်။

အထက်ပါ(၈)ချက်ကို အခြေခံပြီး မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူများကိုသော်လည်းကောင်း သတင်းတု သတင်းမှားများ၏ သားကောင်မဖြစ်စေရန် ကာကွယ်ရမည်မှာ လူသားဆန်သည့် လူသားကောင်းတစ်ယောက်၏ တာဝန်ဝတ္တရားပင်ဖြစ်ပါသည်ဟု ရေးသားတင်ပြလိုက်ရပါသည်။

---

■ *ကျောဖုံးမှ*

ကာကွယ်ထားနိုင်သည့်အတွက် ပထမပိုင်းကို ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။

ဒုတိယပိုင်းတွင် မန်ယူအသင်းသည် ဘရန့်ဖို့ဒ်အသင်းကို ဖိအားပေးကစားလာနိုင်ခဲ့ပြီး သွင်းဂိုးများ ရယူနိုင်ခဲ့သည်။ ယခုပွဲစဉ်အတွက် ဦးဆောင်ဂိုးကို မန်ယူအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၅၅ မိနစ်တွင် အီလန်ဂါက သွင်းယူပေးနိုင်ခဲ့သည်။ မန်ယူအသင်းအတွက် ဒုတိယဂိုးနှင့် တတိယဂိုးကို ဖာနန်ဒက်စ်၏ ဖန်တီးမှုမှ ပွဲချိန် ၆၂ မိနစ် နှင့် ၇၇ မိနစ်တို့တွင် ဂရင်းဝုဒ်နှင့် ရပ်ဖို့ဒ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သော ရပ်ဖို့ဒ်သည် လူစားဝင်ကစားသမားအဖြစ် ပရီမီယာလိဂ် ၁၀ ဂိုးမြောက် သွင်းယူနိုင်သည့် တတိယမြောက် မန်ယူကစားသမားဖြစ်လာခဲ့သည်။ မန်ယူအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဇန်နဝါရီ ၂၂ ရက်တွင် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားသောပွဲစဉ်အဖြစ် လက်စတာနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး စပါးအသင်းက နောက်ကျ သွင်းဂိုးများနှင့်အတူ သုံးဂိုး-နှစ်ဂိုးဖြင့် လက်စတာအသင်းကို အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# နေတတ်ခြင်း

ဆရာမဲဇာ

"နေတတ်လျှင်ကျေနပ်စရာပါ" ဟု မြန်မာအများ ယုံကြည်ထားကြပါသည်။ သို့သော် "နေတတ်လိုက်တာနော်" ဟု မှတ်ချက်ပေးပါက ကိုယ့်အရေးကိစ္စမှလွဲပြီး သူတစ်ပါး၏ အရေးကိစ္စ၊ အများကိစ္စများတွင် ပါဝင်ခြင်းမရှိဘဲ ကင်းကင်းနေသူဟူ၍ အဓိပ္ပာယ်ထွက်လေ၏။ ထိုသူတို့၏ ဆင်ခြေမှာ "ကိုယ့်ကိစ္စကိုယ်အာရုံစိုက်ပါ" (Mind your own business) ဟူ၍ ဖြစ်ပါ၏။ ကမ္ဘာ့အနောက်ခြမ်းနေသူများ၏ စရိုက်ဖြစ်ပြီး အရှေ့တိုင်းသားအများစုကမူ မျှဝေခြင်းနှင့် စောင့်ရှောက်ခြင်းကို ယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ကျင့်သုံးကြလေသည်။

မြန်မာတို့၏ "နေတတ်ခြင်း" ကို ဗုဒ္ဓဘာသာ တရားအဆုံးအမနှင့် တိုင်းတာသောအခါ ယောနိသောမနသိကာရ မျှတအောင်နှလုံးသွင်းခြင်းအပေါ်၌ အခြေခံသည်ဟု ယူဆရလေသည်။ ကြုံတွေ့လာသမျှတွေကို ဖြဟ္မစိုရ်တရားနှင့်ညှိ၍ မေတ္တာစိတ်၊ ကရုဏာစိတ်၊ ဥပေက္ခာစိတ်တို့ဖြင့် နှိုင်းချိန်၍ ထိုက်လျောက်စွာ အသုံးချတတ်လေသည်။ မုဒိတာပွား၍လည်း နေသွားနိုင်ပါသည်။

**အပြုအမူများကို လွှမ်းခြုံထား**

ဤစိတ်အခြေခံဖြင့် တုံ့ပြန်စောင့်ရှောက်တတ်သော မြန်မာတို့တွင် ပံ့ပိုးနေသော ရုပ်ဝတ္ထုပတ်ဝန်းကျင် အခြေခံများစွာရှိပါသည်။ အဓိက အကြောင်းရင်းနှစ်ခုမှာ အချိန်နှင့်နေရာ ပြည့်စုံခြင်းပင် ဖြစ်ပါသည်။ အလိုနည်းခြင်း၊ မွေးမြူလွယ်ခြင်း၊ လူတိုင်းအပေါ်မှာ မိမိ၏ရင်မှဖြစ်သော တစ်ဦးတည်းသောသားကို ချစ်သကဲ့သို့ ချစ်တတ်ခြင်းများသည် မြန်မာတို့၏ အပြုအမူများကို လွှမ်းခြုံထားလေသည်။

အရှေ့တိုင်းသားချင်းအတူတူ မတူညီသော ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်နှင့် စိတ်ဆန္ဒများအပေါ် အခြေတည်၍ အလိုကြီးခြင်း၊ မရောင့်ရဲနိုင်ခြင်းတို့ကြောင့် လောဘ၊ ဒေါသ၊ မောဟ မီးတောက်ကြီးလှသော ပုထုဇဉ်လူသားများကိုလည်း တွေ့နိုင်ပါသည်။

ကမ္ဘာကြီးနှင့်ယှဉ်လျှင် ကျွန်တော်တို့တွင် အချိန်ပိုများစွာရှိနေ၏။ ထိုအချိန်များကို ထိုက်တန်စွာအသုံးချသူများမှာ စီးပွားရေး၊ လူမှုရေး မျက်နှာစာတွင် စန်းပွင့်၏။ လူချစ်လူခင်များ၏။ သူတစ်ပါးကောင်းကျိုးဆောင်ဖို့ အချိန်တွေရှိနေ၏။ ထို့ပြင် လူဦးရေထူထပ်ကျပ်သိပ်မနေဘဲ အပြောကျယ်လှသော သဘာဝပတ်ဝန်းကျင်ကို ပိုင်ဆိုင်ထားကြသဖြင့် စားဝတ်နေရေးမှာ အချို့နိုင်ငံများမှ နိုင်ငံသားများလောက် အစွန်းမရောက်ချေ။

ကျွန်တော် အာဖရိကတိုက် ယူဂန္ဒာနိုင်ငံမှ ရွာတစ်ရွာသို့ရောက်ခဲ့၏။ နေ့လယ်တွင် ရွာသူ ရွာသားများသည် သစ်ပင်ရိပ်အောက်၌စုထိုင်ကာ စကားပြောလိုက်၊ ခေါင်းရည်သောက်လိုက်နှင့် စည်ကားနေလေသည်။ သို့သော် သူတို့ပတ်ဝန်းကျင်တွင် စွန့်ပစ်ပစ္စည်းများကြောင့် သန့်ရှင်းမှု အားနည်းနေ၏။ အိမ်ရှင်ဖြစ်သူ ယူဂန္ဒာကျန်းမာရေးဝန်ထမ်းမှာ အလွန်ရှက်၊ အလွန်စိတ်ဆိုးပြီး ရွာသားတွေကို အပြစ်တင်တော့၏။

"ရှင်တို့ပျင်းလို့ ကျွန်မတို့နိုင်ငံ မတိုးတက်တာ" ဟု ဆိုလေ၏။ သူ့စကားကိုကြားရသော် ကျွန်တော်တို့ ဥပမာပေးလေ့ရှိသော ဖွံ့ဖြိုးရေးဇာတ်လမ်းတစ်ပုဒ်ကို သွားသတိရ၏။

လူတစ်ယောက်သည် သစ်ပင်ရိပ်တွင် မှိန်းရင်း ငါးမျှားနေလေသည်။

"ခင်ဗျားကို ငါးဖမ်းနည်းသင်ပေးရမယ်" ဟု ဖွံ့ဖြိုးရေးသမားက ဆို၏။

"အဲဒီတော့ ဘာဖြစ်မလဲ" ဟု ရွာသားက ပြန်မေး၏။

" ငါးများများရအောင်လုပ်၊ ငွေများများရမယ်"

"အဲဒီတော့ ဘာဖြစ်မလဲ"

"ငွေရှိတော့ မပင်မပန်းဘဲ နေနိုင်တာပေါ့"

"အခုလည်း မပင်မပန်းဘဲနေ နေတာပဲ" ဟု ရွာသားက ပြောလေ၏။

ကျွန်တော်တို့မှာ ဘဝတန်ဖိုးချင်း မတူကြပါ။

မိမိ၏ဆန္ဒအလျောက် ရိုးရှင်းစွာ နေထိုင်ခြင်းဘက်သို့ ကမ္ဘာကြီး၏အရွေ့ရှိလာပြီကို သာမန်ပညာတတ်တို့ သတိမထားမိနိုင်ပါ။

"ဇိကုပ်ပြီး နတ်ပြည်တင်တာ မြင့်တယ်ထင်ပြီး ခုန်ချတယ်" ဟု အားမလိုအားမရ အပြစ်တင်ပြီး ဒေါသပွားနေသော ဖွံ့ဖြိုးရေးသမားများနှင့် ဆုံဖူးပါ၏။

> ● မြန်မာတို့၏ "နေတတ်ခြင်း"ကို ဗုဒ္ဓဘာသာ တရားအဆုံးအမနှင့် တိုင်းတာသောအခါ ယောနိသောမနသိကာရ မျှတအောင်နှလုံးသွင်းခြင်းအပေါ်၌ အခြေခံသည်ဟု ယူဆရလေသည်။ ကြုံတွေ့လာသမျှတွေကို ဖြဟ္မစိုရ်တရားနှင့်ညှိ၍ မေတ္တာစိတ်၊ ကရုဏာစိတ်၊ ဥပေက္ခာစိတ်တို့ဖြင့် နှိုင်းချိန်၍ ထိုက်လျောက်စွာ အသုံးချတတ်လေသည်။ မုဒိတာပွား၍လည်း နေသွားနိုင်ပါသည်

"ကျွန်တော်တော့ ဒီရွာသူ ရွာသားတွေလို နေချင်လှပြီ"ဟု ကျွန်တော် ပြောလိုက်သောအခါတွင် ယူဂန္ဒာအိမ်ရှင်ဝန်ထမ်းမှာ အံ့သြသွားလေသည်။ ကျွန်တော်လည်း အလုပ်ခြောက်ခုလောက်ကို ဇယ်စက်သလို လုပ်နေရ၏။ ငြိမ်ငြိမ်မနေရဘဲ ခရီးတွေသွားရ၏။ ကောင်းကောင်းမအိပ်ရဘဲ အိပ်ချိန်တွင် နောက်တစ်နေ့ အလုပ်အတွက် စဉ်းစားနေရ၏။ စက်ရုပ်တစ်ရုပ်ကို သံပတ်ပေးထားသလိုပင်။

တစ်သက်လုံး ကြိုးစားလေ့လာနေသမျှမှာ မပြီးနိုင်၊ မကုန်နိုင်။ စာအုပ်ခေတ်မှ ကွန်ပျူတာခေတ်သို့ ပြောင်းလာသောအခါ ထိုကွန်ပျူတာ၏မောင်းနှင်မှုကို ပြန်၍ ခံရပါ၏။ ထမင်းဆာနေပေမယ့် ကွန်ပျူတာက ရပ်လို့မရသေး။ ထိုင်ရာကထ၍မရ။ မျက်လုံးကို အနားပေးဖို့ အခွင့်အရေးမရှိ။ ထိုမှတစ်ဖန် စမတ်ဖုန်းတွေခေတ်သို့ ပြောင်းလဲလာသောအခါတွင် လက်ကိုင်ဖုန်းထဲမှာ တစ်ရုံးလုံး၏ အသုံးအဆောင်များ ပြည့်နေ၏။ အလုပ်အတော်များများမှာ ဖုန်းတစ်လုံးထဲရှိနေရုံနှင့် ပြီး၏။ သို့သော် လက်တွေ့တွင် လက်ထဲကဖုန်း၏ ခေါ်ဆောင်ရာသို့ အာရုံက လိုက်ရပြန်လေသည်။

**လူ့အသိုင်းအဝိုင်းအလယ်က စက်ရုပ်များ**

အလုပ်ထဲမှာ မဲနေသဖြင့် လူမှုရေးတွေ ထိခိုက်၏။ ကျန်းမာရေးတွေ လျော့ပါးလာ၏။ တယ်လီဖုန်းမှတစ်ဆင့်၊ ဆိုရှယ်မီဒီယာမှတစ်ဆင့် ထွက်လာပြီဆိုလျှင်မူ အပျော်တမ်းမဟုတ်တော့။ "ခေတ်ကျွန်" အဖြစ် နွံနစ်၍သွားတော့၏။ အပျော်တမ်း ဖုန်းပွတ်ရသူများကို နေရာတကာမြင်ရ၏။ အလုပ်ပျက်၊ အကိုင်ပျက်၊ အအိပ်ပျက်၊ အစားပျက်၊ ဆွေပျက်၊ မျိုးပျက်ဖြစ်ရင်း လူ့အသိုင်းအဝိုင်းအလယ်က စက်ရုပ်များဖြစ်၍ နေကြလေသည်။

ယူဂန္ဒာနိုင်ငံမှ ရွာသားများမှာမူ အုပ်စုအလိုက် စကားဖောင်ဖွဲ့ရင်း ရယ်မောပျော်ရွှင်နေကြလေသည်။ လူကြားထဲတွင် ပုန်းကွယ်နေသူများလည်း မရှိချေ။ ကျွန်တော်တို့အဖွဲ့က ကြိုတင်အကြောင်းမကြားဘဲ လမ်းကြုံဝင်သွားသော ရွာဖြစ်သော်လည်း ရွာသူရွာသားများမှာ ဝင်လာသောလူစိမ်းနိုင်ငံခြားသားများကို အံ့သြခြင်းမရှိဘဲ ပုံမှန်အတိုင်းသာ ဆက်ဆံကြပါသည်။

ကျွန်တော်တို့အဖွဲ့က သူတို့အိမ်သားများကို စိတ်ဝင်စားပါသည်။ ရွာသူရွာသားတို့ကမူ သူတို့၏ သားသမီးများကိစ္စ၊ အမျိုးသမီးများ၏ ကျန်းမာရေး စောင့်ရှောက်မှုကိစ္စများကို စိတ်ဝင်စားကြ၏။ သူတို့နှင့် ကျွန်တော်တို့၏ ရှုဒေါင့်များမှာ ကွာဟနေသည်ဟု ထင်ပါ၏။ အထူးသဖြင့် ရွာသူရွာသားများ ယုံကြည်သော "လူမှုရေးသုခ" နှင့် ကျွန်တော်တို့ သတ်မှတ်သော လူမှုရေးသုခစံနှုန်းများသည် ကွဲပြားနေပါသည်။

**လူ့အဖွဲ့အစည်းအတွင်း လုံခြုံမှု၊ ပျော်ရွှင်မှု**

မကြာခင်က သုတေသနပြုခဲ့သော ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသမီးဖြစ်သူ ဂျပန်လူမျိုး "ကာနဲတာနာကာ"နှင့် အင်တာဗျူးတစ်ခုတွင် သူ၏ နေထိုင်မှုဘဝဟန်ကို ဖော်ပြထားပါသည်။ အသက် ၁၁၉ နှစ်ရှိသည်ထိ ကျန်းမာဆဲ အမျိုးသမီးကြီး၏ ဘဝဖြတ်သန်းမှုကို လေ့လာရာတွင် စိတ်ဝင်စားစရာ အကြောင်းရင်းတစ်ခုမှာ "Sense of Community" ခေါ် လူ့အဖွဲ့အစည်းအတွင်း လုံခြုံမှု၊ ပျော်ရွှင်မှု ခံစားချက်ကို တွေ့ရပါသည်။ တန်းတူညီတူ လူတိုင်းပါဝင်မှု၊ လူ့အဖွဲ့အစည်းမှ သက်ကြီးရွယ်အိုများကို စောင့်ရှောက်နိုင်မှု၊ ထိုလူ့အဖွဲ့အစည်းမှာ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုနှင့် ထိုလူ့အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်လာသော စိတ်ဖိစီးမှု၊ ဖိအားများကို လျှော့ချထားနိုင်မှုများကို အကြောင်းရင်းအဖြစ် ဖော်ပြထားသည်။

ယူဂန္ဒာရွာသားများကို ဂျပန်ပေတံနှင့် တိုင်းတာကြည့်လျှင် "Sense of Community" ဟူသော လူ့အဖွဲ့အစည်း၏အတွင်းမှ လုံခြုံမှု၊ ပျော်ရွှင်မှုခံစားချက်များ တူညီနေသည်ကို တွေ့နိုင်ပါသည်။ ကမ္ဘာပေါ်တွင် ချမ်းသာသော ဂျပန်နိုင်ငံနှင့် အာဖရိကတိုက်က သာမန်နိုင်ငံတစ်ခုတွင် ရုပ်ဝတ္ထုဖွံ့ဖြိုးမှုခြင်း ကွာဟသော်လည်း "နေပျော်ခြင်း" တစ်နည်းအားဖြင့် "နေကောင်းခြင်း" မှာ အတူတူပင် ဖြစ်နေပါသည်။

ယဉ်ကျေးမှု အဆင့်အတန်းမြင့်ခြင်းဟုဆိုရာတွင်လည်း ဂျပန်တို့ယဉ်ကျေးမှုအဆင့်အတန်း မြင့်သကဲ့သို့ အာဖရိကတိုက်တွင် ယဉ်ကျေးမှုသမိုင်းမှာလည်း ရှည်လျားလှပါသည်။ ဓလေ့ထုံးစံများမှာလည်း နှိုင်းယှဉ်စရာ မလိုလောက်အောင် ကွာခြားသဖြင့် ပန်းသီးနှင့် လိမ္မော်သီးကဲ့သို့ ယှဉ်ပြတိုင်းတာ၍ မဖြစ်နိုင်ချေ။

မြန်မာတို့ကိုလည်း သူများနိုင်ငံမှ ပေတံများနှင့် နှိုင်းယှဉ်ခြင်းဖြင့် အဖြေမှန်မရနိုင်ပါ။ သို့ရာတွင် အခြေခံအားဖြင့် တူညီနေသည်မှာ "Sense of Community" ပင် ဖြစ်ကြောင်း တွေ့ရပါသည်။ ဤအချက်မှာ ကျန်းမာခြင်း၊ ပျော်ရွှင်ခြင်း၊ အသက်ရှည်၍ အနာကင်းခြင်းများ၏ အခြေခံဖြစ်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။

အသက် ၁၁၉ နှစ်အရွယ်ရှိ ဂျပန်အမျိုးသမီးကြီး ကျန်းမာစွာရှိနေခြင်းမှာ ဂျပန်နိုင်ငံအတွက် ရှားပါးသော အဖြစ်အပျက်မဟုတ်ချေ။ ကမ္ဘာပေါ်တွင် အသက်ရာကျော် နေနိုင်သူအများဆုံးရှိရာ ဂျပန်နိုင်ငံ၏ အိုကီနာဝါ ကျွန်းသူ ကျွန်းသားများကို လေ့လာသောအခါတွင် ရိုးရှင်းသောနေထိုင်မှုဘဝဟန်၊ သန့်ရှင်း၍ သဘာဝကျသော ပတ်ဝန်းကျင်၊ မျှတသော အစာအာဟာရနှင့် တစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းအလိုက် ကျန်းမာမှုကို အခြေခံလေသည်။

ဤနေရာတွင် "နေတတ်ခြင်း" သည် အရေးပါသော "သော့ချက်" ဖြစ်လာပါသည်။ ကာမဂုဏ်အာရုံကို အဆုံးစွန်လိုက်စားခြင်းက တစ်ဖက်၊ မိမိခန္ဓာကို ညှဉ်းဆဲ၍ အားထုတ်ခြင်းက တစ်ဖက်၊ အစွန်းနှစ်ဖက်ကို မရောက်စေဘဲ "မလျော့မတင်း စောင်းကြိုးညှင်းသကဲ့သို့" ဟူသော ကျင့်နည်းကို ရှာဖွေကျင့်ကြံဖို့ လိုလေသည်။

သီအိုရီအရတော့ "ရှင်သန်ထက်မြက်နေသော ညီမျှခြေ" (Dynamic Balance ) ကို အရယူရန် လိုသည်ဟု ဆိုပါသည်။ ကျောက်တုံးကို တစ်နေရာမှာ ချထားလျှင် ငြိမ်နေပါမည် ။ မညီမျှဖြစ်နေပါလိမ့်မည်။ သို့ရာတွင် ရှင်သန်ထက်မြက်သော ညီမျှခြေမဖြစ်နိုင်။ လူတို့သာလျှင် ဤသို့ကျင့်ကြံနိုင်ပါ၏။

**လွှမ်းခြုံပြည့်စုံသော ကျန်းမာမှု**

ရှင်သန်ထက်မြက်နေသော ညီမျှခြေကို ကျင့်ရမည်။ အခြေအနေမှာ မိမိခန္ဓာကိုယ်နှင့် စိတ်တို့၏ စက္ကန့်မလပ် ပြောင်းလဲနေလျက်က ညီမျှခြေ၊ မိမိနှင့် ရုပ်ဝတ္ထုပတ်ဝန်းကျင်တို့၏ညီမျှခြေ၊ မိမိနှင့်ပတ်ဝန်းကျင်လူ့အဖွဲ့အစည်း၏ ညီမျှခြေများကို ကြည့်၍ ညှိရန်လိုပေသည်။ ထိုအခါတွင် ရလဒ်အဖြစ် (Holistic Health) ခေါ် လွှမ်းခြုံပြည့်စုံသော ကျန်းမာမှုကို ရလာပေလိမ့်မည်။

မြန်မာလို အလွယ်ဆုံးဆိုရလျှင် "နေကောင်းခြင်း" ပင်ဖြစ်ပါသည်။ နေတတ်လျှင် နေကောင်းပါသည်။

ကိုယ့်အတွက် ကိုယ့်မိသားစု၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်ကမ္ဘာအတွက် မေတ္တာဖြင့် အလုပ်လုပ်ရင်း ဘဝတစ်ခုကို အဓိပ္ပာယ်ရှိစွာ နေခွင့်ရှိပါသည်။ ။

# ဗီဇာအမျိုးမျိုးဖြင့်ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို စနစ်တကျဖြစ်စေရေး နိုင်ငံခြားသားထိန်းသိမ်းရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ် ဖော်ဆောင်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ၂၀၂၂ ခုနှစ်အတွက် လုပ်ငန်းအရှိန်အဟုန်ဖြင့်ဆောင်ရွက်ရမည့် ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများကို တွေ့ဆုံမှာကြားသည့် အစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**





ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် အရေးပါသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုနိုင်ငံတော်အစိုးရ ကာလအတွင်း လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန အနေဖြင့် ဗီဇာအမျိုးမျိုးဖြင့် ဝင်ရောက်လာသည့် နိုင်ငံခြားသားများ၊ နိုင်ငံအတွင်း အမြဲနေနိုင်ငံခြားသားများကို စနစ်တကျဖြစ်စေရေးအတွက် နိုင်ငံခြားသားထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို ဖော်ဆောင်လျက် ရှိပါကြောင်း၊ အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာနအနေဖြင့် နိုင်ငံသားတိုင်း လူမှုဘဝ ဆောင်ရွက်မှုတိုင်းတွင် မရှိမဖြစ်လိုအပ်သည့် နိုင်ငံသားဖြစ်မှုအထောက်အထားရရှိစေရေး အတွက် ပန်းခင်းစီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံ၏ လူမှုစီးပွားရေးဆိုင်ရာ စီမံကိန်းများ ရေးဆွဲချမှတ်ဆောင်ရွက်ရာတွင် လိုအပ်သော စာရင်းအင်းကိန်းဂဏန်းအချက်အလက်များ ရရှိစေရေးအတွက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုကာလအတွင်း ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ယင်းလုပ်ငန်းများအပြင် e-ID ဌာနအနေဖြင့် နိုင်ငံတော်၏ e-Government စနစ်အတွက် အခြေခံအကျဆုံးလုပ်ငန်းဖြစ်သည့် e-ID စနစ်လုပ်ငန်းကိုလည်း ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ယခုနိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလအတွင်း အချို့လုပ်ငန်းများအား ပြီးပြတ်အောင်မြင်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပြီး အချိန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကို မပြီးပြတ်နိုင်သော်လည်း ရုပ်လုံးပေါ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များနှင့် နိုင်ငံတော်၏ စီမံချက်တစ်ခုအဖြစ်ဆောင်ရွက်နေသည့် ပန်းခင်းစီမံချက်ကို သတ်မှတ်ကာလအတွင်း မဖြစ်မနေ ပြီးစီးအောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်ကို အကောင်အထည်ဖော်ခြင်း ဖြစ်သည့် အလျှောက် မည်သို့ပင် အခက်အခဲ၊ အဟန့်အတားများ ရှိစေကာမူ လျာထားချက် ပြည့်မီပြီးစီးရေး အတွက် လုပ်နိုင်သမျှသောနည်းလမ်းများဖြင့် တွေးတောကြံဆ ဆောင်ရွက်ကြရန် လိုကြောင်း၊ သမားရိုးကျ ဆောင်ရွက်ခြင်းထက် နယ်မြေဒေသအလိုက် အမြဲမပြတ်လှေ့လာဆန်းစစ်ကာ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လုပ်ငန်းတိုးတက်မှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ယခုကာလသည် ပန်းခင်းစီမံချက် လျာထားချက် ထက်ဝက်ခန့် ပြီးစီးနေရမည် ဖြစ်သော်လည်း အချို့တိုင်းဒေသကြီး/ ပြည်နယ်ကိုးခုသည် အကြမ်းဖျင်းအားဖြင့် လျာထားချက် သတ်မှတ်ရာခိုင်နှုန်းအထိ ရောက်ရှိနေကြပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသည် လျာထားချက် သတ်မှတ်ရာခိုင်နှုန်း ပြည့်မီရေးအတွက် လိုအပ်ချက်များရှိနေသေးသည်ကို တွေ့ရှိရကြောင်း၊ ဆောင်ရွက်ပြီးစီးမှုများတွင် ခိုင်ခိုင်မာမာ ပြီးစီးကြောင်းနှင့် စနစ်တကျဖြစ်စေရေး အတွက် အထောက်အထား ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ထားရန် လိုကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းသည် ပန်းခင်းစီမံချက် လျာထားချက်ပြီးစီးသော်လည်း ရပ်တန့်ပြီးဆုံးသွားသည့် လုပ်ငန်းမဟုတ်သည့်အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရမည့် လုပ်ငန်းဖြစ်သည်နှင့်အညီ အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းသဘောသဘာဝအား မိမိတို့လက်အောက်ရှိ ဝန်ထမ်းများအားလုံး သိရှိနားလည်စေရေး အတွက်လည်း ရှင်းလင်းချပြ ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ လက်ရှိအခြေအနေတွင် မိမိတို့ဌာနအတွက်၊ နိုင်ငံတော် အတွက် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းသည် ပန်းခင်းစီမံချက်ဖြစ်သည်ကို အသိစိတ်ဓာတ်အပြည့်ဖြင့် ယုံကြည်ချက်၊ ခံယူချက်ရှိရှိ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ကိုရီးယားသမ္မတနိုင်ငံမှ ဆိတ်နို့မှုန့်ဘူးများလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားရှိသော ကလေးပြုစုရေးဌာနများမှ စောင့်ရှောက်ထားရှိသည့် ကလေးသူငယ်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးကြပ်ဖွင့်လှစ်ထားရှိသည့် ပရဟိတဂေဟာများမှ စောင့်ရှောက်ထားရှိသည့် ကလေးသူငယ်များအတွက် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ ILDONG FOODIS Co, Ltd မှ ဆိတ်နို့မှုန့်ဘူးများလှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Virtual ပုံစံဖြင့် ကျင်းပသည်။ **(အောက်ဝဲပုံ)**



အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူး၊ အလှူရှင် ILDONG FOODIS Co, Ltd နှင့် SUN SHINE YANGON Co, Ltd တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အလှူရှင်များလှူဒါန်းသည့် ဆိတ်နို့အာဟာရကို စားသုံးရသည့်အတွက် ကလေးသူငယ်များ၏ အာဟာရလိုအပ်ချက်ကို အထောက်အပံ့ကောင်းစွာ ဖြစ်စေကြောင်း၊ ယခုလှူဒါန်းသည့် ဆိတ်နို့မှုန့်ဘူးများကို လူမှုဝန်ထမ်းဦးစီးဌာန၊ ကလေးပြုစုရေးဌာနများနှင့် တည်ထောင်ခွင့်ပြုမိန့်ရ ပရဟိတဂေဟာများသို့ အမြန်ဆုံးဖြန့်ဝေပေးပို့သွားမည် ဖြစ်ကြောင်း၊ စောင့်ရှောက်ထားရှိသည့် ကလေးသူငယ်များသည် အနာဂတ်နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သဖြင့် လှူဒါန်းပေးအပ်သော အလှူရှင် ILDONG FOODIS Co, Ltd နှင့် လှူဒါန်းနိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးသည့် SUN SHINE YANGON Co, Ltd အပါအဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအားလုံးတို့ကို ကလေးသူငယ်များနှင့် ဝန်ကြီးဌာနကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အလှူရှင် ILDONG FOODIS Co,Ltd မှ Chief Executive Officer Mr. Tae Win Kim က ကျေးဇူးတင်စကားပြောကြားပြီး ဆိတ်နို့မှုန့်ဘူး ၈၈၈၀ ကို ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးထံသို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အလှူရှင်များကိုယ်စား လက်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းဘုရင့်တပ်မတော်နေ့ ညှော်ခံပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ထိုင်းဘုရင့်တပ်မတော်နေ့ ညှော်ခံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသော ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် ညှော်သည်တော်များကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံဒုတိယ သံအမတ်ကြီး Mrs.Kanokwan Pengsuwan ၊ ထိုင်းနိုင်ငံစစ်သံမှူး Senior Colonel. Saranyanis Sutthi-wajchinadej နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နှစ်နိုင်ငံ နိုင်ငံတော်သီချင်းကို ဖွင့်လှစ်ကာ အလေးပြုကြပြီး ထိုင်းစစ်သံမှူးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ထိုင်းဘုရင့်တပ်မတော်နေ့၏ video ကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် ထိုင်းစစ်သံမှူးတို့က ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ကြပြီး တက်ရောက်လာကြသော ညှော်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)** ထို့နောက် ထိုင်းစစ်သံမှူးနှင့် ဇနီးတို့က အခမ်းအနားသို့ တက်ရောက်လာကြသော ညှော်သည်တော်များကို နေ့လယ်စာဖြင့် တည်ခင်းညှော်ခံခဲ့ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

# တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၁)နှင့် တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၅) သင်တန်းဆင်းပွဲကျင်းပ





ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်မိုးအောင် တပ်မတော်(ရေ)အရာရှိငယ် (စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ် (၈၁)နှင့် တပ်မတော်(ရေ)အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

တပ်မတော်(ရေ)အရာရှိငယ် (စီမံခန့်ခွဲရေး)သင်တန်း အမှတ်စဉ်(၈၁)နှင့် တပ်မတော်(ရေ)အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်မိုးအောင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်မိုးအောင်က ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်း တပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ် (ရေ) ကို အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၁)မှ အကောင်းဆုံးကျောင်းသားဆုရ ဗိုလ်ထွန်းဝေယံနှင့်ရေကြောင်းပညာစာပေထူးချွန်ဆုရ ထင်အောင်လင်းတို့အားလည်းကောင်း၊ တပ်မတော်(ရေ)အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ် (၅၅) မှ အကောင်းဆုံး ကျောင်းသားဆုရ တာရာဖြိုးနှင့် ရေကြောင်းအင်ဂျင်နီယာပညာ စာပေထူးချွန်ဆုရ သန့်ဇင်ဝင်းတို့ကို လည်းကောင်း ထူးချွန်ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်မိုးအောင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် "သင်တန်းဆင်း အရာရှိများကို သင်တန်းကာလအတွင်းမှာ နိုင်ငံတကာရေတပ် စံနှုန်းများနှင့်အညီ ရေကြောင်းဆိုင်ရာပညာရပ်များ၊ ရေတပ်စက်မှုလက်မှု ပညာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ပြီးဖြစ်၍ လုပ်ငန်းခွင်မှာ တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်နှင့် စစ်ရေယာဉ်များ၌ တွဲဖက်ပြီး ဆက်လက်လေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်လက်တွေ့လေ့ကျင့်မှုများပြီးဆုံးချိန်တွင် သတ်မှတ် အရည်အချင်းပြည့်မီသူများကို စစ်ရေယာဉ်များတွင် စတင်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထိုက်သင့်သောလုပ်သက်နှင့် လုပ်ငန်းအတွေ့အကြုံရရှိပြီးချိန်တွင် အထူးပြုဘာသာရပ်ဆိုင်ရာ သင်တန်း (Specialize Course) များကို ထပ်မံတက်ရောက် လေ့ကျင့်သင်ကြားရမည်ဖြစ်ကြောင်း။

တပ်မတော်(ရေ)သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခြင်းဖြစ်ပြီး ခေတ်အဆက်ဆက် ပေါ်ပေါက်ခဲ့သော ပြည်တွင်းသောင်းကျန်းမှုအန္တရာယ်နှင့် ပြည်ပခြိမ်းခြောက်မှုများကို တပ်မတော်(ကြည်း)၊ တပ်မတော်(လေ)တို့နှင့်အတူ ပူးပေါင်းတွန်းလှန်ဖယ်ရှားနိုင်ခဲ့သည့် အစဉ်အလာကောင်းများ ရှိကြောင်း၊ တပ်မတော်(ရေ)ကို စတင်ဖွဲ့စည်းစဉ်က စစ်ရေယာဉ်အနည်းငယ်သာ ပိုင်ဆိုင်ခဲ့သော်လည်း ယနေ့အချိန်တွင် ဖရီဂိတ်စစ်ရေယာဉ်များအထိ ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲ တည်ဆောက်လာနိုင်ခဲ့ပြီး တိုက်ခိုက်ရေးရေငုပ်သင်္ဘောများအပါအဝင် **ကုန်းရေနှစ်သွယ်** ဘက်စုံသုံးစစ်ရေယာဉ်ကြီးများကိုပါ ပိုင်ဆိုင်သည်အထိ တိုးတက် ဖွဲ့စည်းလာနိုင်ပြီဖြစ်ကြောင်း၊ ခေတ်မီစစ်ရေယာဉ်များကို တိုးတက်ဖွဲ့စည်းနိုင်ခဲ့သဖြင့် ပင်လယ်ပြင်စစ်ဆင်ရေးတာဝန်များအား အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နိုင်ခဲ့သည့် ရေတပ်အဖြစ်မှ ယခုအချိန်တွင် သီးသန့်စီးပွားရေးဇုန်နှင့် ပင်လယ်ပြင်နယ်နိမိတ်တစ်လျှောက် စိုးမိုးထိန်းချုပ်နိုင်သည့် ရေတပ်အဖြစ်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ တပ်မတော်(ရေ) တည်ဆောက်မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **"နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရန်အတွက် အကောင်းဆုံးသော အာမခံချက်ဟာ စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးအင်အားစု တည်ဆောက်ပိုင်ဆိုင်ခြင်းပဲဖြစ်တယ်၊ ဒီလိုအဆင့်မြင့်တင် တည်ဆောက်ရာမှာ တပ်မတော်(ရေ)ကို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်ဟူ၍ ရည်ရွယ်တည်ဆောက်ခဲ့တယ်၊ ပထမအဆင့်အနေနဲ့ မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်အထိ အပြည့်အဝအကာအကွယ်ပေးနိုင်ဖို့အတွက် သုံးဖက်မြင် စစ်ဆင်နိုင်စွမ်းရှိတဲ့ (Three Dimensional Combat Ready Navy) အဖြစ်မျှော်မှန်းပြီး တည်ဆောက်ခဲ့ရာမှာ ရေငုပ်သင်္ဘောတပ်ဖွဲ့ ဖွဲ့စည်းနိုင်ဖို့၊ စစ်ရေယာဉ်များ တည်ဆောက်ဖြည့်တင်းနိုင်ဖို့၊ လူသားအရင်းအမြစ်များ ပိုမိုတိုးတက် ကောင်းမွန်အောင် ဖြည့်တင်းဆောင်ရွက်နိုင်ဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ လိုက်လျောညီထွေဖြစ်အောင် အဆင့်ပေါင်းများစွာ၊ ကဏ္ဍပေါင်းများစွာ စဉ်းစားပြီးတော့ ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း"**ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့သည့် တပ်မတော်(ရေ) စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားတွင် မိန့်ကြားခဲ့ကြောင်း၊ ခေတ်မီစစ်ရေယာဉ်များနှင့် ယခုကဲ့သို့ မျှော်မှန်းချက်ထား တည်ဆောက်လျက်ရှိသဖြင့် ပညာရပ်ပိုင်းဆိုင်ရာအလိုက် ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာလေ့ကျင့်သွားရန်နှင့် လက်အောက်မှ စစ်သည်များကိုလည်း လေ့ကျင့်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)၏ စွမ်းရည်မြင့်မားလာသည်နှင့်အမျှ နိုင်ငံတော်အား ပင်လယ်ပြင်မှကျူးကျော်မှု မှန်သမျှကို ရှေ့တန်းကျကျခုခံကာကွယ်ရန်၊ နိုင်ငံတော်၏ ရေကြောင်း အကျိုးစီးပွားများကို ကာကွယ် စောင့်ရှောက်ရန်နှင့် (ကြည်း/ ရေ/ လေ) ပူးပေါင်း စစ်ဆင်ရေး ဆင်နွှဲနိုင်စွမ်းရှိရန် ဆိုသည့် တပ်မတော် (ရေ) ၏ ရည်မှန်းချက်တာဝန်များကို ပိုမိုထိရောက်စွာ ထမ်းဆောင်နိုင်မည် ဖြစ်ကြောင်း၊ တပ်မတော်(ရေ) အနေဖြင့် မျှော်မှန်းချက်အမြင်နှင့် ရည်မှန်းချက်တာဝန်များကို ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် စစ်ရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ သံတမန်ရေးရာ ကဏ္ဍနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး ကဏ္ဍဆိုသည့် ကဏ္ဍကြီး(၄)ရပ်မှာ စွမ်းရည်ပြည့်ဝစွာ တာဝန်ထမ်းဆောင်နိုင်ရေး ဦးတည်ဆောင်ရွက်လျက် ရှိကြောင်း၊ တပ်မတော်(ရေ)အနေနှင့် ရည်မှန်းချက်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသလို ရည်မှန်းချက်တာဝန်များ အောင်မြင်ရန်အတွက် စိတ်ဓာတ်နှင့် စည်းကမ်းသည် အတူတွဲပြီး ပြုမူကျင့်ကြံနေထိုင်ရသည်ဖြစ်သဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းအောင် လေ့ကျင့်မွေးမြူကြဖို့လိုကြောင်း၊ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ရန် တွေးခေါ်မျှော်မြင်နိုင်ရန်အတွက် ဗဟုသုတပြည့်စုံကြွယ်ဝရန်လိုအပ်ပြီး "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အမြဲကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများတွင် တတ်စွမ်းသရွေ့ ဝိုင်းဝန်းကူညီပေးနိုင်ရေး ကြိုတင်မျှော်တွေးပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း၊ ပင်လယ်ပြင်လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန် နိုင်ငံတကာရေကြောင်းဥပဒေများနှင့် ပြည်တွင်းရေကြောင်းဥပဒေများကိုပါ သိရှိလိုက်နာရမည့်အပြင် စစ်ပွဲဆိုင်ရာဥပဒေ (Law of Armed Conflict) နှင့် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်း (Rules of Engage-ment) များကိုလည်း သိရှိလိုက်နာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရေတပ်ပညာကျွမ်းကျင်ထက်မြက်ပြီး စွမ်းရည် ၃ ရပ် အမြဲပြည့်စုံအောင် ကြိုးပမ်းလေ့ကျင့်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အထိ အပြည့်အဝ ကာကွယ်နိုင်ရေးအတွက် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy) အဖြစ် တည်ဆောက်ရာတွင် ရဲဘော်ရဲဘက်စိတ်အပြည့်နှင့် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် လိုကြောင်း" ပြောကြားခဲ့သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ် (ရေ) နှင့် အခမ်းအနားသို့ တက်ရောက်လာသော အရာရှိကြီးများသည် ကျောင်းဆင်းအရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆိပ်ကမ်းများမှ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Generator) နှစ်ခုအား တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် ခရီးသွားကန့်သတ်ချက်များ ဖြေလျှော့

ဘန်ကောက် ဇန်နဝါရီ ၂၀

**ထိုင်းနိုင်ငံသည် လွန်ခဲ့သည့်လက ရပ်ဆိုင်းခဲ့သော ၎င်း၏ဆိုက်ရောက် ကွာရန်တင်းကာလကို လျှော့ပေါ့ပေးရန်အစီအစဉ်ကို ပြန်လည်စတင်ရန် ဆုံးဖြတ်လိုက်သည်။**



ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်၌ ခရီးသွားများ ပါးစပ်နှာခေါင်းစည်းများတပ်ထားသည်ကို တွေ့ရစဉ်။

နိုင်ငံပေါင်းစုံမှ ကာကွယ်ဆေးအပြည့်ထိုးထားသည့် ခရီးသွားများသည် ဖေဖော်ဝါရီ ၁ ရက်တွင် ဝင်ခွင့်လျှော့ာက်ထားနိုင်ကြောင်း ထိုင်းကိုဗစ်-၁၉ လုပ်ငန်းအဖွဲ့က ဇန်နဝါရီ ၂၀ ရက်တွင် ကြေညာလိုက်သည်။

၎င်းတို့သည် ဝင်ခွင့်မတိုင်မီစစ်ဆေးမှုအပြင် ပထမသီတင်းပတ်တွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးခြင်းနှစ်ခုကို လုပ်ရန်လိုအပ်သည်။

နှစ်သစ်ကူးအားလပ်ရက်ပြီးနောက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ရုတ်တရက်မြင့်တက်လာသည်ကို တွေ့မြင်ခဲ့ပြီးနောက် ယခုကဲ့သို့ ဆုံးဖြတ်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သော သီတင်းနှစ်ပတ်ခန့်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ခြောက်ဦးမှ ၈၀၀၀ ကျော်အထိ ရုတ်တရက်မြင့်တက်လာခဲ့သည်။

သို့သော်လည်း အစိုးရပြောရေးဆိုခွင့်ရှိသူက ယခုလက်ရှိအခြေအနေသည် တည်ငြိမ်နေဆဲဖြစ်ကြောင်းနှင့် မကြာမီ ပြည်သူများ ပုံမှန်ဘဝဖြင့် ပြန်လည်နေထိုင်သွားရန် ကြိုးစားဆောင်ရွက်နေကြောင်း ပြောသည်။

ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်မီက ထိုင်းနိုင်ငံသို့ တစ်နှစ်လျှင် လူဦးရေ သန်း ၄၀ နီးပါး လာရောက်ကြသည်။ လွန်ခဲ့သောနှစ်က အဆိုပါကိန်းဂဏန်းသည် နှစ်သိန်းခန့် ကျဆင်းခဲ့သည်။

ထို့အတူ မလေးရှားအစိုးရသည် မိသားစုများ ပြန်လည်ဆုံစည်းနိုင်ရန် လာမည့် တရုတ်နှစ်သစ်ကူးကာလအတွက် ကန့်သတ်ချက်များကို လျှော့ပေါ့ပေးမည်ဖြစ်သည်။ သက်ဆိုင်ရာအာဏာပိုင်များက နှစ်သစ်ကူး၏ ပထမသီတင်းနှစ်ပတ်အတွင်း အိမ်တိုင်ရာရောက် သွားရောက်လည်ပတ်ခြင်းများအတွက် ခရီးသွားကန့်သတ်ချက်မလိုဘဲ ခွင့်ပြုပေးမည်ဖြစ်သည်။

မလေးရှားနိုင်ငံတွင် ဇန်နဝါရီ ၁၉ ရက်က နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၂၀၀ ကျော် ရှိလာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံက တွန်ဂါသို့ အရေးပေါ်ပစ္စည်းများ ထောက်ပံ့

**တိုကျို ဇန်နဝါရီ ၂၀**

ဂျပန်လေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သည် သောက်ရေများတင်ဆောင်ထားသော လေယာဉ်နှစ်စင်းကို သဘာဝဘေးဒုက္ခကြုံတွေ့နေသော တွန်ဂါသို့ ဇန်နဝါရီ ၂၀ ရက်ထက်နောက်မကျဘဲ ပေးပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

စီ-၁၃၀ သယ်ယူပို့ဆောင်ရေးလေယာဉ်သည် ဂျပန်နိုင်ငံအလယ်ပိုင်း အိုက်ချီခရိုင် ကိုမာကီလေတပ် အခြေစိုက်စခန်းမှ သြစတြေးလျနိုင်ငံသို့ ပျံသန်းထွက်ခွာမည်ဖြစ်သည်။ အဆိုပါနေရာသည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များအတွက် တွန်ဂါသို့ ကယ်ဆယ်ရေးလုပ်ငန်းများ အခြေပြုဆောင်ရွက်ရာနေရာဖြစ်သည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (ဂျိုက်ကာ)က ပြင်ဆင်ပေးလိုက်သော ရေဘူးသေတ္တာများကို ကိုမာကီလေတပ်အခြေစိုက်စခန်းသို့ ဇန်နဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက ပေးပို့ခဲ့သည်။ အလုပ်သမားများက အဆိုပါသေတ္တာများကို လေယာဉ်ပေါ်သို့ မတင်မီ ဂျပန်ပြည်သူများထံမှဆိုသည့် တံဆိပ်ကို ကပ်ပေးလိုက်သည်။

ထို့အပြင် ပင်လယ်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ ပို့ဆောင်ရေးယာဉ်များကိုလည်း ကယ်ဆယ်ရေးလုပ်ငန်းအတွက် ပေးပို့စေလွှတ်သွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## ပါကစ္စတန်နိုင်ငံ လာဟိုမြို့၌ ဗုံးပေါက်ကွဲရာ နှစ်ဦးထက်မနည်းသေဆုံးပြီး ၂၂ ဦး ဒဏ်ရာရ

လာဟို ဇန်နဝါရီ ၂၀

ပါကစ္စတန်နိုင်ငံ မြို့ကြီးဖြစ်သည့် လာဟိုရှိ လူစည်ကားရာ ဈေးဝယ်ကုန်တိုက်များနေရာတွင် ဇန်နဝါရီ ၂၀ ရက်က ဗုံးပေါက်ကွဲခဲ့ရာ နှစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး ၂၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲများနှင့် အရာရှိများက ပြောကြားခဲ့သည်။





ပါကစ္စတန်နိုင်ငံ လာဟိုမြို့ရှိ ဗုံးပေါက်ကွဲသည့်နေရာကို တွေ့ရစဉ်။

အဆိုပါ တိုက်ခိုက်မှုကို ဘလော့ချ်မျိုးချစ်တပ်မတော်က ပြုလုပ်ဖွယ်ရှိကြောင်းနှင့် အဆိုပါအဖွဲ့သည် လူမျိုးစုခွဲထွက်ရေးအုပ်စုများထဲမှ တစ်စုဖြစ်ကြောင်းနှင့် ပါကစ္စတန်အနောက်တောင်ပိုင်းတွင် ဆူပူအုံကြွအကြမ်းဖက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကနဦး လေ့လာစုံစမ်းမှုများအရ ပေါက်ကွဲစေသည့် ချိန်ကိုက်ဗုံးကို ဆိုင်ကယ်ပေါ်တွင်တပ်ဆင်ခဲ့ကြောင်း လာဟိုရဲဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ရာနာအာရစ်က ပြောသည်။

ပေါက်ကွဲမှုကြောင့် ဆိုင်ကယ်အတော်များများ ပျက်စီးခဲ့ပြီး ဈေးဆိုင်တန်းများအပေါ်သို့ လွင့်စဉ်ခဲ့ကြောင်း သိရသည်။

သေဆုံးသူများထဲတွင် အသက်ကိုးနှစ်အရွယ် ကလေးတစ်ဦးလည်း ပါဝင်ကြောင်း အရာရှိများက ပြောသည်။

ပါကစ္စတန် ဝန်ကြီးချုပ် အင်မရန်ခန်က တန်ဖိုးရှိသည့် လူ့အသက်များ ဆုံးရှုံးခဲ့သည့်အတွက် ဝမ်းနည်းကြောင်း ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**

## အသက် ငါးနှစ်မှ ၁၁ နှစ်ကြား ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေးတိုးချဲ့ထိုးပေးမည့် အစီအစဉ် ဂျပန်ကျန်းမာရေးဌာန အတည်ပြု

**တိုကျို ဇန်နဝါရီ ၂၀**

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက အသက် ငါးနှစ်မှ ၁၁ နှစ်ကြားကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေးတိုးချဲ့ထိုးပေးမည့်အစီအစဉ်တစ်ခုကို အတည်ပြုခဲ့သည်။

အမေရိကန်ဆေးဝါးကုမ္ပဏီ ဖိုက်ဇာက ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် အသက် ငါးနှစ်မှ ၁၁ နှစ်ကြား ကလေးများကို တိုးချဲ့အသုံးပြုခွင့်ပေးရန် ခွင့်ပြုချက်တောင်းခံပြီးနောက် ကျန်းမာရေးဝန်ကြီးဌာနက ယခုကဲ့သို့ အတည်ပြုချက်ပေးခဲ့ခြင်း ဖြစ်သည်။

အဆိုပါဆုံးဖြတ်ချက်ကို ဇန်နဝါရီ ၂၀ ရက် ဝန်ကြီးဌာနကျွမ်းကျင်အဖွဲ့များက ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

အသက် ၁၂ နှစ်အောက် ကလေးများကို ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထိုးပေးရန် ယခုကဲ့သို့အတည်ပြုချက်ကို ဂျပန်အာဏာပိုင်များက ပထမဆုံးပေးခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## ဘိုင်ဒန် သမ္မတသက်တမ်း တစ်နှစ်အတွင်း အောင်မြင်မှု၊ စိန်ခေါ်မှုများ ကြုံတွေ့

**ဝါရှင်တန် ဇန်နဝါရီ ၂၀**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်၏ သမ္မတသက်တမ်း တာဝန်ယူမှု တစ်နှစ်တာ ကာလတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရေးအတွက် ကြိုးစား ဆောင်ရွက်မှုများတွင် အောင်မြင်မှုများ ရရှိခဲ့သော်လည်း အမျိုးသားစည်းလုံးညီညွတ်ရေးရရှိရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်မည်ဖြစ်သည်။





အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်။

သမ္မတသက်တမ်း တစ်နှစ်ကာလတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်သည် အိမ်ဖြူတော်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရာ နှစ်နာရီ ကြာခဲ့သည်။

ဘိုင်ဒန်က စိန်ခေါ်မှုများနှင့် ပြည့်နေသည့်နှစ်ဟု ပြောကြားလိုက်သလို တိုးတက်မှုတွေလည်း အများအပြား ရှိခဲ့သည့်နှစ်ဟု ပြောကြားလိုက်သည်။

သို့သော်လည်း ပြည်သူများ၏ အသက်ရှင်သန်နေထိုင်မှုဘဝကို ကိုရိုနာဗိုင်းရပ်စ်၏ အကျိုးသက်ရောက်မှုက ဆက်တိုက်လွှမ်းမိုးနေသည့်ကိစ္စနှင့်ပတ်သက်ပြီး စိတ်ရှုပ်စရာများဖြစ်နေပြီး မောပန်းနွမ်းနယ်လျက်ရှိကြောင်း ဘိုင်ဒန်က မှတ်ချက်ပြုပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး အများကြီးထပ်လုပ်ရမည်ဖြစ်ကြောင်း၊ မပြီးဆုံးသေးကြောင်း ဘိုင်ဒန်က ဆက်လက်ပြောကြားသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်ပြီး လွန်ခဲ့သည့်တစ်နှစ်က ၎င်း ကတိပေးထားသည့် ကိစ္စနှင့် ပတ်သက်ပြီး မေးမြန်းခဲ့ရာ အများအပြား ထပ်လုပ်ရန်လိုသေးကြောင်း ဘိုင်ဒန်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တတိယလှိုင်းကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ဖို့ ကြိုးစားရင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အာရုံစိုက်နေတဲ့ အိန္ဒိယ

ထွန်းကျော်

ကမ္ဘာတစ်ဝန်း ကူးစက်ဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဟာ အိန္ဒိယနိုင်ငံ အနှံ့ တတိယအကျော့အသွင် ကူးစက်ပျံ့နှံ့နေပြီ ဖြစ်ပါတယ်။ အိန္ဒိယ အစိုးရဟာ ကူးစက်ခံစားလွယ်သူတွေကို အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးမှုတွေ စတင်လုပ်ဆောင်နေပြီ ဖြစ်သလို အသက် ၁၅ နှစ်နဲ့ ၁၈ နှစ်ကြား ကလေးတွေကိုလည်း ကာကွယ်ဆေးလွှမ်းခြုံထိုးပေးနိုင်ဖို့ လုပ်ဆောင်နေပြီဖြစ်ပါတယ်။

## ဦးစားပေးအုပ်စုတွေ အပိုဆောင်း ကာကွယ်ဆေးထိုးရမယ်

ဦးစားပေး အုပ်စုတွေဖြစ်တဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ရှေ့တန်းမှာတာဝန်ထမ်းဆောင်နေသူတွေ၊ တခြားရောဂါတစ်ခုခုခံစားနေရတဲ့ အသက် ၆၀ ကျော် အရွယ်တွေဟာ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ဆေးတွေကို ထိုးရတော့မှာ ဖြစ်ပါတယ်။

ကူးစက်မြန် အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်မှုမြင့်တက်လာမှာကို စိုးရိမ်ထိတ်လန့်နေတဲ့ကြားက အိန္ဒိယနိုင်ငံဟာ ဒီလအစောပိုင်းမှာ အသက် ၁၅ နှစ်မှ ၁၈ နှစ်ကြား ကလေးတွေကို ဘာရတ်ဘိုင်အိုတက်ချ်ကိုဗက်ဆင်လို့ခေါ်တဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးခဲ့ပါတယ်။ အဲဒီဆေးဟာ ကလေးတွေမှာ အသုံးပြုဖို့ မကြာသေးမီကမှ အတည်ပြုချက်ရရှိခဲ့တာ ဖြစ်ပါတယ်။

## ဝန်ထမ်းပြတ်လပ်မှုတွေ မြင့်တက်

လတ်တလောမှာ အိန္ဒိယနိုင်ငံရဲ့ ဆေးရုံတွေမှာ ဝန်ထမ်းပြတ်လပ်မှုတွေ ဖြစ်နေပြီး မကြာသေးမီက မြင့်တက်လာတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းဖို့ အထောက်အပံ့ ပစ္စည်းများလည်း ပြတ်လပ်နေပါတယ်။ ဆရာဝန်တွေနဲ့ ဆေးအကူတွေဟာလည်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားမှုကြောင့် ဖျားနာနေတယ်လို့ မီဒီယာတွေမှာ ဖော်ပြထားပါတယ်။

ဒါကြောင့် တချို့ဆေးဘက်ဆိုင်ရာ အဆောက်အအုံတွေရဲ့ ဝန်ဆောင်မှုတွေဟာ ချို့ယွင်းမှုတွေ ဖြစ်နေပါတယ်။

တချို့ဆေးရုံတွေဟာ သူတို့ရဲ့ နေ့စဉ်လည်ပတ်မှုတွေကို ရပ်ဆိုင်းထားရပါတယ်။ တချို့ကလည်း ကွာရန်တင်းစည်းမျဉ်းတွေကို ဖြေလျှော့ပေးခဲ့ပါတယ်။

## ဆေးရုံတွေမှာ လူနာတွေ ပြည့်ကျပ်နေမှာကို စိုးရိမ်

ဆရာဝန်တိုင်းနီးပါး ကိုဗစ်-၁၉ ရောဂါလက္ခဏာ အပျော့စားကူးစက်ဖြစ်ပွားနေပါတယ်။ ဝန်ထမ်းပြတ်လပ်မှုတွေလည်း ဆိုးရွားစွာဖြစ်ပေါ်နေပါတယ်လို့ အိန္ဒိယနိုင်ငံရဲ့ အကြီးဆုံးအစိုးရဆေးရုံတစ်ရုံဖြစ်တဲ့ နယူးဒေလီ ဆက်ဖ်ဒါဂျန်ဆေးရုံက ဒေါက်တာ အနူးအဂ္ဂဝါလ ပြောပါတယ်။

နိုင်ငံအတွင်းမှာရှိတဲ့ ဆေးရုံတွေမှာ နောက်တစ်ခါထပ်ပြီး လူနာတွေနဲ့ ပြည့်ကျပ်နေမယ့် အခြေအနေကို စိုးရိမ်ကြောင်း ကျွမ်းကျင်သူတွေကတော့ သုံးသပ်ပြောကြားထားပါတယ်။ ကိုဗစ်-၁၉ ဒုတိယ အကျော့တုန်းက အိန္ဒိယနိုင်ငံတစ်ဝန်းမှာရှိတဲ့ ဆေးရုံတွေမှာ မနိုင်ဝန်တွေထမ်းခဲ့ရပြီး အောက်ဆီဂျင် ပြတ်လပ်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

## ဝတ်ပြုဆုတောင်းသူတွေကြား ကိုဗစ်-၁၉ ကူးစက်သွားမလား

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်နေတဲ့ကြားက လွန်ခဲ့တဲ့ သီတင်းပတ်က ဟိန္ဒူဝတ်ပြုဆုတောင်းသူတွေဟာ အနောက်ဘင်္ဂလားနဲ့ ဥတ္တရာပရာဒေ့ရှ်တစ်လျှောက် ဂင်္ဂါမြစ်ကမ်းပေါ်မှာ စုရုံးခဲ့ပြီး ဝတ်ပြုဆုတောင်းခဲ့ပါတယ်။ ဒါကတော့ မက်ကာဆန်ကရန်သီပွဲတော်ဖြစ်ပါတယ်။

ဒီလိုလုပ်ခဲ့တာကြောင့် ဝတ်ပြုဆုတောင်းသူတွေကြား ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားတော့မလားဆိုပြီး စိုးရိမ်မှုတွေလည်း မြင့်တက်လာခဲ့ပါတယ်။

## ဒေသတွင်းရွေးကောက်ပွဲ အားပြိုင်မှုတွေလည်းရှိ

ဘာသာရေးပွဲတော်တွေတင် မကပါဘူး။ လာမယ့် ဒေသရွေးကောက်ပွဲအတွက် အားပြိုင်မှုတွေလည်း ရှိနေပါသေးတယ်။ ဒီအခြေအနေတွေဟာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမယ့် အန္တရာယ်ကို လက်ယပ်ခေါ်နေသလိုပါပဲ။ ရွေးကောက်ပွဲကော်မရှင်ကတော့ ရွေးကောက်ပွဲဝင်သူတွေကို လူကိုယ်တိုင်အပြင်ထွက် မဲဆွယ်မှုတွေနဲ့ လမ်းပေါ်ထွက်ဖျော်ဖြေမှုတွေ ဇန်နဝါရီ ၂၂ ရက်အထိ မပြုလုပ်ဖို့ တားမြစ်ထားပါတယ်။

ဒေလီ၊ ဥတ္တရာပရာဒေ့ရှ်၊ ပန်ဂျပ်၊ တမီးလ်နာဒူး၊ အနောက်ဘင်္ဂလားနဲ့ ကာနာတာကာတို့မှာရှိတဲ့ အာဏာပိုင်တွေဟာ ညမထွက်ရအမိန့်၊ လူစုလူဝေးလျှော့ချခြင်း၊ ဈေးဝယ်ကုန်တိုက်တွေပိတ်ခြင်းနဲ့ အပန်းဖြေအနားယူနေရာတွေ ပိတ်ခြင်းကဲ့သို့သော ကိုဗစ်-၁၉ တားမြစ်ခြင်းတွေကို ပြုလုပ်ခဲ့ကြပါတယ်။

## ရည်မှန်းချက်ကို ရောက်ဖို့ လိုအပ်ချက်တွေရှိနေ

တရားဝင်ကိန်းဂဏန်း ဖော်ပြချက်တွေအရ ဇန်နဝါရီ ၁၈ ရက်အထိ အိန္ဒိယတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသူ ၁ ဒသမ ၅၈ ဘီလီယံကျော်ရှိလာပြီလို့သိရပါတယ်။

အိန္ဒိယအစိုးရဟာ ၂၀၂၁ ခုနှစ်ကုန်မှာ အသက် ၁၈ နှစ် အထက်ပိုင်းတွေ အကုန်လုံး ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးပေးဖို့ ရည်မှန်းချက်ထားလုပ်ဆောင်လျက်ရှိပါတယ်။ သို့သော်လည်း အဲဒီရည်မှန်းချက်ကိုရောက်ဖို့ လိုအပ်ချက်တွေ ရှိနေပါသေးတယ်။

## ပြည်နယ်အတော်များများမှာ ဖြစ်ပွားနေတဲ့ အိုမီခရွန်

အိန္ဒိယနိုင်ငံမှာ အခုရက်ပိုင်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ၂၀၀၀၀၀ အထက်ရှိပါတယ်။ အိန္ဒိယမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာတဲ့ အဓိကတရားခံကတော့ အိုမီခရွန်ဗိုင်းရပ်စ်သစ်ကြောင့် ဖြစ်ပါတယ်။ အိုမီခရွန်ဗိုင်းရပ်စ်ဟာ အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်အတော်များများကို ကူးစက်ပျံ့နှံ့လျက်ရှိပါတယ်။

သို့သော်လည်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အရေအတွက်ဟာ လွန်ခဲ့တဲ့နှစ် အမြောက်အမြားကူးစက်ဖြစ်ပွားမှုထက် လျော့နည်းနေပါသေးတယ်။

## စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ချိန်ဆရမယ်

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက အိန္ဒိယနိုင်ငံအနေဖြင့် နောက်ထပ် ကိုဗစ်-၁၉ အကျော့ကို ရင်ဆိုင်ကျော်လွှားတိုက်ခိုက်တဲ့နေရာမှာ သတိမပြတ်ထားရမှာဖြစ်သလို တစ်ဖက်ကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ချိန်ဆရမယ်လို့ သတိပေးခဲ့ပါတယ်။

ဒါဟာ ကိုရိုနာကိုအသုံးချပြီး ပြန်လည်တည်ဆောက်ရမယ့် အချိန်အခါဖြစ်သလို အခုဆိုရင် အိန္ဒိယနိုင်ငံဟာ ကိုဗစ်-၁၉ တတိယအကျော့ရိုက်ခတ်မှုနဲ့ ကြုံတွေ့နေပြီလို့လည်း မိုဒီက ပြောပါတယ်။ အိန္ဒိယနိုင်ငံဟာ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို လုပ်နေတာကြောင့် အိန္ဒိယနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ အကောင်းဆုံး အချိန်ပဲလို့ မိုဒီက ဖိတ်ခေါ်ခဲ့ပါတယ်။ ။

ကိုးကား - ဆင်ဟွာ



အိန္ဒိယနိုင်ငံတွင် ကျောင်းသူလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

- အိန္ဒိယနိုင်ငံမှာ အခုရက်ပိုင်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ၂၀၀၀၀၀ အထက် ရှိပါတယ်။ အိန္ဒိယမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမြင့်တက်လာတဲ့ အဓိကတရားခံကတော့ အိုမီခရွန်ဗိုင်းရပ်စ်သစ်ကြောင့်ဖြစ်ပါတယ်။ အိုမီခရွန်ဗိုင်းရပ်စ်ဟာ အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်အတော်များများကို ကူးစက်ပျံ့နှံ့လျက်ရှိပါတယ်။ သို့သော်လည်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက်ဟာ လွန်ခဲ့တဲ့နှစ်အမြောက်အမြားကူးစက်ဖြစ်ပွားမှုထက် လျော့နည်းနေပါသေးတယ်
- အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက အိန္ဒိယနိုင်ငံအနေဖြင့် နောက်ထပ် ကိုဗစ်-၁၉ အကျော့ကို ရင်ဆိုင်ကျော်လွှားတိုက်ခိုက်တဲ့နေရာမှာ သတိမပြတ်ထားရမှာဖြစ်သလို တစ်ဖက်ကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ချိန်ဆရမယ်လို့ သတိပေးခဲ့ပါတယ်

## ဇန်နဝါရီ ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၈ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၁ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၃၀၇ ဦး ရှိ

(၂၀-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၀၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၂၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၄၄,၆၆၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၃,၇၃၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၆၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၁,၇၉၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့ အထိ သေဆုံးသူ စုစုပေါင်း (၁၉,၃၀၇) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၀-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၇၃) ခု | (၅၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၄) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၅) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၁) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၆၀) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၅၀) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၃၄၁) ခု | (၆၅) ဦး |
| **စုစုပေါင်း** | (၁၀,၁၀၄) ခု | (၁၂၈) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်–၁၉ ရောဂါပိုး ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၂၀-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၉၈၀၈၃၅၀ | ၄၃၈၉၂၇၇ | ၈၈၀၉၇၆ |
| ၂။ | အိန္ဒိယ | ၃၈၂၁၈၇၇၃ | ၃၅၈၀၇၀၂၉ | ၄၈၇၇၁၉ |
| ၃။ | ဘရာဇီး | ၂၃၄၂၀၈၆၁ | ၂၁၈၄၈၃၀၁ | ၆၂၁၉၂၇ |
| ၄။ | ပြင်သစ် | ၁၅၅၀၆၇၅၀ | ၁၀၇၃၈၃၂၃ | ၁၅၂၈၇၂ |
| ၅။ | ပြိတိန် | ၁၅၁၇၅၄၆၄ | ၉၆၁၂၉၆၂ | ၁၂၇၈၆၉ |
| ၆။ | ရုရှား | ၁၀၉၃၈၂၆၁ | ၉၉၅၀၃၃၃ | ၃၂၄၀၆၀ |
| ၇။ | တူရကီ | ၁၀၆၆၄၃၇၂ | ၉၈၉၉၆၄၈ | ၈၅၂၅၃ |
| ၈။ | အီတလီ | ၉၂၁၉၃၉၁ | ၆၄၅၀၅၉၆ | ၁၄၂၂၀၅ |
| ၉။ | စပိန် | ၈၆၇၆၉၁၆ | ၅၃၉၀၈၁၈ | ၉၁၄၃၇ |
| ၁၀။ | ဂျာမနီ | ၈၂၆၂၃၉၈ | ၇၁၃၉၈၀၀ | ၁၁၆၈၆၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၀- ၁ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၇၇၆၄၄ | ၄၁၂၁၁၁၇ | ၁၄၄၁၉၉ |
| ဖိလစ်ပိုင် | ၃၃၂၄၄၇၈ | ၂၉၉၅၉၆၁ | ၅၃၁၅၃ |
| မလေးရှား | ၂၈၁၇၁၆၃ | ၂၇၄၄၂၀၃ | ၃၁၈၃၁ |
| ထိုင်း | ၂၃၅၃၀၆၂ | ၂၂၄၈၃၄၁ | ၂၁၉၉၀ |
| ဗီယက်နမ် | ၂၀၉၄၈၀၂ | ၁၇၉၄၉၂၄ | ၃၆၂၆၆ |
| မြန်မာ | ၅၃၃၇၃၂ | ၅၁၁၇၉၈ | ၁၉၃၀၇ |
| စင်ကာပူ | ၂၉၆၀၇၇ | ၂၈၆၀၃၈ | ၈၄၄ |
| လာအို | ၁၂၈၂၄၈ | ၁၂၀၀၁၂ | ၅၀၈ |
| ကမ္ဘောဒီးယား | ၁၂၀၉၁၄ | ၁၁၇၁၆၂ | ၃၀၁၅ |
| ဘရူနိုင်း | ၁၅၉၈၆ | ၁၅၅၀၆ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့နေသူများကို ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ အရှေ့ပိုင်းမြို့နယ် အမှတ်(၆) ရပ်ကွက်နေ သက်ကိုဦး(ဘ) ဦးဌေးဝင်း၊ မြောက်ဥက္ကလာပ မြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၁) ရပ်ကွက်နေ မျိုးမင်းခိုင်(ခ) မင်းခန့်(ဘ)ဦးသိန်းဇံ၊ သဃ်္ဃန်း ကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်နေ နေအေး (ခ) အာကာသက်ပိုင်မျိုး (ဘ)ဦးမျိုးလင်းနှင့် ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်နေ အောင်ရဲဝင့် (ခ) တိုက်တိုင်းအောင်(ဘ) ဦးစောဝင်းတို့သည် အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ်(၂/၂၀၂၁)ဖြင့် အကြမ်းဖက် အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံ ထောက်ပံ့ခြင်း၊ လက်နက်ခဲယမ်းများ သိုဝှက် သိမ်းဆည်းပေးခြင်း၊ လက်နက်/ ခဲယမ်းများ ပို့ဆောင်ပေးခြင်း၊ လက်ဝယ် ကိုင်ဆောင်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း စသည့်အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀ (ည) နှင့် ၅၀(ဈ) တို့အရ ဇန်နဝါရီ ၁၉ ရက်တွင် ၎င်းတို့အား “ထောင်ဒဏ် တစ်သက်” ပြစ်ဒဏ်အား အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။



သက်ကိုဦး



မျိုးမင်းခိုင်(ခ) မင်းခန့်



နေအေး(ခ)အာကာသက်ပိုင်မျိုး



အောင်ရဲဝင့်(ခ)တိုက်တိုင်းအောင်

စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန် ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်လက်နက်ကိုင်အဖွဲ့က အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား လေးဦး၊ အမျိုးသမီး နှစ်ဦးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး သတ်ဖြတ်ခဲ့ရာမှ အမျိုးသား သုံးဦးနှင့် အမျိုးသမီး နှစ်ဦးသေဆုံး၊ အမျိုးသား တစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၂၀

**စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသား လေးဦး၊ အမျိုးသမီး နှစ်ဦးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး သတ်ဖြတ်ခဲ့ရာမှ အမျိုးသား သုံးဦးနှင့် အမျိုးသမီး နှစ်ဦးသေဆုံး၍ အမျိုးသား တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၈ ရက် ည ၈ နာရီခွဲတွင် PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ အင်အား ၄၀ ခန့်သည် လက်နက်ငယ်များ၊ တူမီး သေနတ်များ ကိုယ်စီကိုင်ဆောင်လျက် စစ်ကိုင်း တိုင်းဒေသကြီး မင်းကင်းမြို့နယ် မအူကုန်း(မြောက်) ကျေးရွာသို့ ရောက်ရှိလာပြီး အဆိုပါကျေးရွာနေ အပြစ်မဲ့ပြည်သူများဖြစ်သည့် ဦးရာအေး(၄၇)နှစ်(ဘ) ဦးချင်းယောက်၊ ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ဌေးဌေး ဝင်း(၄၅)နှစ်(ဘ)ဦးမောင်၊ ဦးကျော်စံဝင်း(၄၇)နှစ် (ဘ)ဦးစံအေး၊ ဒေါ်ကြည်ကြည်ဝင်း (၃၅)နှစ်(ဘ) ဦးအောင်ဝင်း၊ ဦးကျော်နိုင်ဦး (၃၇)နှစ်(ဘ) ဦးအောင် မြတ်သန်းနှင့် ဦးစိုးလေး(ခ)တောကျီး(၄၂)နှစ်(ဘ) ဦးဝဲပိုတို့ ခြောက်ဦးကို ဖမ်းဆီးပြီး ကျေးရွာ၏ အနောက်ဘက် သုံးဖာလုံခန့်အကွာရှိ သင်္ချိုင်းဘက်သို့ ခေါ်ဆောင်သွားကာ သေနတ်၊ ဓားများဖြင့် ဝိုင်းဝန်း ထိုးခုတ် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ဦးရာအေးတွင် လည်ပင်းပြတ်ရှဒဏ်ရာ၊ ဒေါ်ဌေးဌေးဝင်းတွင် လည်ပင်းပြတ်ရှဒဏ်ရာ၊ ဝဲပါးစောင်းပြတ်ရှဒဏ်ရာ၊ ဦးကျော်စံဝင်းတွင် လည်ပင်းပြတ်ရှဒဏ်ရာ၊ ဒေါ်ကြည်ကြည်ဝင်းတွင် ဝဲနားထင်မှ ယာနားထင် ကျည်ဖောက်ထွက်ဒဏ်ရာ၊ ဦးကျော်နိုင်ဦးတွင် လည်ပင်းပြတ်ရှဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး ဦးစိုးလေး (ခ) တောကျီးမှာ PDF အကြမ်းဖက် လက်နက်ကိုင်အဖွဲ့က လည်ပင်းကို ဓားဖြင့် လှီးဖြတ်စဉ် လည်ပင်းပြတ်ရှဒဏ်ရာ တစ်ချက်ရရှိကာ ထွက်ပြေးခဲ့စဉ် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ ၎င်းတွင် ဝဲဘက်ညှပ်ရိုး ဖောက်ဝင်ဒဏ်ရာရရှိကာ ထွက်ပြေးလွတ်မြောက်လာ ခဲ့ကြောင်း သိရှိရသဖြင့် ဦးစိုးလေး(ခ)တောကျီးကို မင်းကင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိ ကြောင်း သိရသည်။



ဦးရာအေး၊ ဦးကျော်စံဝင်း(သေဆုံး)

အထက်ပါဖြစ်စဉ်မှာ ကျေးရွာတွင် အေးချမ်းစွာ နေထိုင်လျက်ရှိသော အပြစ်မဲ့အရပ်သား ပြည်သူများကို ဖမ်းဆီးခေါ်ဆောင်၍ ရက်စက်စွာ သတ်ဖြတ်ခဲ့သော PDF အမည်ခံအကြမ်းဖက်အဖွဲ့ကို နယ်မြေခံ တပ်မတော်နှင့် ပူးပေါင်းကာ ပိတ်ဆို့စစ်ဆေးရှာဖွေဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဦးကျော်နိုင်ဦး၊ ဒေါ်ဌေးဌေးဝင်း (သေဆုံး)



ဒေါ်ကြည်ကြည်ဝင်း(သေဆုံး)



ဦးစိုးလေး(ခ)တောကျီး (ဒဏ်ရာရ)

---

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M–9 နှင့် M–3 တို့တွင် Geotechnical Site Survey (GTI) and Associated Studies လုပ်ငန်းများအား Survey Vessel "MV.DP2 KEYFIELD HELMS" ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့်တည်နေရာကိုဖော်ပြသည့် Coordinates များဖြစ်သော Point M3 ASK–12 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၈.၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၀ မိနစ် ၀၀.၈၃ စက္ကန့်၊ Point ZWP–16 (Zawtika–25) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၀.၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၇.၃၈ စက္ကန့်၊ Point ZWP–17(Zawtika–29) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၀၄.၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၃၉.၇၇ စက္ကန့်၊ Point ZWP–18 (Zawtika–14) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၇ မိနစ် ၀၀.၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၀၅.၅၂ စက္ကန့်နှင့် Point ZWP–19(Zawtika–12) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၁၇.၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၃၅.၇၉ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှ ၂၀၂၂ ခုနှစ် မတ်လ ၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M–9 နှင့် M–3 တို့တွင် Geotechnical Site Survey (GTI) and Associated Studies လုပ်ငန်းများအား Survey Vessel "MV.DP2 KEYFIELD HELMS" ရေယာဉ်ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်တည်နေရာများမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**



အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားသည့် ကျောင်းအုပ်ဆရာမကြီး၏ မိသားစုဝင် တစ်ဦးကို တွေ့ရစဉ်။

*❂ ကျော့ဖုံးမှ*

ဇနီးဖြစ်သူ ဒယ်ရောက်အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဖြစ်သူ ဒေါ်သန်းသန်းနွဲ့ (၅၀)နှစ် (ဘ) ဦးစိန်မောင်နှင့် သမီးဖြစ်သူ မလင်းလက်ကျော် (၂၀) နှစ်တို့ မိသားစုသည် ၎င်းတို့၏ နေအိမ်၌ ရှိနေစဉ် အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားပြီး သေနတ်များ ကိုယ်စီ ကိုင်ဆောင်ထားသည့် အကြမ်းဖက်သူ အမျိုးသားလေးဦး ရောက်ရှိလာပြီး နေအိမ်အတွင်းသို့ ဝင်ရောက်ကာ သေနတ်များဖြင့် ရက်စက်စွာ ဝိုင်းဝန်းပစ်ခတ် သတ်ဖြတ်ခဲ့သဖြင့် ဦးဆင်ကျော်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွဲ့တို့တွင် သေနတ်ထိမှန်ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြပြီး သမီးဖြစ်သူ မလင်းလက်ကျော်တွင် ယာလက်ဖျံ ကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက်ရရှိခဲ့သဖြင့် ဆေးဝါးကုသနိုင်ရေး တန့်ဆည်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကာ အခင်းဖြစ်နေရာမှ အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် A USA 320 AUTO ကျည်ခွံတစ်ခုနှင့် MM 6 NRO LUGER ကျည်ခွံတစ်ခု တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ည ၁၀ နာရီခွဲတွင် ခင်ဦးမြို့နယ် ရွာသန်းကျေးရွာသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က လက်လုပ်သေနတ်၊ တုတ်၊ ဓားများကိုင်ဆောင်၍ ကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီး အဆိုပါကျေးရွာနေ ရွာသန်းအခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းဆရာ ဖြစ်သူ ဦးသန်းအောင် (၅၀) နှစ်နှင့် တစ်ရွာတည်းနေ ဦးချို့ကြီး(၅၅) နှစ် (ဘ)ဦးတင်အောင်တို့ နှစ်ဦးကို ၎င်းတို့၏ နေအိမ်များမှ ခေါ်ထုတ်ကာ ဦးသန်းအောင် CDM မလုပ်သည့် အတွက်ကြောင့် လည်းကောင်း၊ ဦးချို့ကြီးကို ဒလန်ဟု စွပ်စွဲ၍ လည်းကောင်း ရက်စက်စွာ ဝိုင်းဝန်းသတ်ဖြတ်သွားခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ကလေးသူငယ်များ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည်ကို မလိုလားဘဲ နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပေးလျက်ရှိသည့် ဆရာ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်၍ ရက်စက်စွာ သတ်ဖြတ်မှုများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား နယ်မြေခံ ပြည်သူလူထုများက လိုလားလက်ခံမှု မရှိသည့်အပြင် ရွံရှာ မုန်းတီးလျက်ရှိကြောင်းနှင့် ၎င်းအကြမ်းဖက်သမားများအား ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**









အခင်းဖြစ်နေရာမှ သိမ်းဆည်းရမိသည့် ကျည်ခွံများ။





တန့်ဆည်မြို့နယ်၌ ကျောင်းအုပ်ဆရာမကြီးနှင့် မိသားစုဝင်များအား အကြမ်းဖက်သမားများက ပစ်ခတ်သတ်ဖြတ်သွားသည့် မှတ်တမ်းဓာတ်ပုံ။

# မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက်ကာလအတွင်း စားသုံးသူများ၏တိုင်ကြားမှု ၁၄ မှုအနက် ၁၃ မှု ဖြေရှင်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရ

**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် တိုင်ကြားမှုများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက်ကာလအတွင်း တိုင်ကြားမှု ၁၄ မှု ရှိခဲ့ရာ ၁၃ မှု ဖြေရှင်းပေးခဲ့ပြီး ကျန်တစ်မှုကိုလည်း ဖြေရှင်းဆောင်ရွက်ဆဲဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

"စားသုံးသူတွေအနေနဲ့ မိမိရဲ့ နစ်နာဆုံးရှုံးမှု တစ်ရပ်ရပ်ရှိလာလို့ တိုင်ကြားလာတဲ့အခါ ဌာနကနေ ဖြေရှင်း ဆောင်ရွက်ပေးနေပါတယ်။ အခု မီနီဘတ်ဂျက်ကာလ ၂၀၂၁ အောက်တိုဘာလကနေ ၂၀၂၂ ဇန်နဝါရီ ၁၈ ရက်အထိ တိုင်ကြားမှု ၁၄ မှု ရှိခဲ့တယ်။ အဲဒီထဲက ၁၃ မှု ဖြေရှင်းပေးခဲ့ပြီးဖြစ်ပါတယ်။ ကျန်တစ်မှု ဖြေရှင်းဆောင်ရွက်နေဆဲပါ။ ကုန်စည်နဲ့ ပတ်သက်ပြီး ဝန်ဆောင်မှု ၁၁ မှု၊ ဆက်သွယ်ရေး ဝန်ဆောင်မှု သုံးမှုပါတယ်။ Delivery နဲ့ ပြည်တွင်းခရီးသွားဝန်ဆောင်မှု လုပ်ငန်းတွေပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ ဌာနခွဲတာဝန်ခံ ဦးမျိုးထွန်းက ပြောသည်။

စားသုံးသူများအနေဖြင့် ၎င်းတို့၏ လိုအပ်ချက်အရ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူရာတွင် အရည်အသွေးပြည့်ဝသည့် ကုန်စည်များရရှိရန်နှင့် ကျေနပ်မှုရှိစေသည့် ဝန်ဆောင်မှုများကို ရရှိရန်မှာ အခြေခံလိုအပ်ချက်ဖြစ်ပြီး ယင်းလိုအပ်ချက်များကို အပြည့်အဝ ရရှိစေရန်အလို့ငှာ စားသုံးသူ အသိပညာပေးရေးလုပ်ငန်းများသည် အရေးပါသော အခန်းကဏ္ဍအဖြစ် ပါဝင်သည်။

"လက်ရှိမှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနဲ့ ပူးပေါင်းပြီး Talk Show တွေလုပ်ပြီး အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်။ စက်သုံးဆီဆိုင်တွေကိုလည်း ပုံမှန်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်နေတာတွေလည်းရှိပါတယ်။ တိုင်ကြားမှုအရေအတွက်က တစ်နှစ်နဲ့တစ်နှစ် ကွာခြားမှုရှိပါတယ်။ စားသုံးသူ ပြည်သူတွေအနေနဲ့ ဝယ်ယူစားသုံးမှုဆိုင်ရာ အသိပညာဗဟုသုတတွေ သိရှိထားဖို့ လိုသလို နစ်နာဆုံးရှုံးနေရမှုတွေ ရှိရင်လည်း ဆက်သွယ်တိုင်ကြားနိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေး တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူများ၏ တိုင်ကြားမှုများနှင့် ပတ်သက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်ကြားမှုပေါင်း ၂၃၇ မှုရှိခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တိုင်ကြားမှုပေါင်း ၇၆ မှုသာ ရှိခဲ့ကြောင်းနှင့် တိုင်ကြားမှုများတွင် ကုန်စည်ဝန်ဆောင်မှု၊ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြောင်း အဆိုပါဌာန၏ မှတ်တမ်းများအရ သိရသည်။




စားသုံးသူရေးရာဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

စီးပွားရေးလုပ်ငန်းရှင်များမှ ကုန်စည်နှင့် ဝန်ဆောင်မှုအပေါ် အာမခံချက်များအနေဖြင့် ကုန်စည်နှင့်စပ်လျဉ်း၍ လက်ခံသုံးစွဲနိုင်သော အရည်အသွေးဖြစ်ခြင်း၊ အရည်အသွေး၊ အခြင်အတွယ်ပမာဏနှင့် အလေးချိန်မှန်ကန်မှုရှိခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းစေခြင်း၊ သုံးစွဲသူ၏ လိုအပ်ချက်အတွက် သင့်လျော်မှုရှိခြင်း၊ နမူနာပစ္စည်း အတိုင်းတူညီစွာ ပါရှိခြင်း၊ အာမခံချက်ပေးထားသည့်ကာလ(သို့)အသုံးပြုနိုင်မည့်ကာလအတွင်း အပိုပစ္စည်းရရှိနိုင်ခြင်း၊ ပြန်လည်ပြုပြင်နိုင်ခြင်း(သို့) လဲလှယ်နိုင်ခြင်း၊ ကုန်အညွှန်းအမှတ်အသား ပါအချက်အလက်၊ ကြော်ငြာ၊ ကမ်းလှမ်းချက်(သို့) အရောင်းမြှင့်တင်ခြင်းတွင် ပါဝင်သော ဖော်ပြချက်နှင့် ကိုက်ညီမှုရှိခြင်းစသည့် အာမခံချက်များ၊ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူသိရှိစေရန် ကြိုတင်အသိပေးခြင်း၊ ဝန်ဆောင်မှု အဆင့်အတန်းနှင့် ကိုက်ညီမှုရှိခြင်း၊ အာမခံထားသော အချိန်ကာလအတွင်း ပြီးမြောက်အောင်ဆောင်ရွက်ခြင်း၊ သဘောတူညီထားသည့် ဝန်ဆောင်မှုတန်ဖိုးအတိုင်းပေးအပ်စေခြင်း စသည့် အာမခံချက်များဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် ဗန်းမော်မြို့နယ် ကုန်းမဟတ် ကျေးရွာအုပ်စု ကုန်းမဟတ်ကျေးရွာ အနီးတွင် မောင်တင့် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂၅ ပြားကို လည်းကောင်း။

ယင်းနေ့ ည ၇ နာရီ ၁၀ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် ဇာသပြင် (အနောက်) ကျေးရွာအုပ်စု သရက်ပင်ကျေးရွာအနီး အိန္ဒူ-ဇာသပြင် သွားကားလမ်းတွင် နိုင်နိုင်ဦး မောင်းနှင်ပြီး ကျော်ဝင်းထွန်း လိုက်ပါလာသည့် Honda Fit အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် မြန်မာငွေကျပ် ၂ ဒသမ ၁ သိန်းတို့ကို လည်းကောင်း။



ဖြိုးမင်းကျော်(ခ)ကိုဖြိုး၊ ကျော်စိုးလှိုင် တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ယင်းနေ့ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာမွေမြို့နယ် မအူကုန်းရပ်ကွက် မအူကုန်းလမ်းထိပ်တွင် ကျော်စိုးလှိုင် မောင်းနှင်ပြီး ဖြိုးမင်းကျော် (ခ) ကိုဖြိုး လိုက်ပါလာသည့် Crown အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၃ သိန်းကို လည်းကောင်း။

ယင်းနေ့ နံနက် ၆ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့ တာကြန့်ကျေးရွာအုပ်စု ကော်ဆမ်မိန်း ကျေးရွာနေ စိုးငွေး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ပေါင်းသင်းရန် စီစဉ်ခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၂၀**

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ပေါင်းသင်းရန် စီစဉ်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်နေ မ... (၃၈ နှစ်)ကို တစ်မြို့နယ်တည်းနေ မိခင်၏ယောင်းမဖြစ်သူ ဒေါ်လှလှရီ (မိ)၊ မသဇင်ဖူး (ခ) ရွှေစင်မိုး(တိမ်းရှောင်)နှင့် ကျော်ကြီး (တိမ်းရှောင်) တို့က မန္တလေးမြို့ရှိ ပန်းစိုက်သည့်အလုပ်တွင် လုပ်ကိုင်ပါက တစ်နှစ်လျှင် ငွေကျပ်သိန်း ၂၀ ခန့် ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး ရန်ကုန်မြို့မှတစ်ဆင့် ကျိုင်းတုံမြို့သို့ခေါ်ဆောင်၍ တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ပေါင်းသင်းရန် စီစဉ်ခဲ့သဖြင့် ကျောက်တန်းမြို့မရဲစခန်း (ပ) ၁၉၃၆/၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈/ကျင့် ၅၁၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး တောင်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇန်နဝါရီ ၁၈ ရက်တွင် တရားခံ ဒေါ်လှလှရီကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈ အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ မော်တော်ယာဉ်နှင့် အခြားစက်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့များမှ နယ်မြေ ရှင်းလင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ သံတွဲမြို့နယ်အတွင်း သစ်မျိုးစုံ ၃၈ ဒသမ ၅၉၄၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၃၀၀၀) နှင့် ဇန်နဝါရီ ၁၆ ရက်တွင် တောင်ကုတ်မြို့နယ်နှင့် ဂွမြို့နယ်များမှ တောင်သရက်သစ် ၃ ဒသမ ၃၁၁၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၇၉၈) စုစုပေါင်းသစ်မျိုးစုံ ၄၁ ဒသမ ၉၀၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၄၇၉၈) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၁၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၏ တာဝန်ကျ အကောက်ခွန် စစ်ဆေးရေးအဖွဲ့မှ သတင်းအရ စောင့်ဆိုင်းစစ်ဆေးခဲ့ရာ ကျိုက်ထိုမြို့ မုပ္ပလင်ကျေးရွာအနီး ရှောင်ကွင်းလမ်းအတွင်းမှ ထွက်ခွာလာသော (King Long) Mini Bus ယာဉ်ပေါ်တွင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်နှင့် ဆေးဝါးပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၂၀၀၀၀)၊ YAMAHA FZ-150 ဆိုင်ကယ်တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၊ HYOSUNG GT-150 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ယာဉ်အမှတ် 3R-2160 (King Long) Mini Bus တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ်၂၅၀၀၀၀၀၀)နှင့် အဆိုပါ ရှောင်ကွင်းလမ်းမှ ထွက်ခွာလာသော (Higer) Mini Bus ပေါ်တွင် စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃၂၅၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ယာဉ်အမှတ် 4K-9296 (Higer) Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၀၀၀၀၀၀) စုစုပေါင်း ဖမ်းဆီးရမိမှုခြောက်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၃၄၅၈၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပြည်နယ် သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သထုံခရိုင် ပေါင်မြို့နယ် သံလွင်မြစ်အတွင်း တရားမဝင် ပိတောက်ခွဲသား တန် ၅၀၊ လှေကြီးတစ်စင်းနှင့် ကဲ့လှေနှစ်စင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

ထပ်မံ၍ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင် သစ်တောကြိုးဝိုင်းများအတွင်းရှိ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၇၀၁၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၀၄၈၀)နှင့် အခြားသစ်မျိုးစုံ ၃ ဒသမ ၁၉၅၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၇၀၆) စုစုပေါင်း တရားမဝင် သစ်မျိုးစုံ ၈ ဒသမ ၈၉၇၄ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၃၄၁၈၆) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်တွင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် တရုတ်နိုင်ငံထုတ် အင်ဂျင်နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဇန်နဝါရီ ၁၅ ရက်၊ ၁၆ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှု တွဲ ၁၄ မှု၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၈၂၁၄၇၈၄) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းနှင့် ဟင်္သာတမြို့နယ်တို့၌ မီးလောင်မှုများဖြစ်ပွား

**တပ်ကုန်း**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ် ထန်းတောကြီးကျေးရွာတွင် ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်က ဦးမြဝင်းနေအိမ် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားသည်။

အဆိုပါ မီးလောင်မှုဖြစ်သည့်နေအိမ်နှင့်အတူ ကပ်လျက်ရှိ ဦးညွန့်ဝင်း၏ နေအိမ်တစ်လုံးနှင့် ဦးကျော်ဝင်း၏ နေအိမ်များသို့ မီးကူးစက်လောင်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဟင်္သာတ**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ပခန်းရပ်ကွက်နေ အောင်ငြိမ်းချမ်း (၂၁)နှစ်၏ နေအိမ် မီးဖိုဆောင်၌ တပ်ဆင်ထားသော လျှပ်စစ်ဝိုင်ယာကြိုးများ ရှော့ခ် ဖြစ်ရာကတစ်ဆင့် ဇန်နဝါရီ ၁၉ ရက် နံနက် ၂ နာရီ ၅၅ မိနစ်က မီးလောင်မှု ဖြစ်ပွားခဲ့ရာ မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် လူနေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့သောကြောင့် ၎င်းအား ဟင်္သာတ မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၁-၂၀၂၂ သောကြာနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** ယဉ်ကျေးလိမ္မာ ဓမ္မတေးကဗျာ
- **၀၈:၃၅** ရတနာမဟာသွေးနဲ့ပြတိုက်ရွာလေး
- **၀၉:၁၅** မျက်မှောက်ရေးရာအဖြာဖြာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၅** လူမှုစီးပွားမြင်ကွင်းများ
- **၁၁:၄၀** ရုပ်မြင်သံကြားဇာတ်လမ်း 'စိတ်'
- **၁၃:၃၀** MRTV National News
- **၁၄:၅၀** ၂၀၂၂ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက်(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ(ဗိုလ်လုပွဲ)နှင့်ဆုချီးမြှင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- **၁၇:၃၅** Weekly Sports Info
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** သုတဝေဖြာ သီရိဂေဟာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၂၉)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** 'တူယှဉ်နွဲပျော် ဂီတပွဲတော်' သီချင်းဆိုပြိုင်ပွဲ (ပွဲစဉ်-၉) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပြဇာန်းတေးသီချင်း)

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV Online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

- **07:01** Myitta (Kyawt Kay Khaing)
- **07:07** Myanmar's Entrepreneurs: Soe Moe Aung
- **07:20** Myanmar Puppet
- **07:27** Discovering Tribes- Maw Nay Bwa: their life and customs
- **08:01** Dances of Myanmar: Kayah Traditional Flag Post Festival
- **08:06** Myanmar's Traditions and Culture "Myanmar Pottery"
- **08:30** The Largest Nunnery In Myanmar
- **09:01** News
- **09:26** Global Partnership for Brighter Future: Oman Pavilion at Expo 2020 Dubai
- **09:33** Unique Art of Stucco Work
- **09:50** Yoghurt Vendor
- **10:01** School for the Blind

**MRTV NRC**

- **ပအိုဝ်း (၀၆:၀၀ မှ ၀၇:၀၀)** တိုဝလေ့တိုရိုးရာ တိုအစားအစာ တာလပေါ့ဟင်းချက်စားရအောင်
- **အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** မိတ္ထီလာကန်သို့အလည်တစ်ခေါက်
- **အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ
- **ချင်း (ဖိုင်ဖိုး) (၀၉:၀၀ မှ ၁၀:၀၀)** ရွာစောင်းလက်ပတ်ရဲ့အစွမ်း
- **ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)** ရှေးခေတ်ချင်း(ချိုး)တို့၏မေတ္တာမျှတေး
- **မွန် (၁၁:၀၀ မှ ၁၃:၀၀)** ခရုဟင်းမွန်ချက်
- **ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** ပင်မြင့်သဇင်ပန်းတော်ဝင်
- **ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** မောရှမ်းနှင့်ရှေးမန်းနယ်စဝ်ကသာယာလုပ ဆင်ခေါင်းတောင်အလှ
- **ဝ (၁၇:၀၀ မှ ၁၉:၀၀)** စာပေစကားပြောကြရအောင်(အပိုင်း-၁)
- **ကချင် (၁၉:၀၀ မှ ၂၁:၀၀)** ကချင်ရိုးရာကြက်ဆန်လျော်
- **ကယား (၂၁:၀၀ မှ ၂၃:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၁)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မကောင်းဆိုးဝါး'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၃)
- **၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ်အမျိုးမျိုး အကြောင်းသိကောင်းစရာ(အပိုင်း-၂)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** တိုင်းဒေသကြီးနှင့်ပြည်နယ်(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်(တတိယနေရာလုပွဲ)
- **၁၁:၀၀** ပြည်တွင်းသတင်း
- **၁၅:၀၀** တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက်(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ(ဗိုလ်လုပွဲ)နှင့်ဆုချီးမြှင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' တို့ နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel တို့ နေ့တိုင်း မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၀-၁-၂၀၂၂) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Cetrizine | 10X10's/ Box | 2200 | AA Medical |
| Supportive | | | | |
| 2 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 3 | P.O Vitamin C | 10X10's/ Box | 700 | Pai Brother |
| 4 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 5 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 6 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 7 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 8 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 9 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 10 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

## သမဝါယမ အသင်းသားများအား အစုပေါ်အမြတ်များ ထုတ်ပေး

နေပြည်တော် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ လှိုင် ဘုရင့်နောင်ရောင်းဝယ်ရေး သမဝါယမအသင်းက အသင်းသားပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်နှင့် လူမှုရေး၊ ကျန်းမာရေးကိစ္စများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အသင်းမှ အသင်းသား ၃၅၃ ဦးကို တစ်ဦးလျှင် ပခုက္ကူမြေပဲဆီသန့် ၅၀ သား တစ်ဘူးစီနှင့် အစုပေါ်အမြတ်ငွေကျပ် ၁၀၀၀၀ စီဖြင့် စုစုပေါင်းငွေကျပ် ၃၅ ဒသမ ၃ သိန်းတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၁ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၆၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၇၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၆၄၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၅၃၀/၁၅၄၀ ကျပ် | ၁၅၃၀/၁၆၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၅၄၀/၁၅၅၀ ကျပ် | ၁၅၄၅/၁၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၉၀/၁၅၂၅ ကျပ် | ၁၅၄၀/၁၅၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၅၄၀/၁၅၉၅ ကျပ် | ၁၆၄၅/၁၆၈၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၈ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၀ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၀၄၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၆ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၃၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၉၇ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၉၀၁ | ၇၃၈၈၂၀၀ |
| MTSH | ၃၁၅၀ | ၃၁၅၀ | ၈ | ၂၅၂၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၆၅၀ | ၁၁၁ | ၂၉၄၁၀၀ |
| EFR | ၂၈၅၀ | ၂၈၅၀ | ၁ | ၂၈၅၀ |
| AHP | ၅၄၀၀ | ၅၄၀၀ | ၁၁ | ၅၉၄၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၁၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေသော မူးယစ်ဆေးဝါးတိုက်ဖျက်ရေး

မြင့်မောင်စိုး

**ယခုတလော မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု သတင်းများမှာ အတော်ပင်စိတ်ဝင်စားဖွယ်ဖြစ်လာသည်။ အကြောင်းမှာကား ယခင်က ဖြစ်တောင့်ဖြစ်ခဲသော အကြောင်းအရာတစ်ခုသည် ယခုအခါ မကြာခဏဆိုသလို တွေ့မြင်လာရခြင်းပင် ဖြစ်သည်။ ဤသည်မှာ ထူးခြားမှုပင် ဖြစ်သည်။ ထိုထူးခြားမှုသည် အခြားမဟုတ် မူးယစ်ဆေးဝါးတစ်မျိုးဖြစ်သည့် အိုက်စ် (မက်သ်အဖက်တမင်း)နှင့် ဘိန်းဖြူတင်ဆောင်လာသော ကုန်တင်ကားကြီးများကို ကားစီးလိုက် မကြာခဏဖမ်းဆီးရမိနေခြင်းပင် ဖြစ်သည်။**



ဇန်နဝါရီ ၇ ရက်က လွိုင်လင်မြို့နယ်၌ ဖမ်းဆီးရမိသည့် အိုက်စ် (မက်သ်အဖက်တမင်း)များ

### အိုက်စ်(မက်သ်အဖက်တမင်း) ဖမ်းမိမှုများ

ထိုအိုက်စ် (မက်သ်အဖက်တမင်း)နှင့် ဘိန်းဖြူတင်ဆောင်လာသောကားသည် သာမန် Light Truck လောက်မဟုတ်။ တရုတ်ပြည်ကို ဖရဲသီးတင်ပို့နေသော ကုန်တင်ကားကြီးများလောက်ကြီးမားသည့် အရွယ်အစားဖြစ်သည်ကို သတိပြုမိသည်။ အနည်းဆုံး ခြောက်ဘီးကားဖြစ်သည်။ ထို့ထက်ပို၍ ဆိုရလျှင် ၁၀ ဘီး၊ ၁၂ ဘီး၊ ၂၂ ဘီးအထိ တွေ့ရသည်။ နည်းနည်းနောနော ကားကြီးတွေမဟုတ်၊ တကယ့် ကုန်တင်ကားကြီးများပင် ဖြစ်သည်။ တင်စရာကုန် မရှိ၍ ရရာကုန်တင်နေသည်လား၊ သို့တည်းမဟုတ် ရည်ရွယ်ချက်ရှိရှိ ကားကြီးများဖြင့်သာ အိုက်စ် (မက်သ်အဖက်တမင်း)ကို တင်လေသလားမသိနိုင်ပေ။

မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ လတ်တလောဖတ်မိသောသတင်းများကို တင်ပြရမည်ဆိုလျှင် ဇန်နဝါရီ ၁၃ ရက်က မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်း ဇလဲကျေးရွာအနီးတွင် ဖမ်းဆီးရမိသည့် အိုက်စ် (မက်သ်အဖက်တမင်း) ကားသည် အကြီးဆုံးဖြစ်သည်။ DONG FENG ၂၂ ဘီးတွဲကားဖြစ်ပြီး ငွေကျပ် ၁၉ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၉၉၀ တင်ဆောင်လာခြင်း ဖြစ်သည်။

နောက်သတင်းတစ်ပုဒ်မှာ ဇန်နဝါရီ ၁၀ ရက်က ပုသိမ်ကြီးမြို့နယ် ထုံးဘို - မြစ်ငယ်သွားကားလမ်း မိုင်တိုင်အမှတ် (၈/၅)အနီး ရပ်တန့်ထားသော FUSO ၁၂ ဘီးယာဉ်ဖြစ်ပြီး ကားပေါ်တွင် ငွေကျပ် ၂၄ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)ကီလို ၁၀၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား သုံးသန်း တင်ဆောင်လာသည်။ ငွေပမာဏအားဖြင့် အများဆုံး ဖမ်းဆီးရမိမှုကြီးတစ်ခုပင်ဖြစ်သည်။

နောက်တစ်ခုမှာ ဇန်နဝါရီ ၇ ရက်က လွိုင်လင်-တောင်ကြီးသွားကားလမ်း ဟိုတင့်ကျေးရွာအနီး၌ ဖမ်းဆီးရမိသည့် ISUZU ၁၂ ဘီးယာဉ်ဖြစ်သည်။ စုစုပေါင်း ကျပ် ၁၇ ဒသမ ၃ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၂၃၈ ကီလို ဖမ်းဆီးရမိမှုဖြစ်သည်။ ဤဖြစ်စဉ်များသည် အိုက်စ် (မက်သ်အဖက်တမင်း)များသာ ဖမ်းဆီးရမိမှုဖြစ်သည်။

### ဘိန်းဖြူဖမ်းဆီးရမိမှု

ဘိန်းဖြူဖမ်းဆီးရမိမှုကိုလည်း ရှုပါဦး။ ဇန်နဝါရီ ၁၁ ရက်က ပြင်ဦးလွင်မြို့နယ် မိုးကြိုးပူးပေါင်းစစ်ဆေးရေးစခန်း၌ NISSAN ၁၀ ဘီးမော်တော်ယာဉ်ဖြင့် ငွေကျပ်သိန်း ၈၀၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၀ ဒသမ ၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ ကို ဖမ်းဆီးရမိခဲ့သည်။ မိုးကုတ်မြို့နယ်တွင်လည်း ဇန်နဝါရီ ၁၄ ရက်က မိုးကုတ်မြို့နယ် လယ်ကြီးပူးပေါင်းစစ်ဆေးရေးစခန်း၌ NISSAN ခြောက်ဘီးမော်တော်ယာဉ်ဖြင့် ကာလတန်ဖိုး ကျပ်သိန်း ၄၉၀၀ ရှိဘိန်းဖြူ ၁၉ ဒသမ ၈ ကီလိုကို ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရပေသည်။

အဆိုပါ အိုက်စ်(မက်သ်အဖက်တမင်း)နှင့်ဘိန်းဖြူများကို ရှမ်းပြည်နယ်မြောက်ပိုင်းမှ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ် စသည်ဖြင့် သယ်ဆောင်လာစဉ် ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။ ယခုဖော်ပြမှုသည် မော်တော်ယာဉ်ကြီးများဖြင့် ဖမ်းဆီးရမိခြင်းကို ကောက်နုတ်တင်ပြခြင်းဖြစ်ပါသည်။ အခြားမူးယစ်ဆေးဝါးဖမ်းဆီးရမိမှုလည်း များစွာရှိပါသည်။ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှုနှင့် ဘိန်းခင်းများ ဖျက်ဆီးမှု သတင်းအချို့ကိုလည်း ဖတ်မိပါသေးသည်။

### အရှိန်အဟုန်မြှင့်တင် တိုက်ဖျက်လျက်ရှိ

ဤသို့ဖမ်းဆီးရမိမှုများကို ထောက်ရှုလျှင် မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို ယခင်နှင့်မတူဘဲ အထူးအလေးထား အရှိန်အဟုန်မြှင့်တင် တိုက်ဖျက်လျက်ရှိသည်ကို အထင်အရှား တွေ့ရမည် ဖြစ်ပါသည်။ အထူးသဖြင့် ယခု ၂၀၂၁/ ၂၀၂၂ ခုနှစ်ထဲတွင် ထူးထူးခြားခြား တွေ့ရပေသည်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၁/၂၀၂၁)ကို စက်တင်ဘာ ၂၇ ရက်က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အောက်ပါအတိုင်း မှတ်ချက်ပြုပြောဆိုခဲ့သည်ကို သတိပြုမိပါသည်။

### ရှာဖွေဖော်ထုတ် ဖမ်းဆီးရန်လို

မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နိုင်ငံရေးအခြေအနေကို အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးထုတ်လုပ်သူများအနေဖြင့် မူးယစ်ဆေးဝါးများကို နည်းလမ်းပေါင်းစုံဖြင့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာလအထိ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအနေဖြင့် စုစုပေါင်း ၅၂၈ ကြိမ်ရှိပြီး ဖမ်းဆီးရမိမှု မူးယစ်ဆေးဝါးများအနေဖြင့် WY ဆေးပြားပေါင်း ၁၂၈ သန်း၊ အိုက်စ် ကီလိုဂရမ် ၁၁၁၉၀၊ ဘိန်းဖြူ ၁၄၅၁ ကီလိုဂရမ်၊ ဘိန်းစိမ်း ၁၂၂၇ ကီလိုဂရမ်၊ ကတ်တမင်း ၅၄၇ ကီလိုဂရမ်၊ ကိုကင်း ၇၄ ကီလိုဂရမ်နှင့် အခြားပစ္စည်း ၁၉၇၈၆၉ ကီလိုဂရမ်၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၀၆ ဒသမ ၉၇ ဘီလီယံရှိကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသူများကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် တပ်မတော်အနေဖြင့် ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးရန်လိုကြောင်း မှတ်ချက်ပြု ပြောကြားခဲ့ပါသည်။

ထို့ကြောင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်သည် အရှိန်အဟုန်ဖြင့် အားကောင်းကောင်း ပူးပေါင်းဖော်ထုတ်နေသည့် အနေအထားဖြစ်သည်။ နိုင်ငံရေးအခြေအနေအရ အခွင့်ကောင်းယူပြီး ပွဲလန့်တုန်းဖျာခင်းနေမည်ဆိုလျှင် ဒုက္ခနှင့်ရင်ဆိုင်ရဖို့ရှိသည်။ အထူးသဖြင့် ယခုလို ယာဉ်ကြီးယာဉ်ငယ် အသွယ်သွယ်ဖြင့် အတင့်ရဲစွာ သယ်ဆောင် ရောင်းဝယ်ဖောက်ကားနေမှုသည် အလွန်ပင်အန္တရာယ်ကြီးပါသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချသူများအနေဖြင့် မော်တော်ယာဉ်ကြီးများကို အသုံးပြုကာ မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးနေမှုကို ရပ်တန့်ဖို့အချိန်တန်ပြီဖြစ်ပါကြောင်း အသိပေးတင်ပြလိုက်ရပါသည်။ ။

> **"မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ယခင်နှင့်မတူဘဲ အထူးအလေးထား အရှိန်အဟုန်မြှင့်တင် တိုက်ဖျက်လျက်ရှိသည်ကို အထင်အရှားတွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် ယခု ၂၀၂၁ / ၂၀၂၂ ခုနှစ်ထဲတွင် ထူးထူးခြားခြား တွေ့ရပေသည်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေသည်"**

## နတ်မောက်မြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**နတ်မောက် ဇန်နဝါရီ ၂၀**

နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ (ဖလ) ဘတ်ဂျက်တွင် ရွာမွန်ကျေးရွာအုပ်စု မျက်ရဲကန်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဇန်နဝါရီ ၁၉ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသူရက အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သင်တန်းနည်းပြဆရာမ ဒေါ်ရီရီမြက သင်တန်းတွင် အဝတ်လျှော်ဆပ်ပြာပြုလုပ်နည်း၊ ပန်းကန်ဆေး ဆပ်ပြာပြုလုပ်နည်း၊ သဘာဝပန်းကန်ဆေး ဆပ်ပြာပြုလုပ်နည်း၊ ရေချိုးဆပ်ပြာပြုလုပ်နည်း၊ သဘာဝ ခေါင်းလျှော်ရည် ပြုလုပ်နည်း၊ မျက်နှာသစ် ဆပ်ပြာပြုလုပ်နည်းများကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သော်သော်**

## ကသာမြို့၌ ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေး

**ကသာ ဇန်နဝါရီ ၂၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ကသာမြို့ အထက(၂)ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်များကို ဇန်နဝါရီ ၁၈ ရက်က ကွင်းဆင်းပြုလုပ်ပေးသည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကသာမြို့နယ် လဝက ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကသာမြို့ အထက(၂)ကျောင်းရှိ အသက် ၁၆ နှစ်နှင့် ၁၈ နှစ် ကြား ကျောင်းသား ခြောက်ဦး၊ ကျောင်းသူ ငါးဦး တို့အား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး ကသာမြို့နယ်ဦးစီးမှူးရုံးတွင်လည်း မြို့နယ်အတွင်းရှိ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်များကို ပန်းခင်းစီမံချက်ဖြင့် ဆက်လက်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
### သတင်းထုတ်ပြန်ချက်
### အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မြန်အောင်မြို့နယ်မှ ကျေးရွာငါးရွာတွင် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်

**မြန်အောင် ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာ ငါးရွာတွင် ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အတွင်းရှိ စမ်း၊ ကွမ်းခြံကုန်း၊ ဘုရားကုန်း၊ စာနီစု၊ ဂုံမင်း ကျေးရွာငါးရွာတွင် ကျေးရွာ၏ လိုအပ်ချက်ဖြစ်သော ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နိုင်ငံတော်မတည်ရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှင့် ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေများဖြင့် ချောင်းကျောက်ခင်းခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၁ ရက်မှ စတင်ဆောင်ရွက်နေခြင်းဖြစ်သည်။

"မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးပြီး ကျေးရွာရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ ကျေးရွာလျှပ်စစ်မီးရရှိရေးလုပ်ငန်းတွေကို နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများ လျာထားဆောင်ရွက်လျက်ရှိပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က ပြောသည်။

**ဝင်းဗိုလ်(မြန်အောင်)**


ပြည်ထောင်စုအကျိုး သယ်ပိုးဖို့
အသိပညာ မြှင့်တင်စို့

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

**စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။


## ဟိုပန်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**ဟိုပန် ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ မိန်းပန်လွယ်ရပ်ကွက်နှင့် ရုံးကုန်းရပ်ကွက်များမှ အသက် ၁၆ နှစ်နှင့်အထက် ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လဝကဝန်ထမ်းများက ဇန်နဝါရီ ၁၈ ရက်က ကွင်းဆင်းပြုလုပ်ပေးသည်။

ဟိုပန်ခရိုင် လဝကဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးညွန့်ကြီးကြပ်၍ ဒေသခံပြည်သူများအနက် မြန်မာနိုင်ငံသားများဖြစ်ကြသော တိုင်းရင်းသားများနှင့် ဥပဒေအရနိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကာ ပန်းခင်းစီမံချက်နှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရာတွင် ပြည်သူများက ကူညီပေးရမည့် အချက်အလက်များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အရေးပါမှုများကို ပြောကြားပြီး လဝကဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းများနှင့် အသက် ၁၆ နှစ်နှင့်အထက် ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ပြုလုပ်ပေးသည်။

ဟိုပန်မြို့နယ်တွင် ယခုအချိန်အထိ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၂၃၁ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၅၈ ခုတို့ကို ပြုလုပ်ပေးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ကျေးရွာအုပ်စုများသို့လည်း ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

# လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ ကုမ္ပဏီများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

ဦးကျော်ကျော် ( တရားရေး )

**ကုမ္ပဏီ ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ သို့မဟုတ် တည်ဆဲကုမ္ပဏီတစ်ခုခုကိုဆိုလိုကြောင်း လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂(ဋ)တွင် ပြဋ္ဌာန်းထားသည်။ မှတ်ပုံမတင်သည့် ကုမ္ပဏီဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများမဟုတ်သည့် အခြားသောအဖွဲ့အစည်း၊ ကော်ပိုရေးရှင်း၊ ပြည်ပကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် အခြားတည်ဆဲဥပဒေအရ တည်ထောင်ထားသော အဖွဲ့အစည်း တစ်ရပ်ရပ်ကိုဆိုလိုကြောင်း လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၂၂၆ တွင် ပြဋ္ဌာန်းထားကြောင်း တွေ့ရသည်။**

မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်း ဆိုသည်မှာ (၁) ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားသော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်း ဖြစ်ပါက အပိုင်း(၆)အရ လျှောက်ထားစဉ်အချိန်က မြီရှင်များထံသို့ ပေးဆပ်ရန် တင်ရှိသည့် စုစုပေါင်း ကြွေးမြီသည် နည်းဥပဒေများဖြင့်သတ်မှတ်ထားသော ပမာဏထက်မပိုသည့် စီးပွားရေးဆိုင်ရာ ကြွေးမြီများ တင်ရှိနေသည့်လုပ်ငန်း၊ (၂) ကုမ္ပဏီအဖြစ်မှတ်ပုံတင်မထားသော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းဖြစ်ပါက အပိုင်း(၆)အရ လျှောက်ထားစဉ်အချိန်က မြီရှင်များထံသို့ ပေးဆပ်ရန်တင်ရှိသည့် စုစုပေါင်းကြွေးမြီသည် နည်းဥပဒေများဖြင့် သတ်မှတ်ထားသော ပမာဏထက် ကျော်လွန်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကြွေးမြီများတင်ရှိနေသည့် လုပ်ငန်းကိုဆိုကြောင်း လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၂(ပ)တွင် ပြဋ္ဌာန်းထားသည်။

ကုမ္ပဏီမှတ်ပုံတင်ထားခြင်းမရှိသော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းဆိုသည်မှာ (၁) လူပုဂ္ဂိုလ်တစ်ဦးတည်းက ပိုင်ဆိုင်လုပ်ဆောင်နေသော စီးပွားရေးလုပ်ငန်း၊ (၂)နှစ်ဦး သို့မဟုတ် နှစ်ဦးထက် ပိုသောသူများက ၁၉၃၂ ခုနှစ်၊ အစုစပ်လုပ်ငန်းအက်ဥပဒေပုဒ်မ ၄ နှင့်အညီ လုပ်ဆောင်နေသော အစုစပ်လုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းကိုဆိုကြောင်း လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၂(ဖ)တွင် ပြဋ္ဌာန်းထားသည်။

"အစုစပ်လုပ်ငန်း" ဆိုသည်တွင် စီးပွားရေးလုပ်ငန်းတစ်ခု၏ အကျိုးအမြတ်များကို ခွဲဝေခံစားနိုင်ရန် ရည်ရွယ်ချက်ဖြင့် သို့မဟုတ် အစုဝင်တစ်ဦးဦးက အားလုံးအတွက်ဆောင်ရွက်၍ အကျိုးခံစားခွင့်ပြုရန် ရည်ရွယ်ချက်ဖြင့် စုပေါင်း၍ ဆောင်ရွက်သောလုပ်ငန်းဖြစ်သည်။ အစုစပ်လုပ်ငန်းတွင် ပါဝင်သူတစ်ဦးချင်း၊ ပါဝင်လာသူများကို "အစုစပ်ဝင်များ" ဟူ၍လည်းကောင်း၊ စုပေါင်း၍ လုပ်ကိုင်သော "လုပ်ငန်း"ကို"အစုစပ်လုပ်ငန်း"ဟူ၍ လည်းကောင်း ခေါ်ဆိုပါသည်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာ၌ "လုပ်ငန်းအမည်"ပေး၍ ဆောင်ရွက်ရပါသည်။ အစုစပ်လုပ်ငန်းသည် ပဋိညာဉ်နှင့် ဆက်နွယ်၍ ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း အစုစပ်လုပ်ငန်း အက်ဥပဒေ ပုဒ်မ ၄ တွင် ပြဋ္ဌာန်းထားကြောင်း တွေ့ရပါသည်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အပါအဝင် လူမွဲခံယူခြင်းများနှင့် စပ်လျဉ်း၍ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရဆောင်ရွက်ခြင်း။** ။ ယခင်က ကုမ္ပဏီများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ စတင်၍ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ လည်းကောင်း စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လျှောက်ထား ဆောင်ရွက်ခဲ့ကြရပါသည်။

ယခုအခါ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကို ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုတရားလွှတ်တော်ဥပဒေအမှတ် ၁ ဖြင့် ၁၄ – ၂ – ၂၀၂၀ ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၀ ဖြင့် ၂၅ – ၃ – ၂၀၂၀ ရက်နေ့တွင် စတင်အာဏာတည်ကြောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများကိုလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၈–၄–၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၂၁/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့သည်။

လူမွဲခံယူခြင်းဆိုင်ရာဥပဒေ အပိုင်း(၇)၊ ပုဒ်မ ၁၅၉ အရ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင် ထားသော ကုမ္ပဏီများ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းဆိုင်ရာအမှုများကို စစ်ဆေးစီရင်နိုင်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၃၀–၃–၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃၂/၂၀၂၀ ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများအား စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းခဲ့ပြီလည်း ဖြစ်သည်။

**"စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်ဆဲအမှုများနှင့် စပ်လျဉ်း၍ လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၁၉ တွင် "လူမွဲခံယူခြင်းဆိုင်ရာဥပဒေ အာဏာတည်သည့် နေ့ရက်မတိုင်မီက ဆောင်ရွက်နေသော ကုမ္ပဏီများစာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ အစုစပ်လုပ်ငန်းများ ဖျက်သိမ်းခြင်း၊ တစ်သီးပုဂ္ဂလ လူမွဲခံယူခြင်းတို့ကို ယခင်ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ဖြစ်ကြောင်း" အတိအလင်း ပြဋ္ဌာန်းထားသည်"**

လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄၁၈၊ ပုဒ်မခွဲ (က)တွင် " ဤဥပဒေ စတင်အာဏာတည်သည်နှင့် တစ်ပြိုင်နက် ကုမ္ပဏီများ၊ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် အစုစပ်လုပ်ငန်းများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအပါအဝင်လူမွဲခံယူခြင်းများနှင့် တစ်သီးပုဂ္ဂလနှင့် မှတ်ပုံတင်ထားခြင်း မရှိသော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ လူမွဲခံယူခြင်းများနှင့် စပ်လျဉ်း၍ အခြားတည်ဆဲ ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရသာလျှင် ဆောင်ရွက်ရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၄၁၈၊ ပုဒ်မခွဲ(က)အရ ဤဥပဒေအာဏာတည်သည့် ၂၅–၃–၂၀၂၀ ရက်နေ့မှစ၍ ကုမ္ပဏီများစာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ အစုစပ်လုပ်ငန်းများ ဖျက်သိမ်းခြင်း၊ တစ်သီးပုဂ္ဂလ လူမွဲခံယူခြင်းတို့ကို လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ ဆောင်ရွက်ရမည်ဖြစ်သည်။ လူမွဲခံယူခြင်းဆိုင်ရာဥပဒေသည် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရကြောင်း ယင်းဥပဒေပုဒ်မ ၄၁၈(ခ)တွင် ပြဋ္ဌာန်းထားသည်။

စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်ဆဲအမှုများနှင့်စပ်လျဉ်း၍ လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၁၉ တွင် "လူမွဲခံယူခြင်းဆိုင်ရာဥပဒေ အာဏာတည်သည့် နေ့ရက်မတိုင်မီက ဆောင်ရွက်နေသော ကုမ္ပဏီများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ အစုစပ်လုပ်ငန်းများ ဖျက်သိမ်းခြင်း၊ တစ်သီးပုဂ္ဂလ လူမွဲခံယူခြင်းတို့ကို ယခင် ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်ဖြစ်ကြောင်း" အတိအလင်း ပြဋ္ဌာန်းထားသည်။

ဆောင်ရွက်ဆဲ လျှောက်လွှာများနှင့် စပ်လျဉ်း၍ လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၄၂၁၊ ပုဒ်မခွဲ(က) တွင် "ယခင်ဥပဒေအရ ပြုလုပ်ခဲ့သော ကုမ္ပဏီ သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ရပ်ရပ်အား ဖျက်သိမ်းရန် လျှောက်ထားမှုတစ်ရပ်ရပ်ကို ဤဥပဒေ စတင်အာဏာတည်သည့်နေ့အထိ တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်း မရှိသည့်အပြင် လျှောက်ထားသူက ရုပ်သိမ်းခြင်းမပြုပါက ယင်းလျှောက်လွှာကို ဤဥပဒေအရ လျှောက်ထားခဲ့သော လျှောက်ထားမှုတစ်ရပ်ရပ်အဖြစ် မှတ်ယူရမည် "ဟူ၍လည်းကောင်း၊ ဤဥပဒေပုဒ်မ ၄၂၁၊ ပုဒ်မခွဲ(ခ)တွင်" ပုဒ်မခွဲ(က)၌ ပါရှိသော လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဤဥပဒေအရသတ်မှတ်ထားသော လိုအပ်ချက်များနှင့် ကိုက်ညီစေရန်အတွက် လျှောက်ထားသူသည် မိမိ၏ လျှောက်လွှာကို ပြင်ဆင်ရန် လျှောက်ထားနိုင်သည်" ဟူ၍ လည်းကောင်း ပြဋ္ဌာန်းပါရှိသည်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်း။** ။ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၅(က)တွင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအပိုင်းပါ ပြဋ္ဌာန်းချက်များသည် (က) မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၊ (ခ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃ အရ မှတ်ပုံတင်ထားသောအဖွဲ့အစည်း၊ (ဂ) အခန်း(၁၀)တွင် ဖော်ပြပါရှိပြီး အခန်း(၁၀) အရ အကျုံးဝင်သည့် အဖွဲ့အစည်းများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း နှင့် သက်ဆိုင်စေရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ထို့ပြင် လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၅(ခ)တွင် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက်ဖျက်သိမ်းခြင်း သို့မဟုတ် တရားရုံးက ဖျက်သိမ်းခြင်းဟူသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖျက်သိမ်းနိုင်ကြောင်းလည်း ပြဋ္ဌာန်းထားသည်။

**ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းနိုင်သော အခြေအနေများ။** ။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းအရ ကုမ္ပဏီ၏ သက်တမ်းအတွက် သတ်မှတ်ထားသည့် ကာလကုန်ဆုံးခြင်း သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းတွင် ကုမ္ပဏီကိုဖျက်သိမ်းနိုင်သည်ဟု ဖော်ပြထားသည့် အခြေအနေတစ်ရပ်ရပ်ဖြစ်ပေါ်ခဲ့ခြင်း၊ ထို့အပြင် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း၊ ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမည်ဖြစ်ကြောင်းကို ကုမ္ပဏီကအထူးဆုံးဖြတ်ချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊ အပိုင်း(၅)နှင့် အပိုင်း(၆) တို့တွင် ဖော်ပြထားသောအခြေအနေများ ဖြစ်ပေါ်ခဲ့ခြင်းဆိုသည့် အခြေအနေတစ်ရပ်ရပ်တွင် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇(က)အရ ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက် ဖျက်သိမ်းနိုင်သည်။

**လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၆၁(က)ပါ တရားရုံးက ကုမ္ပဏီအား ဖျက်သိမ်းနိုင်သောအခြေအနေများ။** ။ (၁) ကုမ္ပဏီ၏အထူးဆုံးဖြတ်ချက်ဖြင့် လျှောက်ထားလာခြင်း၊ (၂) ကုမ္ပဏီသည် ယင်း၏ လုပ်ငန်းကိုဖွဲ့စည်းပြီး တစ်နှစ်အတွင်း မစတင်နိုင်ခြင်း သို့မဟုတ် ယင်း၏လုပ်ငန်းကို တစ်နှစ်လုံး ရပ်ဆိုင်းထားခြင်း၊ (၃) ကုမ္ပဏီသည် ကြွေးမြီမပေးဆပ်နိုင်ခြင်း၊ (၄) တရားရုံးက ထိုကုမ္ပဏီအား ဖျက်သိမ်းခြင်းသည် တရားမျှတသည်ဟု ထင်မြင်ခြင်း၊ (၅) အများပြည်သူအကျိုးငှာဖြစ်သည်ဟု တရားရုံးမှ ယုံကြည်လောက်သော အကြောင်းတရားများရှိခြင်းဟူသည့် အခြေအနေတစ်ရပ်ရပ်တွင် တရားရုံးကကုမ္ပဏီကို ဖျက်သိမ်းနိုင်သည်။

**လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၆၃ အရ စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်လွှာတင်သွင်းခြင်း။** ။ (က) ကြွေးမြီမပေးဆပ်နိုင်ခြင်းကြောင့် ကုမ္ပဏီ ဖျက်သိမ်းရန် တရားရုံးသို့လျှောက်လွှာ တင်သွင်းရာတွင် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် ဒါရိုက်တာများကဖြစ်စေ၊ မြီရှင်ကဖြစ်စေ လျှောက်ထားရမည်။ (ခ) ပုဒ်မ ၁၆၁ ပါအခြေအနေများကြောင့် ကုမ္ပဏီအား ဖျက်သိမ်းရန် လျှောက်ထားခွင့်ရှိသူများတွင် ပုဒ်မခွဲ (က)ပါ ပုဂ္ဂိုလ်များအပြင် ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူများနှင့် မှတ်ပုံတင်အရာရှိလည်း ပါဝင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်ထားမှုကို ကြားနာ ဆုံးဖြတ်ခြင်း။** ။ စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်ထားမှုကို ကြားနာပြီးနောက် တရားရုံးသည် (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း၊ (ခ) လျှောက်ထားမှုကိုပလပ်ခြင်း၊ (ဂ) ကြားနာမှုကို ကန့်သတ်ချက်ဖြင့်ဖြစ်စေ၊ ကန့်သတ်ချက်မပါဘဲဖြစ်စေ ရွှေ့ဆိုင်းခြင်း၊ (ဃ) ကြားဖြတ်အမိန့်ချမှတ်ခြင်း၊ (င) အခြားသင့်သည်ထင်မြင်သည့် အမိန့်ချမှတ်ခြင်းဆိုသည့် အမိန့်တစ်ရပ်ရပ်ကို လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၆၄ အရ ချမှတ်နိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း။** ။ တရားရုံးက ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပါက လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူကို လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၆၇(က) အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရမည်။

**လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၇၇(က)အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ တာဝန်များ။** ။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အဓိကကျသည့် တာဝန်များမှာ ကုမ္ပဏီက ရပိုင်ခွင့်ရှိသည့် သို့မဟုတ် ရပိုင်ခွင့်ရှိနိုင်သည့် ပစ္စည်းများအားလုံးကို ၎င်း၏အုပ်ထိန်းမှု သို့မဟုတ် ၎င်း၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိရန် တတ်စွမ်းသမျှ ဆောလျင်စွာ ဆောင်ရွက်ကာ ကုမ္ပဏီ၏မြီရှင်များကို ခွဲဝေပေးပြီးနောက် ပိုလျှံပါက ရပိုင်ခွင့်ရှိသူများအား ခွဲဝေပေးရန်ဖြစ်သည်။

*စာမျက်နှာ ၂၃ သို့*

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မိုင်းဆတ်မြို့၌ အချိန်အခါမဟုတ် မိုးသက်လေပြင်းတိုက်ခတ် ဌာနဆိုင်ရာရုံးနှင့် နေအိမ်အချို့ ထိခိုက်ပျက်စီး




**မိုင်းဆတ် ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့၌ ယမန်နေ့ည ၉ နာရီက အချိန်အခါမဟုတ် မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ဌာနဆိုင်ရာရုံးနှင့် နေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မယ်ဆွမ်မြောက်ရပ်ကွက်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး မျက်နှာစာတံခါးချပ်များ ပျက်စီးခြင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနရုံးရှေ့ ဆိုင်းဘုတ်ပျက်စီးခြင်း၊ ဓာတ်တိုင် ၁၀ တိုင်နှင့် MPT ဆက်သွယ်ရေးတိုင် လေးတိုင် ပြိုလဲခြင်း၊ အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်း ရုံးခန်းနှင့် ရေစင်အမိုးလန်ပျက်စီးခြင်း၊ မယ်ဆွမ်မြောက်ရပ်ကွက်မှ နေအိမ်အချို့နှင့် မြို့မဈေး အမိုးလန်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါ ပျက်စီးမှုအခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဆောင်ရွက်လျက်ရှိသည်။ **မြင့်မောင်(မိုင်းဆတ်)**

*စာမျက်နှာ ၂၂ မှ*

**ကုမ္ပဏီဖျက်သိမ်းခြင်းမပြုမီ နောက်ဆုံး အစည်းအဝေး။** ။ ကုမ္ပဏီ၏ကိစ္စရပ်များအား အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မည်သို့ ဆောင်ရွက်ခဲ့သည်နှင့် ကုမ္ပဏီ၏ပစ္စည်းကို မည်သို့အပြီးသတ်စီမံခန့်ခွဲခဲ့သည်ကို ဖော်ပြသည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စာရင်းကို ပြုစုပြီးနောက် ရှင်းလင်းတင်ပြရန် ကုမ္ပဏီ၏မြီရှင်များ အစည်းအဝေး သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်ပါက ကုမ္ပဏီတွင် ပါဝင်သူများ၏ အစည်းအဝေးကို လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁(က) အရ ခေါ်ယူကျင်းပရမည်။

**ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းခြင်းနှင့် ကုမ္ပဏီအားပြန်လည်တည်ရှိစေခြင်း။** ။လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၁၂(က) သည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မှတ်ပုံတင်အရာရှိထံ ပုဒ်မ ၂၁၁ ပုဒ်မခွဲ(ခ) တွင် ပြဋ္ဌာန်းပါရှိသည့် အချက်အလက်များ ပေးပို့သည့်ကိစ္စနှင့် သက်ဆိုင်စေရမည်ဖြစ်သည်။

အထက်ပါပုဒ်မအရ ပေးပို့သော အချက်အလက်များရရှိသည်နှင့် တစ်ပြိုင်နက် မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရမည်။ ထိုသို့ မှတ်ပုံတင်ပြီးသည့်နေ့မှ ၃ လ ပြည့်မြောက်သည့်နေ့တွင် ကုမ္ပဏီသည် အပြီးသတ်ဖျက်သိမ်းပြီးဖြစ်သည်ဟု ယင်းဥပဒေပုဒ်မ ၂၁၂(ခ) အရ မှတ်ယူရမည်လည်းဖြစ်သည်။

သို့သော် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကဖြစ်စေ၊ အကျိုးသက်ဆိုင်သူဟု တရားရုံးက ထင်မြင်ယူဆသူကဖြစ်စေ လျှောက်ထားလာပါက တရားရုံးသည် ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းမည့်ရက်ကို ရွှေ့ဆိုင်းရန် လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၂၁၂(ဂ) အရ အမိန့်ချမှတ်နိုင်သည်။

အခြားအကျိုးသက်ဆိုင်သူမှ လျှောက်ထားလာပါက တရားရုံးသည် ကုမ္ပဏီမှတ်ပုံတင်ရုံးတွင် အပြီးသတ် ဖျက်သိမ်းပြီးဖြစ်သည့် ကုမ္ပဏီအား ပြန်လည်အသက်သွင်းသည့် အမိန့်ကို သင့်လျော်သည့် စည်းကမ်းချက်များ သတ်မှတ်လျက် ချမှတ်နိုင်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုလည်း လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၂၁၂(ဃ)အရ ခန့်ထားနိုင်သည်။

**အလုပ်အကိုင်များတည်မြဲစေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးခြင်း။** ။ နိုင်ငံတော်၏ ဥပဒေစနစ်နှင့် ကူးသန်းရောင်းဝယ်ရေးစနစ်များအကြား လိုက်လျောညီထွေဖြစ်စေရန်၊ နိုင်ငံတော်အတွင်း လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းပြုနိုင်ရန်အတွက် ထိရောက် လွယ်ကူသော စနစ်တစ်ရပ်ရှိစေရန်နှင့် ယင်းစနစ်အား ထိရောက်စွာ အကောင်အထည်ဖော်ရန် ကျွမ်းကျင်သော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ပေါ်ပေါက်လာစေရန်၊ နိုင်ငံတော်အတွင်း လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ကြိုတင်ခန့်မှန်း သိရှိနိုင်ပြီး သင့်တင့်မျှတသောရလဒ်များရရှိစေရန်၊ လူမွဲမှုခင်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာနှင့် ဘက်လိုက်ခြင်းကင်းစွာ ဖြေရှင်းဆောင်ရွက်နိုင်စေရန်၊ အလားအလာရှိသော စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် နိုင်ငံတော်အတွင်းရှိ မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ငွေကြေးအခက်အခဲကြုံတွေ့ရသည့်အခါ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူများပေးခြင်း၊ ထိုမှတစ်ဆင့် လုပ်ငန်းများ ပြန်လည်ရှင်သန်စေပြီး အလုပ်အကိုင်များ တည်မြဲစေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ပေးရန်၊ အလားအလာမကောင်းသော စီးပွားရေးလုပ်ငန်းများအတွက် ထိရောက်လွယ်ကူသော စာရင်းရှင်းလင်းဖျက်သိမ်းခြင်းလုပ်ငန်းစဉ်ရှိစေရန်နှင့် ထိုသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် စီးပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှုတန်ဖိုးများကို အတတ်နိုင်ဆုံးမြှင့်တင်နိုင်စေရန် ဆောင်ရွက်ခြင်းဖြင့် မြီရှင်များမှ ငွေကြေးအများဆုံးပြန်လည်ရရှိစေရန်၊ အခြေအနေတူသည့်မြီရှင်များအကြား သာတူညီမျှဖြစ်စေရန်၊ လူမွဲခံယူသည့်စနစ်ကို အလွဲသုံးစားပြုခြင်းမှတားဆီးရန်၊ နယ်စပ်ဖြတ်ကျော် လူမွဲခံယူခြင်းမူဘောင်ကို တည်ထောင်ပေးခြင်းအားဖြင့် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်စွမ်းအား အထောက်အကူဖြစ်စေရန် ရည်ရွယ်သည့် ပြဋ္ဌာန်းချက်များဖြစ်၍ အလွယ်တကူလေ့လာနိုင်ရန် ကောက်နုတ်တင်ပြအပ်ပါသည်။ ။

# နှစ်နိုင်ငံချစ်ကြည်ရေးအဖြစ် ရရှိထားသည့် ရုရှားသမ္မတနိုင်ငံမှ Sputnik Light ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၀

**ရုရှားသမ္မတနိုင်ငံမှ နှစ်နိုင်ငံချစ်ကြည်မှုအရ လှူဒါန်းခြင်းနှင့် ဝယ်ယူခြင်းမှ ရရှိထားသည့် Sputnik Light ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ၊ ရွှေပြည်သာနှင့် အင်းစိန်မြို့နယ်တို့၌ ဇန်နဝါရီ ၁၈ ရက်က လူဦးရေ ၄၀၅၀ ကို စတင် ထိုးနှံပေးခဲ့ပြီး ဇန်နဝါရီ ၁၉ ရက်တွင် မင်္ဂလာဒုံ၊ လှိုင်သာယာ၊ အင်းစိန်၊ လှည်းကူး၊ မှော်ဘီ၊ ရွှေပြည်သာမြို့နယ်များတွင် လူဦးရေ ၇၅၄၉ ဦးကို ထိုးနှံပေးနိုင်ခဲ့သဖြင့် နှစ်ရက်တာ ကာလအတွင်း စုစုပေါင်း လူဦးရေ ၁၁၅၉၉ ဦးကို ထိုးနှံပေးနိုင်ခဲ့ပြီး ဆက်လက်ထိုးနှံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။**

ရုရှားသမ္မတနိုင်ငံမှ Sputnik Light ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် တစ်ကြိမ်သာထိုးနှံရန် လိုအပ်ပြီး ရောဂါကာကွယ်မှုနှုန်း ကောင်းမွန်သည့် ကာကွယ်ဆေး ဖြစ်သည့်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလွှမ်းခြုံမှုကို အချိန်တိုအတွင်း မြင့်မားစွာရရှိစေနိုင်၍ ယင်းကာကွယ်ဆေးကို အလှည့်ကျထိုးနှံခွင့်ရရှိသူ မိဘပြည်သူများအနေဖြင့် မပျက်မကွက် ထိုးနှံမှုခံယူသင့်သည့် ကာကွယ်ဆေးဖြစ်သည်။ ဆက်လက်၍ Sputnik Light ကာကွယ်ဆေးများကို အအေးလမ်းကြောင်းမပြတ် သယ်ယူပို့ဆောင်၍ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် အခြား တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကာကွယ်ဆေးလွှမ်းခြုံမှု နည်းပါးသည့် မြို့နယ်များတွင် ဆက်လက်ထိုးနှံပေးမည် ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည်ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အားသွန်ခွန်စိုက် ကျယ်ပြန့်စွာ ထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၉ ရက်အထိ လူဦးရေ ၁၇ ဒသမ ၉၈ သန်းကို အကြိမ်ပြည့်ထိုးနှံပေးခဲ့၍ ၃ ဒသမ ၆ သန်းကို တစ်ကြိမ် ထိုးနှံပေးခဲ့ပြီးဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်နှင့်အထက် ထိုးနှံပြီးသူ ၂၁ ဒသမ ၅၈ သန်းခန့်ရှိပြီဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း ၃၉ ဒသမ ၅၆ သန်း doses ကို ထိုးနှံပြီးဖြစ်သည်။

မိဘပြည်သူများအနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့် ထိုးနှံမှုခံယူခြင်း၊ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှု ရရှိထားသူများအနေဖြင့်လည်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုကို သတ်မှတ်ရက်တွင် (သို့မဟုတ်) အနီးဆုံးသတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ **သတင်းစဉ်**



# အင်းစိန်မြို့နယ်၌ ပြည်သူ ၅၀၀ နီးပါးအတွက် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ရပ်ကွက်နေပြည်သူ ၄၉၁ ဦးအတွက် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို စော်ဘွားကြီးကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၁၈ ရက်က ပေးအပ်သည်။

ထိုသို့ပေးအပ်ရာတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လဝကဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်က နိုင်ငံသားစိစစ်ရေးကတ်ပြား အရေးပါပုံနှင့် ပန်းခင်းစီမံချက်အကြောင်းများကို ရှင်းလင်းပြောကြားပြီး စော်ဘွားကြီးကုန်းရပ်ကွက်နေ ပြည်သူ ၄၉၁ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်များကို ပေးအပ်ခဲ့ကာ မြို့နယ်လဝကဦးစီးမှူး ဦးညီညီစိုးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၁ ခုနေ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေး ကတ်များ ကွင်းဆင်းပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ **ခွဲထက်ကို (ပြန်/ဆက်)**


## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ ဒုအရာခံဗိုလ်ခင်မောင်ရင် (ကိုယ်ပိုင်အမှတ် ၅၁၉၇၈၇) ၁၂/လကန (နိုင်)၀၁၄၉၀၉ (ဘ)ဦးအေးမောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(B) ၃၀၁ အမည်ပေါက် (ကွယ်လွန်)၏တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ဌေးဝင်း ၁၂/လကန (နိုင်)၀၁၄၉၀၈ (ဘ) ဦးစံတင်မှ တရားဝင်အမွေခံဇနီး ဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ အမည်ပေါက်၏ သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး၊ ဆောင်းသဇင်လမ်းနေ ဒေါ်ဆုလဲ့နေခြည်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မြောက်လားသော်-လမ်း၊ တောင်လားသော်- ဓာတ်တော်ချိုင့် ရေတံခွန်သို့ သွားသောလမ်း၊ အရှေ့လားသော်-မီးရထားလမ်း၊ အနောက်လားသော်-ဦးပိုင်အမှတ်(၂၄)တွင်တည်ရှိသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ဆင်ခေါင်းကြီးကျေးရွာအုပ်စု၊ ဓာတ်တော်ကွင်း၊ ကွင်းအမှတ်(၆၅၉/ခ)၊ ဦးပိုင်အမှတ်(၂၅)၊ မြေဧရိယာ(၁ဒသမ၅၀)ကေရှိမြေ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဒေါ်ဝင်းဝင်းမှ ကောက်ကြီးခွန် အမည်ပေါက်ခဲ့ပါသည်။ ဒေါ်ဝင်းဝင်းမှ ဒေါ်မေသန့်ခိုင်က လွှဲပြောင်းရယူခဲ့ပြီး မြေစာရင်းပုံစံ (၁၀၅) အမည်ပေါက် ပိုင်ဆိုင်ပါသည်။ ဒေါ်မေသန့်ခိုင်ထံမှ ဦးစိုးဝင်းသည်လည်းကောင်း၊ ဦးစိုးဝင်းထံမှ ဦးကုမာရ/ဦးဝါယမ သည်လည်းကောင်း၊ ဦးဝါယမထံမှ ဒေါ်ခင်မြမြထွန်းသည်လည်းကောင်း အဆင့်ဆင့်လွှဲပြောင်းရယူခဲ့ပြီး ဒေါ်ခင်မြမြထွန်းသည် လက်ရှိထားပိုင်ဆိုင်သော မြေဖြစ်ပါသည်။ ပိုင်ရှင် ဒေါ်ခင်မြမြထွန်း ကိုယ်တိုင်က တာဝန်ခံရောင်းချသောကြောင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဆုလဲ့နေခြည်မှ စရန်ငွေ အချို့တစ်ဝက်ပေးချေပြီး ရောင်းချထားသောမြေကို လက်ရောက်ရယူ၍ ဝယ်ယူထားပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဆုလဲ့နေခြည်မှ အရောင်းအဝယ်ကိစ္စအား ဆက်လက်ငွေပေးချေမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်း မူရင်းများ၊ တရားရုံး တားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဆုလဲ့နေခြည်ထံသို့ ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုလဲ့နေခြည်က ငွေအပြီးပေးချေကာ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဆုလဲ့နေခြည်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သာ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၅၀)
အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၇၉၂၀၄၅၈၇၅၊၀၉-၇၈၂၀၄၅၈၇၅

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/29300 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင်ထွန်း ၉/ပဘန(နိုင်)၁၆၅၈၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

## ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အလက(ခွဲ)၊ ရတနာဒီပအဌမတန်း၌ ပညာသင်ယူလျက်ရှိသော မောင်ဇော်မင်းထက်နှင့် ဆဌမတန်းတွင် ပညာသင်ယူလျက်ရှိသော မောင်ဉာဏ်လင်းထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းမင်းသူ ဖြစ်ပါကြောင်း။

**ဦးစိုင်းမင်းသူ**
**၁၁/နဆန(ဧည့်)၀၀၀၃၆၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/5626, Toyota Wish ZNE10, Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကြည်မြင့် ၁၂/မဘန(နိုင်)၁၀၉၉၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

ဇီဝမျိုးစုံမျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4N/2058 အမည်ပေါက်သူ ဦးတင်အောင်မိုး ၁၂/မရက(နိုင်)၁၂၀၆၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် (၃၃) ကမာကြည်လမ်း၊ (၂၉)ရပ်ကွက်နေ ဗိုလ်မှူးခင်မောင်သန်း ၁၂/မဂဒ(နိုင်)၀၃၀၅၄၂ အမည်ဖြင့် ပဲခူးမြို့နယ်၊ ဝါးမရမ်းကျေးရွာနှင့် ဘူးလယ်အင်းကျေးရွာကွင်းအမှတ်-၁၁၇၆၊ ကွင်းအမည်-နောင်ရိုး + နဂုတ်ကြီးကွင်းရှိ မြေဧရိယာ ၁၁၈.၀၃ကေအား (၂၀၂၀ ပြည့်နှစ်မှ ၂၀၃၂ခုနှစ်)အထိ နှစ် ၃၀ လုပ်ပိုင်ခွင့်ပြုမိန့်ရရှိခဲ့သည့် စာရွက်မူရင်းပျောက်ဆုံးသွားပါသဖြင့်(မိတ္တူမှန်) လျှောက်ထားမည်ဖြစ်ပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့် ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးမိုးသူရမောင် ၁၂/သဃက(နိုင်)၁၅၅၄၆၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၉၀၂၇ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၅/ငဇန(နိုင်)၀၅၅၁၁၂ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(မြစ်ကြီးနား)**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၃-၆-၂၀၂၀ ရက်စွဲဖြင့် ကျွန်တော် ဦးကင်ရှန်းငွမ်ဂျာနော် ၁/မကန(နိုင်) ၀၈၁၆၂၀(ဘ) ဦးကင်ရှန်းလမှ ဦးမြင့်လွင် ၁/မကန(နိုင်)၁၃၉၇၅၀ (ဘ)ဦးကျန်ဝင်းချိုင့်အား လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲ စာ (၁၃၆/၂၀၂၀) အား ၂၀-၁-၂၀၂၂ရက်မှစ၍ ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဦးကင်ရှန်းငွမ်ဂျာနော် ၁/မကန(နိုင်)၀၈၁၆၂၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၁)၊ ဦးပိုင်အမှတ် (၃၄/၁-၁+၃၄/၁-၂+၃၄/၁-၃+၃၄/ ၁-၄+၃၄/၁-၅+၃၄/၁-၆+၃၄/၁-၇)၊ မြေဧရိယာ(၄ဒသမ ၀၇၄) ဧကရှိ မြေကွက်ကို မူလက ဦးယွပ်ဇော်ခေါင်အမည်ဖြင့် မြေခွန်ပြေစာ အမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး၊ (၁၆-၁-၂၀၁၈)ရက်တွင် ဦးယွပ်ဇော်ခေါင်မှ (K.B.C)ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်အောက်ရှိ နောင်းပုံနှစ်ခြင်းခရစ်ယာန် အသင်းတော်သို့ မေတ္တာဖြင့် ပေးကမ်းလှူဒါန်းခဲ့ပြီး၊ နောင်းပုံနှစ်ခြင်းခရစ်ယာန်အသင်းတော်အမည်ဖြင့် အခွန်လွတ် သာသနာ့မြေဂရန် ရရှိရေးအတွက် (၄-၁၀-၂၀၂၁)ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ်(၂၆၇/၂၀၂၁)ကို(၆-၁၀-၂၀၂၁)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၈၉/၂၀၂၁)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း၊ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၉/၁၁၊ တာပူ)၊ ဦးပိုင်အမှတ်(၁၈/က)၊ မြေဧ ရိယာ(၀ဒသမ၂၃၇)ကေရှိ မြေကွက်အား မူလက ဒေါ်ဇယ်နန်းအမည်ဖြင့် (၂၈-၁၂-၂၀၄၅)အထိ မြေငှားဂရန် နှစ် (၃၀) ရရှိခဲ့ပါသည်။ အဆိုပါမြေကွက်အား ဒေါ်ဇယ်နန်း၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးအောင်ကျော်ကျော်မှ တရားဝင်စာချုပ်ဖြင့် ဒေါ်ချိုချိုဝေထံသို့ ဦးပိုင်အမှတ်(၁၀/၃)၊ မြေဧရိယာ (၀ဒသမ၆၆၅)ကေရှိ မြေကွက်အစိတ်အပိုင်းအား မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာန၏ (၃-၆-၂၀၂၁)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၉၁/၂၀၂၁)အရ အိမ်ခြံမြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချခဲ့ပါသည်။ ယခုအခါ ဒေါ်ချိုချိုဝေ ၁/မကန(နိုင်)၀၀၀၂၆၄မှ (အမည်ပြောင်း)မြေငှားဂရန်လျှောက်ထားလာမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၂၀၊ မြို့သစ်အရှေ့)၊ ဦးပိုင်အမှတ် (၂၉၅/၂)၊ မြေဧရိယာ ၀ဒသမ၁၁၉ကေရှိ မြေကွက် အစိတ်အပိုင်းအား မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာန၏ ၂၉-၁-၂၀၂၁ ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၃၅/၂၀၂၁)အရ အိမ်ခြံမြေကွက် အရောင်းအဝယ်စာချုပ်ဖြင့် ဦးကျန်အင်ထီ(ခ)တင်ထွန်း၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးကျန်အင်ရင်ကလည်းကောင်း၊ ကွင်း/အကွက်အမှတ် (၂၁၊ မြို့သစ်အနောက်)၊ ဦးပိုင်အမှတ် (၁၃၆)၊ မြေဧရိယာ ၀ဒသမ၂၃၃ကေရှိ မြေကွက်အစိတ်အပိုင်းအား မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာန၏ ၁၈-၆-၂၀၂၂ရက်စွဲပါစာချုပ် မှတ်ပုံတင်အမှတ် (၁၆၁/၂၀၂၀)အရ အိမ်ခြံမြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ဦးကျန်အင်ထီ(ခ) တင်ထွန်း၏ အထူးကိုယ်စားလှယ် ရရှိသူ AUNG KYAW KYAW မှ တရားဝင်စာချုပ်ဖြင့် လည်းကောင်း၊ ဒေါ်ချိုချိုဝေထံသို့ ရောင်းချခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက် နှစ်ကွက်၊ ဦးပိုင် (၁၃၆+၂၉၅/၂)၊ ဧရိယာ ၀ဒသမ၃၅၂ကေအား ဒေါ်ချိုချိုဝေ ၁/မကန (နိုင်)၀၀၀၂၆၄မှ (အမည်ပြောင်း)မြေငှားဂရန် လျှောက်ထားလာမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ကောလိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၉၆၆၃၅ Canda-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဌေးဦး ၁၂/ဒဂတ(နိုင်)၀၄၅၅၇၉ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

**ဖခင်နှင့် မိခင်အမည်မှန်**

မိတ္ထီလာမြို့နယ်၊ အလက၊ ကျားထူး G-6 မှ မောင်ရဲသူအောင်၏ ဖခင်အမည်မှန်မှာ ဦးနေလင်းထွန်း ၉/မထလ(နိုင်) ၂၃၁၇၈၈နှင့် မိခင်အမည်မှန်မှာ ဒေါ်ခင်ဇာဇာလှိုင် ၉/မထလ(နိုင်)၂၈၇၁၈၉ ဖြစ်ပါကြောင်း။

**ဦးနေလင်းထွန်း-ဒေါ်ခင်ဇာဇာလှိုင်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် ဖားပျောက်ကျေးရွာ အလက(ဖားပျောက်) သတ္တမတန်းမှ မနန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းနိုင် ၁၄/မအပ(နိုင်) ၁၅၀၀၆၆ ဖြစ်ပါကြောင်း။

**ဦးဇော်ဝင်းနိုင်**

## ဖခင်အမည်မှန်

ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့၊ အခြေခံပညာအထက်တန်းကျောင်းမှ မလှိုင်လှိုင်စိုး၏ဖခင်အမည်မှန်မှာ ဦးဝင်းဌေး ၆/ကသန(နိုင်) ၁၂၈၉၅၆ ဖြစ်ပါကြောင်း။

**ဦးဝင်းဌေး(ခမောက်ကြီးမြို့)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (ဒ-၆၁၀၅၊ ၆၁၀၆)၊ မြေဧရိယာ ၀ဒသမ၁၁၀ ဧကရှိ ဦးသန်းဌေး (ဘ)ဦးချစ်မောင် ၇/တငန(နိုင်)၀၅၈၆၁၄ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေ ကွက်ကို မြေငှားစာချုပ်(မူရင်း)တင်ပြ၍ ဒေါ်ယဉ်နွယ်စော (ဘ)ဦးစောလှ ၁/ဗမန(နိုင်)၀၅၅၇၆၆နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက် အမှတ်(၁၂၉၀)၊ ဧရိယာ ၀ဒသမ ၀၈၂ ဧကရှိ ဒေါ်အုန်းမြင့် အမည်ပေါက် ပါမစ်မြေကွက်အား ဦးပြည့်ဖြိုးအောင်၊ ဒေါ်မိုင်ဆွေငြိမ်းသွယ် (ဘ)ဦးအောင်လွင်၊ ဦးသိန်းဆွေ ၉/ပမန(နိုင်)၂၀၁၀၃၈၊ ၉/ပမန(နိုင်)၁၇၅၄၆၀မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ် စည်ပင်သာယာတရားရုံး ကျမ်းကျိန်လွှာအမှတ် (၂၀၉၃/၂၀၂၁)နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## အမည်မှန်နှင့် မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၄) ဒသမတန်း(စနစ်သစ်)(A1)မှ မယမင်းရွှေဇင် ၏အမည်မှန်မှာ မယမင်းရွှေစင်ဖြစ်ပြီး ၎င်း၏ မိဘအမည်မှန်မှာ ဦးကေဆိုင်း(ခ)ဦးဆိုင်းထက်အောင် ၁/တနန(နိုင်)၀၀၉၉၁၆နှင့်ဒေါ်မို့မို့သိဏ်း ၁၂/အလန(နိုင်) ၀၁၉၈၁၃ ဖြစ်ပါကြောင်း။

## အမည်မှန်

ဝိုင်းမော်မြို့၊ ဝူယန်ကျေးရွာ ရွာမရပ်ကွက် နယ်မြေ(၂)နေ ဦးခေါယော် ၁/ဝမန(နိုင်) ၀၀၅၇၂၅၏သမီး မယော်ဆွေ၏ အမည်မှန်မှာ မယော်ဇွေ ၁/ဝမန(နိုင်) ၀၉၁၂၉၁ ဖြစ်ပါကြောင်း။

## စာအုပ် စာပေ လှူ့မိတ်ဆွေ

## အိတ်ဖွင့်တင်ဒါအမှတ်စဉ် - ၃/၂၀၂၂ ခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ အောက်ပါသတ္တု ပစ္စည်းများကို မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

(က) Smelter Slag (၅၀၀၀၀) မက်ထရစ်တန်
(1) Lot လျှင် (၁၀၀၀၀)တန်စီဖြင့် (5)Lot နမ္မတူသတ္တုတွင်း၊ နမ္မတူမြို့
(ခ) ဂေါဒန်ကျောက် ၄၆၀၀ မက်ထရစ်တန် မောက်မယ်မြို့
(ဂ) ကျောက်မီးသွေးကို ဆင့်တက်ပြုပြင် ရန်ကုန်မြို့
၁၄၇.၆ မက်ထရစ်တန်
ထားသော Coke (Coking Coal)

၂။ တင်ဒါပိတ်ရက်မှာ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ရက် ၁၄:၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို နေပြည်တော်၊ ရုံးအမှတ်(၁၉)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ ဝယ်ယူရေးနှင့် ထောက်ပံ့ရေးဌာနခွဲ၊ ဖုန်း-၀၆၇-၃၄၀၉၁၆၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမှတ် (၁) သတ္တုတွင်းလုပ်ငန်း**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဒေါ်နွဲ့နွဲ့အေး ၁၂/ဗဟန(နိုင်) ၀၂၈၃၉၃(ဘ)ဦးသိန်းဟန် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက် အမှတ်(ပ-၃၂၃၈၇)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၂၃/၂၀၂၁(၁၅-၁၁-၂၀၂၁) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးထွန်းမင်းအောင် ၂/ဘလခ(နိုင်)၀၀၂၉၉၀(ဘ)ဦးထွန်းလှရွှေမှ ဒေါ်ဝေဝေခင် ၉/ခအဇ(နိုင်) ၀၀၆၃၇၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ပဲခူးမြို့၊ ညောင်ဝိုင်းမြောက်ပိုင်းရပ်ကွက်၊ အကွက်အမှတ် (၉)၊ အကွက်အမည် ညောင်ဝိုင်းအလယ်ရပ်၊ ဦးပိုင်အမှတ် (၄၅)၊ ဧရိယာ ၀ဒသမ၀၈၀ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | သွန်းဘုရားကြီးရပ် |
| (ခ) | အနောက်လားသော် | - | ညောင်ဝိုင်းအလယ်လမ်း |
| (ဂ) | တောင်လားသော် | - | ဦးပိုင်အမှတ် (၄၆A) |
| (ဃ) | မြောက်လားသော် | - | ဦးပိုင်အမှတ် (၄၄) |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးထိုက်အောင်မှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေး ထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁၁-၂-၂၀၂၂)ရက်မတိုင်မီဆိုင်ရာ စာရွက်အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာ လိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီးလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**ပဲခူးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံးတော်၌
## ၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ် -၅၄

| | | |
|---|---|---|
| ဦးပိုင်စိုး | နှင့် | ဦးချစ်စိန် |
| တရားလို | | တရားပြိုင် |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ(၃)လမ်း၊ အမှတ်(၇၇)နေ ဦးချစ်စိန် (ယခုနေရပ် လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းမြေနှင့် အိမ်အရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲ ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဇန်နဝါရီ ၃၁ရက် (၁၃၈၃ခုနှစ် ပြာသိုလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသရီမြင့်ဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ ပြည်တော်အေးဘုရားလမ်း၊ ဟသ်ာကုန်းနေ ဦးအေးမြင့် ၇/ပခန(နိုင်)၀၅၂၃၈၀နှင့် ဒေါ်ရီရီဝင်း ၇/ပခန(နိုင်) ၀၅၂၃၅၆တို့၏သမီး မမျိုးသန္တာအောင် ၇/ပခန(နိုင်)၂၄၇၂၀၁သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှု မနာခံခြင်း၊ မိဘများနှင့် မိသားစုဝင်များကို စိတ်ဆင်းရဲအောင်နှင့် ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းတို့ကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မမျိုးသန္တာအောင်နှင့်ပတ်သက်သည့် ကိစ္စအဝဝအား မိဘဆွေမျိုးများမှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးအေးမြင့်-ဒေါ်ရီရီဝင်း တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပပဦး (LL.B), (စဉ်-၁၀၉၃၉)၊ တရားလွှတ်တော်ရှေ့နေ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း လက်အောက်ရှိ ချည်မျှင်ထုတ်လုပ်သည့် စက်ရုံများတွင် ချည်မျှင်ညိုများ ထုတ်လုပ်ရန်အတွက် လိုအပ်သော ချည်မျှင်ရှည်ဝါဂွမ်း(A)အဆင့် (၃၀၀၀၀၀)ပိဿာနှင့် ချည်မျှင်ရှည်ဝါဂွမ်း(C)အဆင့် (၂၀၀၀၀၀)ပိဿာတို့ အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါအမှတ် | - | ၀၇/ဝါဂွမ်းကုန်ကြမ်း / ၂၀၂၁-၂၀၂၂ |
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၂၅-၁-၂၀၂၂ရက် (အင်္ဂါနေ့) |
| တင်ဒါပိတ်ရက် | - | ၂၄-၂-၂၀၂၂ရက်(ကြာသပတေးနေ့) |

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းနိုင်ပါသည်-

ထုတ်လုပ်ရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၈၁၃၈၊ ၀၆၇-၄၀၈၄၃၉၊ ၀၆၇-၄၀၈၄၉၂

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာ အိမ်ရာ၊ အခန်း(၄၀၁)၊ B6၊ (၄)လွှာ ၊ စတုတ္ထထပ်ရှိ ရေမီးစုံကွန်ဒိုတိုက်ခန်းတစ်ခန်း အပါအဝင်နှင့်ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားပိုင်ခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်တင့်တင့်လွင် ၁၂/ကမရ(နိုင်) ၀၀၁၂၃၈ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်ဖြိုး ၁၃/ကလန(နိုင်) ၀၇၅၃၀၃က နှစ်ဦးသဘောတူကွန်ဒိုတိုက်ခန်း အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ကိုချုပ်ဆိုဝယ်ယူကာ လက်ရောက်ရယူနေထိုင်လျက်ရှိသည့် တိုက်ခန်းဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါကွန်ဒိုတိုက်ခန်းမှာ လက်ရှိတွင် ဦးအောင်ကျော်ဖြိုး နေထိုင်ပိုင်ဆိုင်လျက်ရှိသော ကွန်ဒိုတိုက်ခန်းဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစန်းမင်းဦး** | **ဒေါ်ခိုင်စုဝေ(ခ)ဒေါ်ငုဝါဝါလွင်** |
| **အထက်တန်းရှေ့နေ(စဉ်-၅၁၅၃၁)** | **အထက်တန်းရှေ့နေ(စဉ်-၅၁၈၂၂)** |

**အခန်း(၄၀၁)၊ B6၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**LL.B Group Myanmar Law Firm .**
**ဖုန်း-၀၉-၄၁၀၀၈၆၉၅၊ ၀၉-၂၅၈၀၀၁၇၉၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## လားရှိုးခရိုင်တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၃၃

| | | |
|---|---|---|
| ဒေါ်နန်းအုန်းခင် | နှင့် | ၁။ ဒေါ်နန်းဆွေအောင် |
| တရားလို | | တရားပြိုင် |

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ အုပ်စု(၁)နေ ဒေါ်နန်းဆွေအောင် (ယခုနေလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်နန်းအုန်းခင်က မူရင်းချေးယူငွေကျပ် (၅၀၀၀၀၀၀၀ိ/-)(ငွေကျပ်သိန်းငါးရာတိတိ)နှင့် နစ်နာကြေးငွေကျပ် (၁၀၀၀၀၀၀၀ိ/-)(ငွေကျပ်သိန်းတစ်ရာတိတိ)၊ စုစုပေါင်းငွေကျပ်သိန်း (၆၀၀၀၀၀၀၀ိ/-)(ငွေကျပ်သိန်းခြောက်ရာ တိတိ)ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ရက် (၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက် ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

